# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ကြာသပတေးနေ့၊ (11-2-2016) (၈၄၇၃)


## နိုင်ငံတော်သမ္မတဦးသိန်းစိန် အီရန်နိုင်ငံ၏ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ့်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီရန်အစ္စလာမ့်သမ္မတနိုင်ငံ သမ္မတ မစ္စတာဟတ်ဆန်ရိုဟာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### ထူးခြားသည့် ညအပူချိန်များ

ပင်လောင်းမြို့
၄ ဒီဂရီစင်တီဂရိတ်

နမ့်ဆန်မြို့
၅ ဒီဂရီစင်တီဂရိတ်

လွိုင်လင်မြို့
၅ ဒီဂရီစင်တီဂရိတ်

မိုင်းဆတ်မြို့
၆ ဒီဂရီစင်တီဂရိတ်

# ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများ ဖွဲ့စည်းရန်လျာထား ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းမှု အတည်ပြု

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စာမျက်နှာ » ၇

## ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် နမ့်ဆန်မီးလောင်ပြင်အား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

စာမျက်နှာ » ၃



## ရခိုင်ရိုးရာဗလေ့ ပျော်မွေ့ဖွယ်ရာ

စာမျက်နှာ » ၅

## ချိုးမြှင့်ထိုက်သူကို သင်္ဂဟတရားနှင့်အညီ ချီးမြှင့်ခြင်းသည် ကောင်းမြတ်သည့် မင်္ဂလာတစ်ပါးဖြစ်

စာမျက်နှာ » ၁၀

# နေ့စဉ်ရေဂါလန် သန်း ၉၀ အားဖြည့်ပေးဝေနေသည့် ငမိုးရိပ်ရေသန့်စင်စက်ရုံ(ညောင်နှစ်ပင်)

**သတင်းဆောင်းပါး - စိုးစိုးနိုင်(ကြေးမုံ)**
**ဓာတ်ပုံ - မြို့တော်စောသိန်းဝင်း**

အဆက်မပြတ် တိုးတက်များပြားလာသော ရန်ကုန်မြို့ လူဦးရေအတွက် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိစေရန် ၂၀၀၅ ခုနှစ်တွင် ငမိုးရိပ်ဆည်မှ ရေရယူသန့်စင်ကာ တစ်နေ့လျှင် ရေဂါလန်သန်း ၉၀ ပေးဝေနိုင်မည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ငမိုးရိပ်ရေလှောင်ကန်ကြီးကို မြစ်ရေလျှံခြင်းမှ ထိန်းသိမ်းကာကွယ်ရေး၊ စိုက်ပျိုးသီးနှံဧက ပိုမိုတိုးချဲ့ရေး၊ နွေစပါးများ စိုက်ပျိုးနိုင်ရေးနှင့် ရန်ကုန်မြို့တော်သို့ နေ့စဉ် ရေဂါလန် သန်း ၉၀ ပေးဝေနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် ၁၉၉၂ ခုနှစ်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီးတွင် တည်ဆောက်ခဲ့ရာ ၁၉၉၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ငမိုးရိပ်ရေလှောင်ကန်မှ ရေခေါ်တူးမြောင်းဖြင့် ငမိုးရိပ်ရေသန့်စင်စက်ရုံသို့ ရေဂါလန်သန်း ၉၀ ကို နေ့စဉ်ပေးပို့သည်။

ငမိုးရိပ်ရေသန့်စင်စက်ရုံ (ညောင်နှစ်ပင်)ကို လှည်းကူးမြို့နယ် အထရကျေးရွာအနီးတွင် တည်ဆောက်ခဲ့ပြီး ဧရိယာမှာ ၂၆၈ ဒသမ ၈ ဧကကျယ်ဝန်းသည်။ အဆိုပါစက်ရုံကို


**စာမျက်နှာ ၃ ကော်လံ ၁ သို့**



ရန်ကုန်(မြောက်ပိုင်း)ခရိုင် လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေသန့်စင်စက်ရုံ (ညောင်နှစ်ပင်)ကို တွေ့ရစဉ်။


SMART

အိမ်သစ်မှာ စမတ် ရိုလာ ခြင်စကာ တပ်မှ ခေတ်မှီပြီး စတိုင်လ်ကျမှာပေါ့...



ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။

သံချေးတက်ခြင်း ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား

ရန်ကုန် - 09 431 44178, 09 79222 8860, 01 450 962

မန္တလေး - 09 250 638 611, 09 798 797 917

ပြတင်း/တံခါး ဆိုဒ်မျိုးစုံတွင် အိမ်အရောက်တပ်ဆင်ပေးသည်။

“ အားကိုးစမ်းပါ...မှန်ဒေါက်တာ ”




ကားမှန် မျိုးစုံ ရပြီ။ 09 79820 4665

ရန်ကုန် - 09 4211 51119, 09 4500 54449

မန္တလေး - 09 250 638 611, 09 798 797 917

ကြေးမုံစာတည်းရှထောင့် — ၁၁-၂-၂၀၁၆၊ ကြာသပတေးနေ့

# တို့ဘိုးဘွားအမွေ ချစ်မြတ်နိုးလေ

ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ တည်နေရာအနေအထား၊ မြေမျက်နှာအသွင်အပြင်၊ ရာသီဥတု၊ စိုက်ပျိုးသီးနှံပင်တို့ကို မြန်မာနိုင်ငံသားအားလုံးသိပြီးဖြစ်မည်။ ထိုအရာတို့သည် မြန်မာပြည်သူများ စားဝတ်နေရေး၊ ကူးသန်းသွားလာရေးနှင့် အလုပ်အကိုင်ရရှိရေးတို့အတွက် မည်မျှအရေးပါသည်ကို စဉ်းစားဆင်ခြင်နိုင်ပါသည်။ သဘာဝအားဖြင့် ရေမြေကောင်းသည့်နေရာ၊ သစ်ပင်သီးနှံဖြစ်ထွန်းသည့်နေရာ၊ ဥတုသပ္ပါယ မျှတသည့်နေရာတို့ကိုသာ ရှာဖွေနေထိုင်ကြသည်။

ကျွန်ုပ်တို့ဘိုးဘွားဘီဘင်များ စတင်အခြေတည်စဉ်က ထိုသို့ရှာဖွေနေထိုင်ခဲ့ကြသည်ကို ယနေ့ထက်တိုင်မြင်တွေ့နိုင်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားဘိုးဘွားများသည် ဤကဲ့သို့သော အခြေအနေကောင်းမွန်သောနေရာများကို အပင်ပန်းအဆင်းရဲခံကာ ရှာဖွေထူထောင်နေထိုင်ခဲ့ကြောင်း သမိုင်းအထောက်အထားများ ရှိသည်။

အမှန်တွင် မြန်မာတိုင်းရင်းသားများ၏ မူရင်းနေထိုင်ရာဒေသမှာ အာရှတိုက်အလယ်ပိုင်း မွန်ဂိုကုန်းပြင်မြင့်ကြီးဖြစ်သည်။ ဘိုးဘွားတို့သည် ထိုကုန်းပြင်မြင့်ကြီးတွင် အနေကြာလာသော် လူဦးရေတိုးပွားခြင်း၊ အစားအစာခေါင်းပါးခြင်းတို့ဖြစ်လာခဲ့သည်ကို ယနေ့မွန်ဂိုကုန်းပြင်မြင့်ကြီးကိုကြည့်လျှင် သိနိုင်သည်။ ထိုအခါ ထိုဒေသမှအင်အားကြီးသူတို့က အင်အားနည်းသူတို့အပေါ် နိုင်ထက်စီးနင်းပြုမူခြင်းကြောင့် အချို့နေရင်းဒေသကိုခွာ၍ အဘက်ဘက်သို့ ဆင်းသက်လာခဲ့ကြသည်။

မြန်မာပြည်သား မူလကနဦးလူသားများသည် ပင်လယ်ထဲမှလာကြသူများမဟုတ်ချေ။ ကုန်းပြင်မြင့်မှ ဆင်းသက်လာကြသူများဖြစ်သည်။ အထက်တွင်ဆိုသည့်အတိုင်း ဟိုတစ်စု၊ သည်တစ်စု ထွက်ခွာလာကြသူများအနက် အချို့အချို့မှာ ယနေ့မြန်မာပြည်တည်းဟူသော မြောက်ဖျားမှ ဆင်းသက်လာကြသည်။ ဧရာဝတီမြစ်ကြောင်း၊ ချင်းတွင်းမြစ်ကြောင်း၊ သံလွင်မြစ်ကြောင်းတစ်လျှောက်ဆင်းသက်လာကြသလို အချို့အစုများမှာလည်း ဗြဟ္မပုတ္တရမြစ်ကြောင်း၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက်စုံဆင်းလာကြသည်။

ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်မြစ်ကြီးသုံးစင်းမှ ဆင်းသက်လာသူများမှာ မြန်မာနိုင်ငံအနှံ့သို့ပျံ့နှံ့ရောက်ရှိသည်။ အစုလိုက်၊ နေရာအလိုက် ရောက်ရှိပြီးသော် ရေမြေကောင်းသည့်နေရာ၊ သစ်ပင်သီးနှံဖြစ်ထွန်းသည့်နေရာ၊ ဥတုသပ္ပါယ မျှတသည့်နေရာတို့ကို ရွေးချယ်၍စတင်အခြေချနေထိုင်ကြသည်။ ယင်းသို့ရောက်ရှိအခြေစိုက်ရာတွင် မွန်ဂိုလူမျိုးကြီးမှဖြစ်စေ၊ အခြားလူမျိုးကြီးမှဖြစ်စေ မျိုးနွယ်တစ်ခုတည်းသာဖြစ်သည်။

မျိုးနွယ်တစ်ခုတည်းမှ မြန်မာပြည်ဟုခေါ်သောနေရာသို့ဆင်းသက်လာကြရာ၌ ထွက်ခွာလာခဲ့သည့်အချိန်၊ ရောက်ရှိသည့်နေရာဌာန၊ အပူအအေး၊ ဥတုသပ္ပါယစသည့် သဘာဝနှင့် ပတ်ဝန်းကျင်အခြေအနေများ မတူညီမှုကြောင့် အသွေးအရောင်၊ အဝတ်အစား၊ အလုပ်အကိုင်၊ အနေအထိုင်စသည်တို့ခြားနားကာ လူမျိုးတစ်မျိုးစီကဲ့သို့ ထင်မှတ်ရလောက်အောင် ပြောင်းလဲသွားခဲ့ကြသည်။

ထိုသို့ပြောင်းလဲ၍ အမျိုးမျိုးအစားစား ကွဲပြားခြားနားသော်လည်း မူလအခြေအမြစ်ချင်း နီးရာတူရာပေါင်းစပ်၍ မွန်ခမာအနွယ်၊ တိဘက်မြန်မာအနွယ်နှင့် ထိုင်းရှမ်းတရုတ်အနွယ်ဟူ၍ သုံးမျိုးသုံးစားခွဲခြားနိုင်သည်ကို လူသားများဆင်းသက်ရာသမိုင်းကိုကြည့်လျှင်သိနိုင်သည်။ မြန်မာပြည်အရှေ့ခြမ်းမှအမျိုးအနွယ်များမှာ အစောဆုံးရောက်ရှိခဲ့သော မွန်ခမာအနွယ်များဟု ယူဆဖွယ်ရှိသည်။

မရှေးမနှောင်းဆင်းသက်လာသူများမှာ တိဘက်မြန်မာအနွယ်ဝင်များဖြစ်ပြီး ဧရာဝတီမြစ်ကြောင်းအတိုင်းဆင်း၍ အချို့ချင်းတောင်များဘက်သို့ခွဲထွက်ကြသည်။ အချို့မေခ၊ မလိခမြစ်နှစ်သွယ်ကြားတွင် ရပ်တည်ကြသည်။ အင်အားအများဆုံးတစ်စုမှာ ရှမ်းကုန်းပြင်မြင့်ကို ဖြတ်၍ ဧရာဝတီမြစ်ဝှမ်းအလယ်ပိုင်းသို့ဆင်းသက်သည်။ အချို့မြန်မာပြည်တောင်ဘက်သို့ တဖြည်းဖြည်း ဖြာဆင်းသွားကြသည်ဟု ဆိုကြသည်။

ဤသို့ဆိုလျှင် မြန်မာပြည်တစ်ဝန်း ဖြန့်ကြက်နေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုအသီးသီးတို့သည် ရေကြည်ရာ မြက်နုရာ ဒေသများသို့ ရွှေ့ပြောင်းရောက်ရှိလာသော မျိုးနွယ်စုကြီးတစ်ခုတည်းမှ ခွဲဖြာသွားခြင်းဖြစ်သည်။ ရှေးဦးဘိုးဘွားများသည် တစ်မျိုးနွယ်တည်းမှ ဖြစ်သည်။ ကာလနှင့်ဒေသကွဲသဖြင့် အသွင်ကွဲသော်လည်း ဘိုးဘွားအမွေတူ၍ အားလုံးချစ်မြတ်နိုးကြပါစို့လေ။ ။




# ပထမအကြိမ် ရန်ကင်းတောင်ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲနှင့် တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၁၀**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်တို့ကြီးမှူး၍ Mandalay Free Rider (MFR)စက်ဘီးစီးအဖွဲ့မှ ဦးစီးကျင်းပသော ပထမအကြိမ် ရန်ကင်းတောင်ဖိတ်ခေါ် Mountain Bike စက်ဘီးစီးပြိုင်ပွဲနှင့် တောင်အဆင်းလမ်းကြမ်း Downhill ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် မန္တလေးမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသားအသက် ၁၈ နှစ်မှ ၂၅ နှစ်တန်း၊ အသက် ၂၅ နှစ်မှ ၃၅ နှစ်တန်း၊ အသက် ၃၅ နှစ်မှ ၄၅ နှစ်တန်း၊ အသက် ၄၅ နှစ်မှ အသက် ၆၀ နှစ်တန်း၊ အသက် ၆၀ အထက်တန်းပြိုင်ပွဲများ၊ အမျိုးသမီး အလွတ်တန်းပြိုင်ပွဲအမျိုးအစားများပါဝင်သည်။

ပြိုင်စက်ဘီးအမျိုးသား အမျိုးသမီးပြိုင်ပွဲများ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၆ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်း ၃၂ လမ်းနှင့် ၃၃ လမ်းကြား အိုစတိုးရှေ့ စုရပ်မှ စတင်တာလွှတ်မည်ဖြစ်ပြီး ၇၈ လမ်းအတိုင်း ၂၆ လမ်းအထိ၊ ၂၆ လမ်းမှ လမ်း ၈၀ အထိ၊ လမ်း ၈၀ မှ ၁၂ လမ်းအထိ၊ ၁၂ လမ်းမှ ၁၉ လမ်းအထိ နန်းမြို့ပတ်၍ ၁၉ လမ်းမှ ရန်ကင်းတောင်လမ်းအတိုင်း ရန်ကင်းတောင် အတက်လမ်း ကွန်ကရစ်လမ်းတွင် ပန်းဝင်ရမည်ဖြစ်သည်။ ခရီးမိုင် ၁၀ မိုင်ခန့် စီးနင်းရမည်ဖြစ်ပြီး လူငယ်စက်ဘီးစီး အားကစားသမားများအနေဖြင့် ၃၂ မိနစ်ခန့် စံချိန်တင် စီးနင်းကြပြီး သက်ကြီးစက်ဘီးစီးအားကစားသမားများအနေဖြင့် ၄၈ မိနစ်ခန့် စီးနင်းကြကြောင်း တိုင်းလက်ရွေးစင်စက်ဘီးစီးအားကစားထံမှ သိရသည်။



တောင်တက် စက်ဘီးများဖြင့် ရန်ကင်းတောင်အဆင်းလမ်း အခက်အခဲဖြတ်ကျော် စက်ဘီးစီးပြိုင်ပွဲကိုလည်း ရန်ကင်းတောင်ကွန်ကရစ်လမ်းအနီး အသစ်ဖောက်လုပ်ထားသော ခရီးကြမ်းစက်ဘီးလမ်းထိပ်တွင် ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂ ရက်မှ ၁၁ ရက်အထိ ၇၈ လမ်းနှင့် ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ အိုစတိုးနှင့် ၃၇ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား ကိုဖိုးစွံ့ပြိုင်စက်ဘီးဆိုင်တို့တွင် ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ဝမ္မသူး-ထာလောင်း-အွယ်ရေးကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်ပွဲကျင်းပ

**မင်းတပ် ဖေဖော်ဝါရီ ၁၀**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ၁၄၁ ဒသမ ၈၄၀ သန်းဖြင့် မိုးပီနဂါးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော အရှည် ရှစ်မိုင်ရှိသည့် ဝမ္မသူး-ထာလောင်း-အွယ်ရေး ကျေးရွာချင်းဆက် မြေသားလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မင်းတပ်မြို့နယ် ဝမ္မသူးကျေးရွာတွင် ဖေဖော်ဝါရီ ၂ ရက်၌ ကျင်းပခဲ့သည်။

ယင်းမြေသာလမ်းမှာ ဝမ္မသူးရွာ၊ ထာလောင်းရွာ၊ အွယ်ရေးရွာ၊ စပ်ကောက်ရွာနှင့် မနာတာရွာ စသည့်ကျေးရွာများ အသုံးပြုသည့် လမ်းဖြစ်သည့်အပြင် မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်၊ ကျောက်ထုမြို့နယ်၊ ဂန့်ဂေါမြို့နယ်တို့နှင့်လည်း အလွယ်တကူဆက်သွယ်သွားလာနိုင်ပြီး မဟာဗျူဟာလမ်းမကြီးနှင့်လည်း ချိတ်ဆက်ထားကြောင်း သိရသည်။

အဆိုပါ မြေသာလမ်းသစ်ဖွင့်ပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(ငြိမ်း) ဦးဟာရှိန်းဘွေ၊ ရပ်မိရပ်ဖ ဦးကီးနိန်နှင့် ဦးလိန်းခွိရှိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ပန်းအလှပြင်ပြပွဲနှင့် ဂျပန်ချယ်ရီပင်၊ ဂျပန်မြေဩဇာလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်စေရေး ရည်ရွယ်ကာ ဂျပန်နိုင်ငံ MINAMI KOJI ဦးစီးသော ဂျပန်ချယ်ရီပင်အဖွဲ့နှင့် DR. HAYASHI KENTARO ဦးစီးသော ဟာတာကေးမြေဩဇာအဖွဲ့တို့က ဂျပန်ချယ်ရီပင်များနှင့် ဂျပန်ဓာတ်မြေဩဇာတို့ကို ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် ရန်ကုန်ဆန်လှူအသင်း တန်ဆောင်းတော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၇၇၈၀၀ | - | ၇၇၈၈၀၀ |
| မန္တလေး(ရွှေဈေး) | ၇၇၇၈၀၀ | - | ၇၇၈၈၀၀ |

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၂၀/၅၅၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၀၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၅၉၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၇၀/၆၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၀၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၉. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၇. ၁၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၇၃၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၄. ၉၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၁၀၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၇၁. ၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၂. ၅၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၆၈. ၈၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၀. ၃၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လပွတ္တာမြို့နှင့် နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် ၂၄၉၆၀၀၀နှင့် အဝတ်အထည်များ၊ ဦးမောင်ဝင်း+ဒေါ်လှလှကြည်က ငွေကျပ် ၁၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဦးကြည်လင်း+ဒေါ်ထားထားရီ မိသားစုမှ ငွေကျပ် ၂၀၀၀၀၀၊ ဦးဘစိုး (အငြိမ်းစားတပ်ကြပ်ကြီး)မှ ငွေကျပ် ၁၀၀၀၀၀၊ ဦးဘူးယိုနှင့် ဒေါ်လှရီ မိသားစုမှ ငွေကျပ် ၁၂၀၀၀၀၊ ဦးအောင်လင်း+ဒေါ်စန်းစန်းမြင့် မိသားစုမှ ငွေကျပ် ၄၃၀၀၀၀ နှင့် Winnie Tan မှ အမေရိကန်ဒေါ်လာ ၂၀၀ တို့ကို လာရောက်လှူဒါန်းသည်။

သို့ဖြစ်ပါ၍ ယနေ့ရရှိငွေမှာ ကျပ် ၃၄၄၆၀၀၀ နှင့်အမေရိကန်ဒေါ်လာ ၂၀၀ ဖြစ်ပါသဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ မီးဘေးသင့်ပြည်သူများအတွက် စုစုပေါင်းလှူဒါန်းရရှိငွေမှာ ကျပ် ၅၉၂၆၅၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီရန် အစ္စလာမ္မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုဟာမက်ဂျာဗက်ဇာရစ်(ဖ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နမ့်ဆန်မီးလောင်ပြင်အား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သီပေါ ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် ဖေဖော်ဝါရီ ၄ ရက်က ဖြစ်ပွားခဲ့သော မီးလောင်ပြင်အား ပြန်လည်တည်ထောင်ရေးလုပ်ငန်းများအတွက် သန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာလုပ်အားရှင်များနှင့် ပြည်နယ်စည်ပင်သာယာရေးဌာန(လားရှိုး)တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းခေါင်းဆောင်သော သီပေါ၊ကျောက်မဲ၊ လားရှိုးမြို့နယ်များမှ စည်ပင်သာယာဝန်ထမ်းများက အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိရာ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် မီးဘေးကယ်ဆယ်ပြန်လည်ထူထောင်ရေးဦးစီးကော်မတီမှ ဦးစိုးမောင်တို့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တက်ညီလက်ညီဆောင်ရွက်နေသကဲ့သို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကိုလည်း နမ့်ဆန်ကယ်ဆယ်ရေးစခန်းသို့ စဉ်ဆက်မပြတ်လာရောက်လှူဒါန်းလျက်ရှိကြသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင်လည်း တာချီလိတ်မြို့ ငွေတောင်ဦးကမ္ဘဌာန်းကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိရောစန အရှင်သူမြတ် ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနန္တဂုဏ်ရည်ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ၊ ထိုင်းနိုင်ငံမှ အလှူရှင်များလှူဒါန်းသည့် ထောက်ပံ့ငွေ၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည် အသုံးအဆောင်ပစ္စည်းများကို နမ့်ဆန်မီးဘေးကယ်ဆယ်ရေးစခန်းသို့ လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါ မီးဘေးသင့်ပြည်သူ ၂၀၀၅ဦးနှင့် အိမ်ထောင်စု ၃၀၀အတွက် အဝတ်အထည်၊ စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးစောင့်ရှောက်ရန်ဆေးမျိုးစုံ ၁၅ သေတ္တာအပြင် ငွေတောင်ဦးကမ္ဘဌာန်းကျောင်းတိုက်ဆရာတော်နှင့် အလှူရှင်များကလည်းကောင်း၊ ဦးအုန်းပွင့်-ဒေါ်တင်မေထွန်း မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးထွန်းနေဦး-ဒေါ်ခင်ချိုချို မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးမြင့်ဦး-ဒေါ်နန်းသောင်း မိသားစုက ထိုင်းဘတ် ၄၀၀၀၊ ဦးအောင်ဖြိုးရှိန်- ဒေါ်နန်းနွတ်မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးတိုးလှိုင် (လက်ထောင်ညွှန်ကြားရေးမှူး) မိသားစု၊ ပြည်တွင်းအခွန်များဦးစီးဌာနက ငွေကျပ်တစ်သိန်း၊ ဦးဇေယျာအောင်နှင့်အဖွဲ့က ငွေကျပ်တစ်သိန်း၊ ဦးအားတိတ်-ဒေါ်နန်းတစ် မိသားစု(ဗွိုင့်ကားပစ္စည်းဆိုင်)က ထိုင်းဘတ် ၃၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။



ယခုကဲ့သို့ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ ကားကြီးကားငယ်အသွယ်သွယ်ဖြင့် တောင်တန်းကြီးများကို ကျော်ဖြတ်ကာ ဝေးလံသောအရပ်ဒေသများမှ လာရောက်ကူညီလှူဒါန်းကြသည့်အတွက် မိမိတို့အိမ်ရာများ မီးသင့်သွားလင့်ကစား ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း မီးလောင်ပြင်ကိုရှင်းလင်းနေသည့် အိမ်ရှင်ပလောင်တိုင်းရင်းသူနှစ်ဦးက ပြောသည်။

လက်ဖက်အဓိကထွက်ရှိသော နမ့်ဆန်မြို့နယ်တွင် လက်ဖက်ပွဲရုံအချို့သာမီးလောင်ကျွမ်းခဲ့ပြီး လက်ဖက်ခြံများသို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိ၍ လက်ဖက်အထွက်ကျဆင်းခြင်းမရှိကြောင်းသိရသည်။

**စိုင်း(သီပေါ)**

❒ **ရှေ့ဖုံးမှ**

စီမံကိန်းအဆင့် နှစ်ဆင့်ဖြင့် ဆောင်ရွက်ခဲ့ရာ စီမံကိန်းပထမအဆင့်ကို ၂၀၀၄ ခုနှစ် မေ ၂၅ ရက်တွင် စတင်ဆောင်ရွက်ပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ပြီးစီးကာ တစ်နေ့လျှင် ရေဂါလန် ၄၅ သန်း ပေးဝေခဲ့သဖြင့် ရန်ကုန်မြို့အား တစ်နေ့လျှင် ရေဂါလန် သန်း ၁၆၀ အထိ တိုးမြှင့်ဖြန့်ဖြူးနိုင်ခဲ့သည်။ ငမိုးရိပ်ရေသန့်စင်စက်ရုံ(ညောင်နှစ်ပင်) စီမံကိန်းဒုတိယအဆင့်ကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် မတ် ၂၆ ရက်တွင် ပြီးစီး၍ တစ်နေ့လျှင် ရေဂါလန် ၄၅ သန်း ပေးဝေခဲ့သည့်အခါ ရန်ကုန်မြို့တော်အား တစ်နေ့လျှင် ရေဂါလန် ၂၀၅ သန်းထိ ထပ်မံဖြည့်တင်းပေးနိုင်ခဲ့သည်။

လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ဆည်မှ ၂၁ ဒသမ ၄၅ မိုင်ရှည်သော ရေခေါ်တူးမြောင်းများဖြင့် ငမိုးရိပ်ရေသန့်စင်စက်ရုံ (ညောင်နှစ်ပင်)သို့ အဆင့်ဆင့်သွယ်ခဲ့သည်။ ယင်းရေသန့်စင်စက်ရုံမှ တစ်ဆင့် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်တို့ရှိ မြို့နယ်များသို့ ရေအားဖြည့်ပေးဝေခဲ့သည်။



ငမိုးရိပ်ရေသန့်စင်စက်ရုံ(ညောင်နှစ်ပင်)ရှိ ရေတွန်းစက်ရုံအား တွေ့ရစဉ်။

ထို့ပြင် ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း ရေအားနည်းသော မြို့နယ်များကို မြေအောက်ရေမှ ရေရယူ၍ အဝီစိတွင်းများတူးဖော်ပြီး ရေအားဖြည့်ပေးဝေသည်။ ထိုသို့ ရေပေးဝေရာတွင် ရပ်ကွက်အတွင်းသို့ ဆက်သွယ်ထားသော Main ပိုက်လိုင်းအတွင်းသို့ တိုက်ရိုက်ထည့်၍လည်းကောင်း၊ ရေပေးဝေရေးစခန်းများ တည်ဆောက်ပြီး အနည်ထိုင်ကန်၊ ရေစစ်ကန်၊ ရေစုကန်များဖြင့် မြေအောက် ရေသန့်စင်ပေးဝေ၍ လည်းကောင်း၊ မြို့သစ်မြို့နယ်များနှင့် ပိုက်လိုင်းကွန်ရက်မရှိသော မြို့နယ်များတွင် အများဆုံးအုတ်ရေကန်များအတွင်း ထည့်သွင်း၍လည်းကောင်း ရေပေးဝေပေးသည်။

ငမိုးရိပ်ရေပေးဝေရေး စီမံကိန်း ဒုတိယအဆင့်ပြီးစီး၍ ရေပေးဝေချိန်မှစပြီး မြောက်ဥက္ကလာပမြို့နယ်နှင့် ဆက်စပ်နေသော တောင်ဥက္ကလာပ၊ သယ်န်းကျွန်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့ကို အဝီစိတွင်းမှ အဓိကထားရေပေးဝေမှုကို လျှော့ချ၍ ရေပိုက်လိုင်းစနစ်ဖြင့် ရေပေးဝေမှုတို့ကို ပြောင်းလဲပေးဝေပြီး ယင်းမြို့နယ်များ၏ အစွန်အဖျားကျသော ရပ်ကွက်များကို အဝီစိတွင်းဖြင့် ရေပေးဝေသည်။

မြို့သစ်မြို့နယ်များဖြစ်သော ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် လှိုင်သာယာမြို့နယ်များကို အဝီစိတွင်းမှ ရေပေးဝေသလို ရေပိုက်လိုင်းမှလည်း ရေပေးဝေပေးသည်။ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် အမှတ်(၁)နှင့် အမှတ်(၂) ရေပေးဝေရေးစခန်း၊ လှိုင်သာယာမြို့နယ်တွင် သဲဖြူရေပေးဝေရေးစခန်းများ တည်ဆောက်၍ အဝီစိတွင်းများမှ ရေကို ရေစစ်ကန်မှ သံဓာတ်ဖယ်ရှားသည့် နည်းစနစ်ဖြင့် ရေစုကန်သို့ထည့်သွင်းပြီး ရေတွန်းစက်ကြီးများဖြင့် မြို့နယ်အတွင်းသို့ ပေးပို့သည်။

ရန်ကုန်တစ်ဖက်ကမ်းရှိ ရေရှားပါးသော ဒလမြို့နယ်တွင် အဝီစိတွင်းများတူးဖော်၍ ထွက်ရှိလာသောရေကို ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာရှိ ရန်ကုန်ပေါက်ရေပေးဝေရေးစခန်း၏ ရေစုကန်၊ ရေစစ်ကန်များသို့ပေးပို့ပြီး ထိုမှတစ်ဆင့် ရေတွန်းစက်ကြီးများ အသုံးပြု၍ ရေပိုက်လိုင်းဖြင့် ရေအားဖြည့်ပေးဝေသည်။ ဒလမြို့နယ်တွင် မြေအောက်ရေမှပေးဝေသည့်စနစ်နှင့် မြေစိုက်ကန်များမှ ရေပေးဝေသည့်စနစ်တို့ဖြင့် လက်ရှိအသုံးပြုနေသည်။

ယနေ့ ရန်ကုန်မြို့သည် ဧရိယာအားဖြင့် ၇၉၄ ဒသမ ၄ စတုရန်းကီလိုမီတာ ကျယ်ဝန်းလာပြီး ၂၀၁၅ ခုနှစ် စာရင်းအရ လူဦးရေ ၅ သန်းကျော် ဖြစ်လာခဲ့သည်။ လက်ရှိအချိန်တွင် ရန်ကုန်မြို့တော်သို့ နေ့စဉ်ရေပေးဝေမှုမှာ လှော်ကားရေလှောင်ကန်မှ ရေဂါလန် ၃၄ သန်း၊ ဂျိုးဖြူရေလှောင်ကန်မှ ရေဂါလန် ၂၇ သန်း၊ ဖူးကြီးရေလှောင်ကန်မှ ရေဂါလန် ၅၄ သန်းနှင့် ငမိုးရိပ်ရေသန့်စင်စက်ရုံ (ညောင်နှစ်ပင်)မှ ရေဂါလန်သန်း ၉၀ စုစုပေါင်း တစ်နေ့လျှင် သောက်သုံးရေဂါလန် ၂၀၅ သန်းပေးဝေနေသော်လည်း နောင်တိုးမြှင့်လာမည့် ရန်ကုန်မြို့လူဦးရေအတွက် ရေလုံလုံလောက်လောက်ရရှိစေရန် Japan International Cooperative Agency (JICA) မှ နည်းပညာရှင်များနှင့် ပူးပေါင်း၍ ထပ်မံတိုးချဲ့ပေးဝေနိုင်မည့် လဂွန်းပြင် ရေပေးဝေရေးစီမံကိန်း၊ ကုက္ကိုဝမြစ် ရေပေးဝေရေးစီမံကိန်း၊ ပန်းလှိုင်မြစ် ရေပေးဝေရေးစီမံကိန်းနှင့် တိုးမြစ် ရေပေးဝေရေးစီမံကိန်းများ အကောင်အထည်ဖော်ပြီး သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

## ထိုင်းနိုင်ငံ၌ သက်ကြီးများကိုပိုမိုငှားရမ်းရန် အစိုးရက ကုမ္ပဏီများကိုတိုက်တွန်း



**ဗန်ကောက် ဖေဖော်ဝါရီ ၁၀**

ထိုင်းနိုင်ငံ၌ သက်ကြီးရွယ်အို ဦးရေ လျင်မြန်စွာတိုးနေခြင်းကြောင့် ထုတ်လုပ်မှုစွမ်းပကားထိခိုက်စေခြင်းမှ ရှောင်လွှဲနိုင်စေရေးအတွက် ကုမ္ပဏီများအနေဖြင့် အသက်အရွယ်ကြီးရင့်သူများကို ပိုမိုငှားရမ်းအသုံးပြုရန် အစိုးရအဖွဲ့က တိုက်တွန်းထားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံသည် ၂၀၄၀ ပြည့်နှစ်ထက်နောက်မကျဘဲ အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်အပိုင်းအခြားရှိ လူဦးရေ ၁၁ ရာခိုင်နှုန်းခန့်ကျဆင်းနိုင်ကြောင်း၊ ယင်းမှာ အရှေ့တောင်အာရှဒေသ၏ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်း အလျင်မြန်ဆုံးနှုန်းဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

ထိုင်းနိုင်ငံ၌ ဇနီးမောင်နှံများသားသမီးမွေးဖွားနှုန်းမှာလည်း ကျဆင်းခဲ့ကြောင်းတာဝန်ရှိသူများက ပြောကြားကြသည်။

ထုတ်လုပ်မှုစွမ်းပကားကျဆင်းမှုမရှိစေရေး၊ ပင်စင်အထောက်အပံ့ပေးရေးအစီအစဉ်အတွက် အစိုးရက ငွေကြေးများစွာသုံးစွဲရမှု လျှော့ချနိုင်ရေးတို့အတွက် အလုပ်လုပ်နိုင်သောသက်ကြီးများအား ပိုမိုငှားရမ်းသုံးစွဲရန် ကုမ္ပဏီများကို အစိုးရက တိုက်တွန်းထားသည်။

၂၀၁၅ ခုနှစ်တွင် ပင်စင်ငွေ ဘတ် ၆၁ ဒသမ ၃၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃ ဘီလီယံ)ကိုနိုင်ငံတော်က ထောက်ပံ့ပေးခဲ့ရကြောင်း၊ ပင်စင်အကျိုးခံစားခွင့်အတွက် နိုင်ငံတော်က ငွေကြေးကျခံသုံးစွဲရမှု တိုးမြင့်လာမည်ဟု ခန့်မှန်းရကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**

## မြောက်ကိုရီးယားနှင့်ပူးတွဲဖွင့်လှစ်ထားသော စက်မှုဇုန်လုပ်ငန်းများ တောင်ကိုရီးယားဆိုင်းငံ့

**ဆိုးလ် ဖေဖော်ဝါရီ ၁၀**

မြောက်ကိုရီးယားနိုင်ငံနှင့် ပူးတွဲဖွင့်လှစ်ထားသော စက်မှုဇုန်၏ လုပ်ငန်းများကို လုံးလုံးလျားလျား ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။



မကြာသေးမီက ဒုံးကလီးယားစမ်းသပ်မှုနှင့် တာဝေးပစ်ဒုံးပျံပစ်လွှတ်မှုတို့ကို ပြုလုပ်ခဲ့သော မြောက်ကိုရီးယားနိုင်ငံအား တောင်ကိုရီးယားနိုင်ငံက အရေးယူတုံ့ပြန်သည့်အနေဖြင့် ပူးတွဲစက်မှုဇုန်လုပ်ငန်းများကို ဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ကိုရီးယားနှစ်နိုင်ငံ၏စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ပြယုဂ်အဖြစ်တည်ထောင်ခဲ့သောပူးတွဲစက်မှုဇုန်၏ လုပ်ငန်းများဆိုင်းငံ့ထားရန် မိမိတို့ဆုံးဖြတ်လိုက်ကြောင်း တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီး ဟောင်ယောင်ပျိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လုပ်ငန်းများရပ်ဆိုင်းထားသော ပူးတွဲစက်မှုဇုန်မှာ ကေးဆောင်းစက်မှုဇုန်ဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် နှစ်နိုင်ငံပြန်လည်သင့်မြတ်ရေး အထိမ်းအမှတ်အဖြစ် ပူးတွဲထူထောင်ခဲ့ကြသည်။ ကေးဆောင်းစက်မှုဇုန်သည် မြောက်ကိုရီးယားနယ်စပ်တစ်ဖက်တစ်ချက် ၁၀ ကီလိုမီတာအကွာတွင် တည်ရှိသည်။

ကေးဆောင်းစက်မှုဇုန်၌ တောင်ကိုရီးယားကုမ္ပဏီ ၁၂၄ ခုအခြေစိုက်ပြီး မြောက်ကိုရီးယားအလုပ်သမား ၅၃၀၀၀ ခန့်ကို ငှားရမ်းလုပ်ကိုင်လျက်ရှိသည်။ **ရိုက်တာ။**

## လွန်ခဲ့သည့်သုံးနှစ်တာကာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းသို့ မှောင်ခိုတင်သွင်းသည့်ရွှေ ကီလိုဂရမ် ၃၀၀၀ နီးပါးသိမ်းဆည်းရမိ

**ဒါကာ ဖေဖော်ဝါရီ ၁၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားဥပဒေစိုးမိုးရေးအရာရှိများသည် လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း နိုင်ငံတွင်းသို့မှောင်ခိုတင်သွင်းလာသည့် ရွှေသတ္တု အလေးချိန် ကီလိုဂရမ် ၃၀၀၀ နီးပါးကို သိမ်းဆည်းရမိကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။

ရွှေထည်၊ ရွှေချောင်းနှင့်ရွှေဖြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာပစ္စည်းများသိမ်းဆည်းရမိမှုမှာ ၂၀၁၃ ခုနှစ်တွင် အလေးချိန် ၆၂၀ ဒသမ ၄၁ ကီလိုဂရမ်၊ ၂၀၁၄ ခုနှစ်တွင် ၁၅၃၉ ဒသမ ၆၈ ကီလိုဂရမ်နှင့် ၂၀၁၅ ခုနှစ်တွင် ၇၈၄ ဒသမ ၁၇ ကီလိုဂရမ်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်ဘဏ္ဍာရေးဝန်ကြီး အေအမ်အေမူဟစ်က လွှတ်တော်၏ စာဖြင့်မေးမြန်းမှုကို ဖြေကြားရာတွင်ပြောကြားသည်။

ဖမ်းဆီးရမိသော ရွှေများကို ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်၌လုံခြုံရေးအတွက်အပ်နှံထားကြောင်း ၎င်းက ပြောကြားသည်။

မကြာသေးမီလများအတွင်း ဘင်္ဂလားဒေ့ရှ်ဥပဒေစိုးမိုးရေးအရာရှိများသည် နေ့စဉ်နီးပါးမျှ ရွှေထည်၊ ရွှေချောင်းနှင့်ရွှေထည်ဖြင့်ပြုလုပ်ထားသော ရတနာပစ္စည်းများကို သိမ်းဆည်းရရှိခဲ့သည်။ယင်းပစ္စည်းများမှာ နိုင်ငံတွင်းသို့ လေကြောင်းခရီးစဉ်များ အသုံးပြုကာမှောင်ခိုတင်သွင်းလာခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ဘင်္ဂလားဒေ့ရှ်ဒေသခံမှောင်ခိုသမားများသည် ဂိုဏ်းများအဖြစ်စုစည်းကာ နိုင်ငံရပ်ခြားရှိ ၎င်းတို့၏ အပေါင်းပါများနှင့်ချိတ်ဆက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံအား တရားမဝင်သယ်ယူပို့ဆောင်ရေးလမ်းကြောင်း တစ်ခုအဖြစ် အသုံးပြုပြီး ရွှေ၊ နိုင်ငံခြားငွေကြေးများ၊ တားမြစ်မူးယစ်ဆေးဝါးနှင့်ဆေးဝါးများကို တင်သွင်းနေကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။ **ဆင်ဟွာ။**





## တရုတ်တွင် ပထမဆုံးအကြိမ် ဇီကာဗိုင်းရပ်(စ်) ကူးစက်ခံရ

**ပေကျင်း ဖေဖော်ဝါရီ ၁၀**

တရုတ်နိုင်ငံ ကျန်းရှီးပြည်နယ်မှ အသက် (၃၄) နှစ်ရှိ အမျိုးသားတစ်ဦးတောင်အမေရိကသို့ခရီးသွားစဉ် ဇီကာဗိုင်းရပ်(စ်)ကူးစက်ခံခဲ့ရကြောင်း တရုတ်ကျန်းမာရေးတာဝန်ရှိသူများက အတည်ပြုထားကြောင်း တရုတ်နိုင်ငံပိုင်သတင်းဌာနက ပြောကြားသည်။

ယင်းကဲ့သို့ ဇီကာဗိုင်းရပ်(စ်)ကူးစက်ခံရမှုမှာ တရုတ်နိုင်ငံတွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားသည်။ အဆိုပါအမျိုးသားသည် ဇန်နဝါရီ ၂၈ ရက်တွင် ဗင်နီဇွဲလားနိုင်ငံသို့ ခရီးသွားရောက်ခဲ့ပြီး ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း စသည့်ရောဂါလက္ခဏာများခံစားခဲ့ရသည့်အတွက် ဆေးရုံတစ်ရုံတွင် ဆေးကုသမှုခံယူခဲ့ရသည်။

အဆိုပါ အမျိုးသားသည် ဗင်နီဇွဲလားနိုင်ငံမှ ဖေဖော်ဝါရီ ၂ ရက်တွင် ထွက်ခွာခဲ့ပြီး ဟောင်ကောင်နှင့် ကွမ်တုံးပြည်နယ် စန်ကျန့်မြို့တို့မှတစ်ဆင့် ကျန်းရှီးပြည်နယ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ အဆိုပါ အမျိုးသားတွင် ဇီကာဗိုင်းရပ်(စ်)ကူးစက်ခံထားရကြောင်း ကျန်းရှီးပြည်နယ် ဆေးရုံတစ်ခုတွင် စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပြန်လည်သက်သာလာပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

တရုတ်နိုင်ငံတွင် ဇီကာဗိုင်းရပ်(စ်) ပျံ့နှံ့နိုင်မှုအလားအလာ အလွန်နည်းပါးကြောင်း ကျန်းမာရေးတာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဘရာဇီးနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံတို့အပါအဝင် ဇီကာဗိုင်းရပ်(စ်)ကူးစက်ပျံ့နှံ့နေသည့်နိုင်ငံပေါင်း ၃၃ နိုင်ငံရှိနေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားသည်။ ထို့ပြင် ဇီကာဗိုင်းရပ်(စ်) ပျံ့နှံ့မှုသည် နိုင်ငံတကာနှင့်သက်ဆိုင်သော လူထုကျန်းမာရေး အရေးပေါ်အခြေအနေဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ။**

## ဂျပန်အစိုးရက ပြုံယမ်းအား စီးပွားရေးပိတ်ဆို့မှု ပြန်လည်စတင်

**ကျိုတို ဖေဖော်ဝါရီ ၁၀**

ဖေဖော်ဝါရီ ၇ ရက်က ဒုံးကလီးယားစမ်းသပ်မှုနှင့် တာဝေးပစ်ဒုံးလက်နက် လွှတ်တင်ခဲ့မှုကြောင့် နောက်ဆက်တွဲ ရလဒ်အဖြစ် ပြုံယမ်းအား စီးပွားရေးပိတ်ဆို့မှုများ စတင်အကောင်အထည်ဖော်ရန် ဂျပန်အစိုးရအဖွဲ့က ယနေ့ဆုံးဖြတ်ချက် ချမှတ်လိုက်ပြီဖြစ်ကြောင်း ဒေသန္တရသတင်းများအရ သိရသည်။

ပြုံယမ်း၏ ဂြိုဟ်တုလွှတ်တင်မှုကို နိုင်ငံတကာအသိုင်းအဝန်းက တာဝေးပစ်ဒုံးလက်နက် စမ်းသပ်ခြင်းဖြစ်သည်ဟု ယုံကြည်ထားကြသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဦးဆောင်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဝန်ကြီးများအစည်းအဝေး၌ အဆိုပါ စီးပွားရေးပိတ်ဆို့မှုကို အတည်ပြု လက်ခံခဲ့ကြသည်။ ယင်းအစည်းအဝေးသို့ ဂျပန်စီးပွားရေးဝန်ကြီး တာရို အာဆို၊ နိုင်ငံခြားရေးဝန်ကြီး ဖူမီယို ခီရှီဒါ အပါအဝင် အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ခဲ့သည်။

ပြုံယမ်းအပေါ် ဂျပန်အစိုးရချမှတ်ခဲ့သည့် စီးပွားရေးပိတ်ဆို့မှုသည် မည်သည့် မြောက်ကိုရီးယားရေယာဉ်မဆို မည်သည့်အကြောင်းကိစ္စရပ်ဖြင့်ဖြစ်စေ ဂျပန်ဆိပ်ကမ်းသို့ ဝင်ရောက်ရပ်နားခွင့်မပြုပေ။ မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်ပြီး ပြန်လည် ထွက်ခွာလာသည့် ရေယာဉ်များသည်လည်း အဆိုပါပိတ်ဆို့မှုတွင် အကျုံးဝင်သည်။

မြောက်ကိုရီးယားနိုင်ငံသားများကိုလည်း ဂျပန်နိုင်ငံသို့ တရားဝင် ဝင်ရောက်ခွင့် ပိတ်ပင်လိုက်သည်။ မြောက်ကိုရီးယားသင်္ဘောများပေါ်တွင် လိုက်ပါလာသည့် သင်္ဘောသားများကိုလည်း ဂျပန်နိုင်ငံပေါ်သို့ ခြေချခွင့်မပြုပေ။ ထို့ပြင် ဂျပန်နိုင်ငံတွင် အခြေချနေထိုင်ကြသည့် ဒုံးကလီးယားနှင့် ဒုံးလက်နက်နည်းပညာရှင် နိုင်ငံခြားသားများကိုလည်း မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်သွားရောက်ပြီးနောက် ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုမည်မဟုတ်ပေ။

မြောက်ကိုရီးယားနိုင်ငံသို့ အကြောင်းတစ်ခုခုကြောင့် ငွေလွှဲပို့မည်ဆိုပါက ဒေါ်လာ ၉၀၀ နှင့် အထက်ဆိုလျှင် အာဏာပိုင်များသို့ အစီရင်ခံရမည်ဖြစ်သည်။ ယခင်က ဒေါ်လာ ၉၀၀၀ မှသာလျှင် အာဏာပိုင်များသို့ အသိပေးအစီရင်ခံရသည်။

စာတိုက်မှတစ်ဆင့် ငွေပေးပို့ခြင်းကိုလည်း လူသားချင်းစာနာထောက်ထားသည့် အကြောင်းကိစ္စရပ်တစ်ခုတည်းကိုသာ ခွင့်ပြုထားသည်။ ပေးပို့သည့်ငွေပမာဏကိုလည်း ဒေါ်လာ ၉၀၀ ထိသာခွင့်ပြုထားသည်။

၂၀၁၄ ခုနှစ် ဇူလိုင်လမှစတင်ပြီး တိုကျိုက ပြုံယမ်းအား ယခင်ပိတ်ဆို့ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့သည်။ ယင်းနောက် နှစ်နိုင်ငံပြည်သူများက လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှုများပြုလုပ်နိုင်ခဲ့သည်။ မြောက်ကိုရီးယားသင်္ဘောများကို ဂျပန်ဆိပ်ကမ်းများသို့ လူသားချင်းစာနာထောက်ထားသည့်ကိစ္စရပ်များဖြင့်သာ ဝင်ရောက်ခွင့်ပြုခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

ပြည်တွင်းရေးရာ

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု

# ရခိုင်ရိုးရာဓလေ့ ပျော်မွေ့ဖွယ်ရာ

သတင်းဆောင်းပါး - လေးဝတီကျော်

ရခိုင်တိုင်းရင်းသားများတွင် အခြားပြည်ထောင်စုဖွား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရှမ်းတိုင်းရင်းသားများနည်းတူ ရိုးရာဓလေ့နှင့်ယှဉ်သော အားကစားပွဲများရှိကြသည်။ ကာယစွမ်းရည်ကို အဓိကထားပြီး အားကစားနှင့် ပျော်ရွှင်ဖွယ်ရာကစားနည်းများအနက် လူကြိုက်များသော ပွဲတစ်ခုကား ရိုးရာကျင်အားကစားပွဲဖြစ်ပါသည်။

ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာကျင်ပွဲ၌ ကျင်ကိုင်သည်(ဝါ) ကျင်လုံးသည်ဆိုသော ဝေါဟာရမှာ နှစ်ယောက်ချင်းပူး၍ ကိုင်ကာ လုံးထွေးကစားခြင်း၊ နပန်းသတ်ခြင်းပင်ဖြစ်သည်။ "ကျင်"ဟူသည်ကား ကျားနှင့်ယင် ဟူသော စကားနှစ်လုံးကိုပေါင်းစပ်၍ ပေါ်ပေါက်လာသောအသံဖြစ်သည်။ ကျားယင်မှ ကျင်ဖြစ်လာသည်။ ကျားယင်ကစားနည်းကိုစွဲ၍ခေါ်သော နပန်းပွဲအမည်ပင်ဖြစ်သည်။ ကျားယင်ကစားရာတွင် ကျားကနှစ်ကောင်၊ ယင်က နှစ်ဆယ်ရှိသည်။ ကျားက ယင်ကိုဖမ်းသည်။ ယင်က ကျားကို မဖမ်းပါ။ ကျားကိုရှောင်ရသည်။ ယင်က ကျားကို မလှုပ်ရှားနိုင်အောင် ဝိုင်းထားရသည်။ ကျားကို ယင်က ရှောင်ပြီး ပိတ်ထားနိုင်လျှင် ယင်နိုင်သည်။ မရှောင်နိုင်လျှင် ကျားစားခံရပြီး ယင်ရှုံးသည်။

ဤသို့ ကျားက အအုပ်ဖမ်း၊ ယင်ကအရှောင်အတိမ်းတို့ဖြင့် ကစားသော ကျားယင်ကစားနည်းကို နည်းမှီခံယူပြီး လူနှစ်ဦးတွင် တစ်ဦးက ဖမ်း၊ တစ်ဦးက အခံ အလှည့်ကျစနစ်ဖြင့် တစ်ဦးကိုတစ်ဦးက မြေသို့ကျအောင်လုပ်ခြင်း အတတ်ကို ကျင်အတတ်ဟုခေါ်ဆိုသည်။

ကျင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူတို့ကို ကျင်သန်ဟုခေါ်ပြီး ကျင်သန်နှစ်ဦးအား စွမ်းရည်ပြိုင်သည်ကို ကျင်ကိုင်သည်(ဝါ) ကျင်လုံးသည်ဟုခေါ်ပါသည်။ ကျင်သန်နှစ်ဦး တစ်ယောက်နှင့်တစ်ယောက် လုံးထွေးကျင်ကိုင်ကြရာ၌ မြေသို့မကျရအောင်(မရှုံးရအောင်) လျင်မြန်ဖျတ်လတ်စွာ တစ်ပါးသူ၏အဖမ်းကို ရှောင်တိမ်းရခြင်း၊ တစ်ပါးသူ၏ အလစ်အငိုက်တွင် ချိတ်လိမ်ရခြင်းများကြောင့် ပါးနပ်မှု၊ လျင်မြန်မှုကို အသုံးပြုကြရသည်။ ထိုသို့ အနီးကပ်ချိတ်လိမ်ဖက်လုံးရာ၌ တစ်ဦးနှင့်တစ်ဦး အနာတရမဖြစ်အောင်၊ ထိခိုက်မှုမရှိအောင် သင့်တော်သောစည်းကမ်းချက်များကို သတ်မှတ်လိုက်နာကြရသည်ဖြစ်ရာ အလိုအလျောက်အားဖြင့် စည်းကမ်းသေဝပ်မှုရရှိနိုင်သော အားကစားနည်း တစ်မျိုးလည်းဖြစ်ပါသည်။

ကျင်အားကစားနည်းကို သင်တန်းတစ်ရပ်ဖွင့်လှစ်၍ သင်ကြားရခြင်းမဟုတ်ပါ။ ရခိုင်ကျေးလက်ဒေသများတွင် အလုပ်အားသောအချိန်၌ ကျင်ခြင်း(ဝါ) ကျင်အားကစားနည်းစနစ် ကျွမ်းကျင်သူများထံမှ နည်းနာခံယူသင်ကြားလေ့ရှိကြသည်။ ကောက်ရိတ်သိမ်းချိန်များ၌ နံနက်နှင့် ညနေပိုင်းများတွင်သာ အလုပ်လုပ်ကြပြီး နေ့လယ်အားလပ်ချိန်တွင် အရိပ်ကောင်းသော သစ်ပင်ရိပ်အောက်၌လည်းကောင်း၊ ညပိုင်းလရောင်အောက်၌လည်းကောင်း၊ ကာလသားလူပျို လူရွယ်များသည် ကျင်ကစားနည်းကျွမ်းကျင်သူများထံမှ စနစ်တကျ သင်ကြားနည်းယူလေ့ရှိကြသည်။ အပျော်သဘော သင်ယူကြသူများရှိသကဲ့သို့ ဝါသနာအလျောက် ပညာကိုလိုလားစွာလေ့ကျင့်သင်ယူသူများလည်းရှိကြသည်။

ကျင်ပွဲများကို ကျင်းပရာတွင် ဦးစွာမင်္ဂလာကျင်ကို ပဏာမကျင်းပပေးပြီး ယင်းနောက်မှ အဆင့်နိမ့်ကျင်ပွဲ၊ နာမည်ကျော် ကျင်သန်ကြီးများ ကျင်ပွဲစသည်များကို အဆင့်ဆင့် အဆင့်အလိုက် ကျင်းပကြရသည်။ နာမည်ကျော် ကျင်သန်ကြီးများ ကျင်ပွဲစသည်များကို အဆင့်မြင့်အနေဖြင့် ငွေမောင်းတန်း၊ ရွှေမောင်းတန်း စသည်ဖြင့် အရည်အချင်းအလိုက်ဆုပေး၍ ပညာစွမ်းရည်မြှင့်တင်ပေးလေ့ရှိပါသည်။



ငွေမောင်းတန်း၊ ရွှေမောင်းတန်းဆိုသည်မှာ ကျင်ကစားကြရာ၌ နောက်ဆုံးလူတော်နှစ်ဦးကို ယှဉ်ပြိုင်စေပြီး ရှုံးသူကို ငွေမောင်းဆု၊ နိုင်သူကို ရွှေမောင်းဆုပေးခြင်းမျိုး မဟုတ်ပါ။ တစ်မတ်တန်း၊ တစ်ကျပ်တန်းမှစ၍ ကျင်ကစားနည်းလေ့ကျင့်ပြီး ကျွမ်းကျင်လာသူများသည် ငွေမောင်းတန်းသို့ ဝင်ကစားကြရပါသည်။ ငွေမောင်းတန်းတွင် ဆုများအကြိမ်ကြိမ်ဆွတ်ခူးပြီး တတ်ကျွမ်းမှုအားကောင်းလာမှသာ (ရွှေမောင်းတန်း)သို့တက်၍ ကစားကြရပါသည်။ အဆင့်ဆင့်တက်လာပြီး မိမိစွမ်းရည်မြင့်မားလာသည့်အလျောက် ငွေမောင်းတန်း၊ ယင်းမှတစ်ဆင့် ရွှေမောင်းတန်း စသည်ဖြင့်တက်၍ ကစားရခြင်းမျိုးဖြစ်ပါသည်။ ရွှေမောင်းတန်းတွင် တက်ရောက်ကစားသော ကျင်သန်ကို ငွေမောင်းတန်းသို့ ဆင်း၍ကစားရန် ခွင့်ပြုလေ့မရှိပါ။ အတန်းအဆင့် သတ်မှတ်ထားသော အားကစားတစ်မျိုးပင်ဖြစ်ပါသည်။

ကျင်ပွဲကို အရိပ်ကောင်းသော သစ်ပင်ကြီးအောက်၌ ကစားသူအတွက် နေရာကိုကျယ်ပြန့်စွာယူကာ ပွဲကြည့်ပရိသတ်က ပတ်လည်ဝိုင်း၍ နေရာယူကြည့်ရှုလေ့ရှိကြသည်။ ဝါရင့်ကျင်သန်ကြီးများက ကျင်ဒိုင်(ဒိုင်လူကြီး) အဖြစ် ဆောင်ရွက်ကြရပါသည်။ ရှေးဦးစွာ မင်္ဂလာကျင်ပွဲ ယင်းနောက်မှ ငွေမောင်းတန်း၊ ရွှေမောင်းတန်းတို့ကို အဆင့်အလိုက် ကျင်းပပေးရပါသည်။ ပွဲကြီးများတွင် ဆုများဆွတ်ခူးခဲ့ဖူးသည့် ကျင်သန်ကြီးမှ ယဉ်ကျေးစွာ ကျင်ကွင်း(ကျင်ခြင်း)ပြပြီးမှ ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းလေ့ရှိကြသည်။

စာရင်းပေးသွင်းပြီးသော ကျင်သန်များကို တစ်တွဲစီ မဲစနစ်ဖြင့် ကစားစေပါသည်။ ကျင်သန်များသည် အုပ်စုအလိုက် နေရာယူထားကြပြီး မဲကျသူအဖမ်းသမား အခံသမားများမှာ ပုဆိုးကိုခါးတောင်းကျိုက်ပြီး ဂါယာခေါ် ပိတ်ညိုစဖြင့် မြဲမြံအောင်ချည်၍ကျင်မကစားမီ ကျင်ဒိုင်၏ ကြီးကြပ်မှုဖြင့် အချင်းချင်းကောပွတ်၍ မိတ်ဆက်ကြရသည်။

ကျင်ကစားရာတွင် အလှည့်ကျသုံးကြိမ် ဖမ်းကြခံကြရသည်။ ဤသို့ အလှည့်ကျ အဖမ်း၊ အခံကစားကြရာတွင် စည်းကမ်းနည်းဖြင့် လက်ထောင်လျှင်၊ ဖင်ထိုင်ကျလျှင် ရှုံးသည်ဟု သတ်မှတ်ထားပါသည်။

ယင်းစည်းကမ်းချက်များအနက် အချို့ကိုဖော်ပြရလျှင် -

(က) ပေါင်ထမ်း၊ ဆွဲနပန်း၊ ပရန်၊ အိပ်ပစ်တို့၌ အဖမ်းဖြစ်စေ၊ အခံဖြစ်စေ၊ နှစ်ဦးနှစ်ဝ (အပစ်)တွင် လက်ထောက်ခွင့်ပြုသည်။ ဝပ်ပြီးမှ အားလွန်ပြီးလက်ပြုတ်၍ မြေကြီးသို့ လက်ထောက်ခဲ့လျှင် ၎င်းသူရှုံးသည်။

(ခ) အဖမ်းဖြစ်စေ၊ အခံဖြစ်စေ ဖက်လုံးချိတ်လိမ်ရင်း မြေသို့ပြိုင်တူ ဘေးချင်းယှဉ်၍ ကျခဲ့လျှင် အလျင်ထနိုင်သူနိုင်သည်။

(ဂ) တောင်ကျော်(ပခုံးကျော်)တွင်မကျော်နိုင်ဘဲ အဖမ်းသမားက မြေကိုဒူးသော်လည်းကောင်း၊ လက်သော်လည်းကောင်း ထောက်မိလျှင် အဖမ်းသမားများပင် ရှုံးသည်။

အထက်ပါ စည်းကမ်းချက်အတိုင်း ကျင်ခြင်း (ကျင်နည်းစနစ်)ပေါ်လွင်အောင် ကစားကြရသည်။ ၎င်းအပြင် ကျင်သန်များသည် တစ်ယောက်နှင့်တစ်ယောက် ချိတ်လိမ်ဖက်လုံးကစားရာ၌ အနာတရမဖြစ်ရလေအောင် စည်းကမ်းချက်များ သတ်မှတ်ထားသည်။ ယင်းတို့အနက် တချို့မှာ -

(က) ကျင်သန်များသည် မြေမှုန့်(သဲ)ကို ကိုင်နိုင်သည်။ သို့သော် တစ်ဖက်သားကို သဲနှင့်ရော၍ မကိုင်ရ၊ မပွတ်ရ။

(ခ) ဖမ်းသည့်အခါဖြစ်စေ၊ ခံသည့်အခါဖြစ်စေ လက်ချောင်းများကို တစ်ချောင်းချင်းဆွဲကိုင်ခြင်းမပြုရ။ လည်မျိုညှစ်ခြင်း၊ ဝင်သီးကို ကိုင်ခြင်းမပြုရ။ မျက်စိ၊ နှာခေါင်း၊ နားရွက်၊ နှုတ်ခမ်း၊ ဆံပင် စသည်တို့ကို ဆွဲကိုင်ခြင်း မပြုရ။

(ဂ) တစ်ဦးနှင့်တစ်ဦး ဆွဲကိုင်ဖျစ်ညှစ်ရာတွင် တစ်ဖက်သား အနာတရမဖြစ်အောင် လက်သည်းများကို လှီးဖြတ်ထားရသည်။



အထက်ပါစည်းကမ်းချက်များနှင့်အညီ ကျင်ကစားရာ၌ စည်းကမ်းမလိုက်နာသောသူများအား အနီးကပ်ကြီးကြပ်နေသည့် ကျင်ဒိုင်များက တားမြစ်သတိပေးကြရသည်။ အကြိမ်ကြိမ် စည်းကမ်းမလိုက်နာသူ၊ ဖောက်ဖျက်သူများကို ပြိုင်ပွဲမှထုတ်ပယ်သည်အထိ အရေးယူနိုင်သည်။

ရခိုင်တိုင်းရင်းသားများသည် ကျင်ပွဲကိုမက်မောကြသည်။ ငယ်ရွယ်သူများမှအစ လူကြီးအထိ ကျား၊ မ မရွေး သွားရောက်အားပေးလေ့ရှိကြသည်။ နိုင်သည့်ကျင်သန်များကို လက်ခုပ်တီးပြီးအသံဖြင့် တစ်ခဲနက်ဩဘာပေးကြသည်။ ကျင်ပွဲကျင်းပပေးသည့် ပွဲလူကြီးများမှ ချီးမြှင့်ပေးသည့်ဆုများအပြင် ပွဲကြည့်ပရိသတ်များကလည်း ဆုချီးမြှင့်လေ့ရှိကြသည်။ အနိုင်ရသူသည် ပွဲကျင်းပရာ အားကစားကွင်းအတွင်း လှည့်ပတ်ကာ လက်ခမောင်းခတ်ပြီး "ကျား"ဟု အော်သံနှင့်အတူ ခုန်ပေါက်ပျော်ရွှင်မြူးတူးစွာ ကျင်ကွင်းပြကြသည်။ ကျင်သန်သည် ဆုချီးမြှင့်သူအား လက်စုံယှက်ကာ ရှိခိုးပြီးမှ ဆုယူလေ့ရှိသည်။

ကျင်ပွဲကို လိုအပ်လျှင် သုံးရက်အထိ ကျင်းပလေ့ရှိသည်။ ကျင်ပွဲနောက်ဆုံးနေ့သည်ကား ရွှေမောင်းရှင်၊ ငွေမောင်းရှင်အဖြစ် ကျင်သန်ဗိုလ်ရွေးသောနေ့ပင်ဖြစ်သည်။ ရခိုင်ရိုးရာကျင်ပွဲသည် ပျော်ရွှင်မှုနှင့် ကာယစွမ်းရည်ကိုမြှင့်တင်ပေးသော အားကစားနည်းတစ်ရပ်ဖြစ်သည်။ ကျင်သန်တို့သည် ကိုယ်ကာယကြံ့ခိုင်သန်စွမ်းခြင်း၊ လျင်မြန်ဖျတ်လတ်ခြင်း၊ ဉာဏ်ကိုလွှာသုံးခြင်းတို့ကို လက်တွေ့ကျကျ လိုက်နာကျင့်သုံးကြရသည်။

ဤကစားနည်းဖြင့် နိုင်ငံတော်၏ လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းနိုင်ကြမည်ပင်ဖြစ်သည်။ မိမိတို့ဘိုးဘေးဘူဇာမှ အစဉ်အလာထိန်းသိမ်းခဲ့သော ရိုးရာအားကစားကိုထိန်းသိမ်းရင်း မြန်မာ့အားကစားကမ္ဘာကိုလွှမ်းမိုးရန် တတ်စွမ်းသမျှ မြှင့်တင်ကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ရည်ညွှန်းချက်**


၁။ ၁၉၇၉ ခုနှစ် ပြည်ထောင်စုနေ့တွင် ရခိုင်ပြည်နယ်မှတင်ဆက်သော "ကျင်"ကကွက်စာတမ်း

၂။ ဦးမောင်မောင်အေး(စစ်တွေ)ရေး - မြန်မာစာပေ၊ ရခိုင်ယဉ်ကျေးမှုစာအုပ်မှ ရခိုင်ရိုးရာကျင်ပွဲ။


## ပင်လုံမှသည်

❖ ငွေနှင်းသိုင်းခြုံ၊ မြို့ပင်လုံ
ဂုဏ်ရည်သင်းပျံ့မွှေး။
ပန်းမျိုးစုံပွင့်၊ လှပတင့်
နေ့ချင့်စဖွယ်လေး။

❖ ကြောင်းကျိုးဝေဖန်၊ ညီလာခံ
ကေန်လွတ်လပ်ရေး။
ပြည်ထောင်စုဖွား၊ တိုင်းရင်းသား
သွေးသားရင်းနီးပေး။

❖ ပြည်ထောင်ချစ်စိတ်၊ မျိုးချစ်စိတ်
ထွတ်ထိပ်ရောက်အောင်မွှေး။
ဗိုလ်ချုပ်ဦးဆောင်၊ လွတ်လပ်အောင်
စွမ်းဆောင်နိုင်ခဲ့သေး။

❖ သူ့ကျွန်မခံ၊ တွန်းတော်လှန်
အောင်သံဝင့်ဝင့်ကြွေး။
ပင်လုံမှသည်၊ ရှေ့သို့ချီ
မြန်ပြည်သာယာရေး။

❖ ပင်လုံစိတ်ဓာတ်၊ လွန်မြင့်မြတ်
ကျင့်အပ်စဉ်မနေး။
စိတ်ဓာတ်လူတိုင်းမွေး။ ။

တက္ကသိုလ်ညိုညိုသန့်

# ဆားလင်းကြီးမြို့နယ် စံပယ်အိမ်ရာစီမံကိန်းရှိ ရွှေ့ပင်းမောလ်ကို ပြေီလတွင် စတင်တည်ဆောက်မည်

**မုံရွာ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် တည်ဆောက်လျက်ရှိသော စံပယ်အိမ်ရာစီမံကိန်းတွင် လာမည့်ဧပြီလမှစတင်၍ရွှေ့ပင်မောလ်ကို စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်းRosewood Capital Co.,Ltd. မှ တာဝန်ရှိသူ ဦးသန်းဆွေထံမှသိရသည်။ စံပယ်အိမ်ရာစီမံကိန်းတွင် (၁၂) ခန်းတွဲ(၅)ထပ် ရှစ်လုံးနှင့် (၈)ခန်းတွဲ (၅)ထပ် လေးလုံး ဆောက်လုပ်မည်ဖြစ်ပြီး (၂၂×၂၄)ပေရှိ အခန်းပေါင်း ၆၄၀ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"စံပယ်အိမ်ရာ စီမံကိန်းမှာ တည်ဆောက်နေတာ အခု ၃၀ ရာခိုင်နှုန်းလောက်ရှိပါပြီ။ တည်ဆောက်မှုအားလုံးကို လာမယ့်ဒီဇင်ဘာလ အပြီးတည်ဆောက်ဖို့စီစဉ်ဆောင်ရွက်နေပါတယ်။ မပြီးခင်အခန်းတွေ အတော်များများရောင်းနိုင်အောင် ဆက်စပ်ကုမ္ပဏီအဖွဲ့တွေ ဆောင်ရွက်နေပါတယ်။ အလုံးအထည်မပေါ်သေးတော့ဝယ်မယ့်သူတွေရှိပေမယ့် ခပ်ဆဆဖြစ်နေကြပါတယ်။ မကြာခင် Steel Structure နဲ့တည်ဆောက်ရင် အလုံးအထည်မြန်မြန်ပေါ်မှာဆိုတော့ ဝယ်ချင်သူတွေ ပိုစိတ်ဝင်စားလာမယ်လို့မြင်မိပါတယ်"ဟု ဦးသန်းဆွေက ပြောပြသည်။

စံပယ်အိမ်ရာစီမံကိန်းတွင် သောက်သုံးရေအတွက် ချင်းတွင်းမြစ်ရေကို သန့်စင်၍အခန်းတိုင်းသို့ဖြန့်ဝေပေးမည်ဖြစ်ပြီး မဟာဓာတ်အားလိုင်းမှ 200 KVA တစ်လုံး၊ 315 KVA နှစ်လုံး တပ်ဆင်ဆက်သွယ်ပေး၍ လမ်းအဆောက်အအုံလုံခြုံရေး မီးရရှိစေပြီး အခန်းတိုင်း ကိုယ်ပိုင်မီတာများ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ယာဉ်ရပ်နားရန်နေရာများ၊ ဓမ္မာရုံ စားသောက်ဆိုင်များ၊ ကုန်စိမ်းကုန်ခြောက်ဈေးဆိုင်တန်းများ၊ ပန်းခြံနှင့် အဆင့်မြင့်ဈေးဝယ်စင်တာများ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ခန့်အပ်ခံရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များ၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ

| | | |
|---|---|---|
| ကချင်ပြည်နယ် | - ဦးထွန်းတင် (ဗန်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဥက္ကဋ္ဌ |
| | - ဦးဒိန်ခန်ဖုန်(ပူတာအိုမြို့နယ် မဲဆန္ဒနယ်အမှတ်-၂ ) | ဒုတိယဥက္ကဋ္ဌ |
| ကယားပြည်နယ် | - ဦးလှထွေး (ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဥက္ကဋ္ဌ |
| | - ဦးတင်မြင့် (လွိုင်ကော်မြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| ကရင်ပြည်နယ် | - ဦးစောချစ်ခင် (လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဥက္ကဋ္ဌ |
| | - ဒေါ်နန်းသူဇာဝင်း (ကော့ကရိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဒုတိယဥက္ကဋ္ဌ |
| ချင်းပြည်နယ် | - ဦးဇိုဘွဲ (ဟားခါးမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးအောင်သန်း (မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဒုတိယဥက္ကဋ္ဌ |
| စစ်ကိုင်းတိုင်းဒေသကြီး | - ဦးသန်း (ကသာမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးဘိုသန်းညွှန့် (အင်းတော်မြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဒုတိယဥက္ကဋ္ဌ |
| မန္တလေးတိုင်းဒေသကြီး | - ဦးအောင်ကျော်ဦး (ပုသိမ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဒေါက်တာခင်မောင်ဌေး (ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| မကွေးတိုင်းဒေသကြီး | - ဦးတာ (စလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးဇော်မျိုးဝင်း (မြို့သစ်မြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| ပဲခူးတိုင်းဒေသကြီး | - ဦးခင်မောင်ရင် (လက်ပံတန်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးကြည်ဇင် (ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| ဧရာဝတီတိုင်းဒေသကြီး | - ဦးအောင်ကျော်ခိုင် (အင်္ဂပူမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးစံမင်းအောင် (ဘိုကလေးမြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| ရန်ကုန်တိုင်းဒေသကြီး | - ဦးတင်မောင်ထွန်း(ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးလင်းနိုင်မြင့် (ကမာရွတ်မြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| တနင်္သာရီတိုင်းဒေသကြီး | - ဦးခင်မောင်အေး (ထားဝယ်မြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးကြည်စိုး (ရေဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| မွန်ပြည်နယ် | - ဒေါ်တင်အိ (သံဖြူဇရပ်မြို့ မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးမင်းမင်းဦး (ဘီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| ရခိုင်ပြည်နယ် | - ဦးစံကျော်လှ (ပုဏ္ဏားကျွန်း မဲဆန္ဒနယ်အမှတ် -၁) | ဥက္ကဋ္ဌ |
| | - ဦးဖိုးမင်း (ရသေ့တောင် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| ရှမ်းပြည်နယ် | - ဦးစိုင်းလုံးဆိုင် (ကျိုင်းတုံ မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးစဝ်အောင်မြတ် (ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |



# ပန်းချီဆရာသုံးဦး၏ ၂၀၁၆ ရေဆေးသီးသန့် ပန်းချီပြပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

Watercolour 2016 အမည်ရှိ ရေဆေးသီးသန့် ပန်းချီပြပွဲကို ပန်းချီဆရာသုံးဦးက ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းရှိ Gallery 65 တွင် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၇ ရက်ထိ လေးရက်တိုင်တိုင် ကျင်းပသွားမည်ဟု သိရသည်။

ရေဆေးပန်းချီဆိုသည်မှာ အကြည်အပါးကို အားပြုသည့် ရေးဟန်ဖြစ်သည်။ ရေနှင့်ဆေးသားကို သမမျှတအောင်ရောစပ်၍ ရေဆေးစက္ကူပေါ်တွင် ရေးဆွဲရခြင်းဖြစ်သည်။ ယခုပြသမည့် ပန်းချီပြပွဲသည် ရေဆေးပန်းချီကိုသာ တစိုက်မတ်မတ် ရေးဆွဲကြသည့် ပန်းချီဆရာများဖြစ်သည့် ပန်းချီမြင့်နိုင်၊ အောင်ဆင့်နှင့် ခင်မောင်ဇော်တို့၏ လက်ရာများဖြစ်သည်။

"အခုပြသမယ့်ပြပွဲက တတိယအကြိမ်မြောက်ပါ။ ပန်းချီကား ၃၆ ကားပါဝင်ပြသမှာပါ။ နောင်နှစ်တွေကျရင်လည်း ပြည်ပက ရေဆေးပန်းချီပညာရှင်တွေကို ဖိတ်ခေါ်ပြီး သူတို့ရဲ့လက်ရာတွေကို ပြပွဲတွေမှာ ထည့်သွင်းပြသသွားဖို့ စီစဉ်နေပါတယ်။ ပြီးတော့ ဒီပြပွဲမှာ ကျွန်တော်တို့သုံးဦးလုံး ရေဆေးနဲ့ရေးဆွဲကြပုံခြင်း တူညီတယ်။ သို့ပေမယ့် တင်ပြတဲ့ပုံစံ၊ အကြောင်းအရာတွေ ကွဲပြားနေတာက လာရောက်ကြည့်ရှုသူတွေကို မတူညီတဲ့ ခံစားမှုတွေမြင်တွေ့ခံစားစေရမှာ သေချာပါတယ်"ဟု ပန်းချီဆရာကိုခင်မောင်ဇော်က ပြောသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-သိမ့်ရွှေရည်**

# ပရဟိတ ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်မှ ရရှိသည့် အလှူငွေများအား လေလွင့်ကလေးများအတွက် လှူဒါန်းသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ Junior Dream ပရဟိတအဖွဲ့မှ ကျင်းပသည့် ပရဟိတဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်တွင် နာမည်ကျော်အနုပညာရှင်များက ကူညီဖျော်ဖြေသွားမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်မှ ရရှိသည့် အလှူငွေများအား လမ်းဘေးလေလွင့် ကလေးငယ်များအတွက် ပြန်လည်လှူဒါန်းသွားမည်ဖြစ်ကြောင်း Junior Dream ပရဟိတအဖွဲ့မှ သိရသည်။

"လေလွင့်ကလေးတွေဆိုတဲ့ နေရာမှာ မိဘမဲ့တွေလည်းပါတယ်။ အိုးမဲ့အိမ်မဲ့ကလေးတွေလည်း ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးထဲက ကလေးတွေချည်းပါပဲ။ ဒီဈေးရောင်းပွဲနဲ့ ဂီတပွဲတော်မှာ အနုပညာအဖွဲ့အစည်းတွေ၊ ပရဟိတအဖွဲ့တွေကနေ ရတဲ့အလှူငွေတွေကို ပြန်လှူမှာပါ" ဟု Junior Dream ပရဟိတအဖွဲ့မှ မအိန္ဒြေနေနွယ်က ပြောသည်။

အဆိုပါ ပွဲတော်တွင်ရရှိသော ရန်ပုံငွေများဖြင့် ရန်ကုန်မြို့အတွင်း မြို့နယ်ရှစ်မြို့နယ်မှ တစ်နှစ်အတွင်း စာရင်းကောက်ယူထားသည့် အသက်နှစ်နှစ်မှ အသက်(၂၀)ကြား လေလွင့်ကလေးငယ် ၈၅ ဦးတို့၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေးများအတွက် တတ်နိုင်သမျှ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုတော် ယုန်လေးက" ဒီပွဲမှာ ဖျော်ဖြေမယ့် အဆိုတော်တွေအားလုံးက အခမဲ့လာရောက်ဖျော်ဖြေမှာပါ။ ကျွန်တော်အပါအဝင် ရသ၊ ဂျင်းနီစတဲ့ အဆိုတော်တွေပါမယ်။ လေလွင့်ကလေးတွေအတွက်ဆိုတော့ ပါဝင်ကူညီတာပါ။ ထိထိရောက်ရောက်လေးဖြစ်စေချင်တယ်" ဟု ပြောသည်။

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးဗဟိုနာယက ဦးနန်းဝင်းက "လမ်းဘေး လေလွင့်ကလေးငယ်တွေအတွက် ရန်ပုံငွေပွဲမှာ ဒါရိုက်တာအဖြစ်ဆောင်ရွက်ပေးဖို့ တောင်းဆိုတာနဲ့ အခကြေးငွေမယူဘဲ ဆောင်ရွက်တာပါ။ တတ်နိုင်တဲ့ဘက်က ပါဝင်ကူညီတဲ့ သဘောပါ"ဟု ပြောသည်။

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အားကစားကွင်းအမှတ်(၁)၌ ပြုလုပ်မည့် အဆိုပါ ဈေးရောင်းပွဲတော်တွင် ပရဟိတ အဖွဲ့အစည်းအသီးသီးမှ ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး Hip Hop တေးသံရှင်များဖြစ်သည့် ယုန်လေး၊ ရသ၊ ကြက်ဖ၊ ဂျင်းနီနှင့် နာမည်ကျော် တေးသံရှင်များ၊ ရွှေသံစဉ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တူးတူး၊ သူထူးစံ၊ မေခလာ၊ ချမ်းချမ်း အစရှိသည့် နာမည်ကျော်တေးသံရှင်များ၊ Metal & Punk Rock Show၊ မျက်လှည့်ပညာရှင် မစ္စတာတော့ပ်၏ မျက်လှည့် ပြကွက်ဆန်းများဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သီသီမင်း)**

# ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကတ္တရာလမ်းဖွင့်

**မူဆယ် ဖေဖော်ဝါရီ ၁၀**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် စည်ပင်သာယာရေးကော်မတီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြို့နယ်စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေကျပ် ၂၁၂ ဒသမ ၁၈သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အကျယ် ၁၂ ပေ၊ အရှည်ပေ ၁၈၀၀ရှိသော ခရစ်ယာန်ရပ်ကွက် ချယ်ရီလမ်းနှင့် အကျယ် ၁၂ ပေ၊ အရှည် ၅၁၅ ပေ ဈေးရပ်ကွက် အထက(၃)ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က လမ်းဆုံမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးမျိုးမြင့်အောင်က လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ လမ်းဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရတံဆိပ်များကို ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးစိုင်းကျော်ဦးက ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးစိုင်းခွန်ကျော်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဇော်တို့ထံ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၁၁၂)**



ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျုံက်ဒုံမြို့ တိုက်နယ်ဆေးရုံမီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများကို ဂျပန်နိုင်ငံ BHA အဖွဲ့၏ လှူဒါန်းမှုဖြင့် ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများကို စတင်၍ ဆိုလာစနစ်ဖြင့် မီးလင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများ ဖွဲ့စည်းရန်လျာထား၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းမှု အတည်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများ ဖွဲ့စည်းရန်လျာထားမှုနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းမှုကို အတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။

အစီအစဉ်အရ **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ** ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်က ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွဋ်နှင့် ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းတို့အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါကော်မတီတွင် ဥက္ကဋ္ဌအဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးတို့အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီကို ဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းနှင့် နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်တို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။** (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီကို ဥက္ကဋ္ဌအဖြစ် ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဇော်မင်းနှင့် ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာမြတ်ဉာဏစိုးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးစတီဖန်တို့အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် အတည်ပြု။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ၁၅ ဦးစီဖြင့် ဖွဲ့စည်းရန်နှင့် ကော်မတီဝင်အမည်များ လျာထားမှု ကြေညာ။

## ဥပဒေကြမ်း ပူးပေါင်းကော်မတီ အမည်စာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဦးအေးသာအောင် | ဥက္ကဋ္ဌ |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ဦးဇော်မင်း | ဒုတိယဥက္ကဋ္ဌ (၁) |
| ၃။ | နောင်ချိုမဲဆန္ဒနယ် | ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် | ဒုတိယဥက္ကဋ္ဌ (၂) |
| ၄။ | ချောင်းဆုံမဲဆန္ဒနယ် | ဒေါ်ခင်ဌေးကြွယ် | အဖွဲ့ဝင် |
| ၅။ | ပြည်ကြီးတံခွန်မဲဆန္ဒနယ် | ဦးကျော်စိုးလင်း | အဖွဲ့ဝင် |
| ၆။ | ပုသိမ်မဲဆန္ဒနယ် | ဦးဝေလှိုင်ထွန်း | အဖွဲ့ဝင် |
| ၇။ | လမ်းမတော်မဲဆန္ဒနယ် | ဦးခင်မောင်ဝင်း | အဖွဲ့ဝင် |
| ၈။ | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | ဗိုလ်မှူးချုပ် မောင်မောင် | အဖွဲ့ဝင် |
| ၉။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) | ဦးအောင်ကြည်ညွှန့် | အဖွဲ့ဝင် |
| ၁၀။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) | ဦးသိန်းလွင် | အဖွဲ့ဝင် |
| ၁၁။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဒေါ်ကျိန်ငိုက်မန် | အဖွဲ့ဝင် |
| ၁၂။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) | ဒေါ်နွယ်နွယ်အောင် | အဖွဲ့ဝင် |
| ၁၃။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဦးကျော်ကျော် | အဖွဲ့ဝင် |
| ၁၄။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဒေါက်တာ မြတ်ဉာဏစိုး | အတွင်းရေးမှူး |
| ၁၅။ | ကျိုင်းတုံမဲဆန္ဒနယ် | ဦးစတီဖန် | တွဲဖက် အတွင်းရေးမှူး |

## တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အစည်းအဝေးများကျင်းပ

**ချင်းပြည်နယ်**

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဟားခါးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇိုဘွဲ့နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် မင်းတပ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်သန်းတို့အား ပြည်နယ်လွှတ်တော်က ရွေးချယ်တင်မြှောက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ဖလမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဆလိုင်းလျန်လွယ်အား ပြည်နယ်လွှတ်တော်သဘာပတိ ရွေးချယ်တင်မြှောက်သည်။ ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။ **ပြည်နယ်ပြန်/ဆက်**

**မကွေးတိုင်းဒေသကြီး**

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပခဲ့ရာတွင် ကိုယ်စားလှယ် ၆၈ ဦး တက်ရောက်ခွင့်ရှိကြောင်း၊ ကိုယ်စားလှယ် ၆၈ ဦး တက်ရောက်ခဲ့၍ ရာနှုန်းပြည့်တက်ရောက်ကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကို စလင်းမဲဆန္ဒနယ်မှ ဦးတာနှင့် ဒုတိယဥက္ကဋ္ဌကို မြို့သစ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇော်မျိုးဝင်းတို့ကို တင်မြှောက်ခဲ့ကြောင်း သိရသည်။ **ဇွဲထက်ရှင်**

**စစ်ကိုင်းတိုင်းဒေသကြီး**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ စတင်ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိအဖြစ် ကောလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်းကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ထို့နောက် ကသာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသန်းအား လွှတ်တော်ဥက္ကဋ္ဌအဖြစ် အတည်ပြုရွေးချယ်တင်မြှောက်ခဲ့ကြပြီး အင်းတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဘိုးသန်းညွှန့်ကို လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် အတည်ပြုရွေးချယ်တင်မြှောက်ခဲ့သည်။ **တိုင်းဒေသကြီးပြန်/ဆက်**

**မန္တလေးတိုင်းဒေသကြီး**

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်၌ဆက်လက်ကျင်းပသည်။ ထို့နောက် လွှတ်တော်ကော်မတီများ ဖွဲ့စည်းရေးအတွက် လျာထားအမည်စာရင်းများတင်ပြရာ ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်က ဥက္ကဋ္ဌ၊ ပျော်ဘွယ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးက အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ငါးဦးပါ ဥပဒေပြုရေးဆိုင်ရာ ကော်မတီဖွဲ့စည်းရန် လျာထားအမည်စာရင်းကိုလည်းကောင်း၊ မိုးကုတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းတင်(ခ)ဦးသောင်းတင်က ဥက္ကဋ္ဌ၊ မိတ္ထီလာမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်းက အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ငါးဦးပါ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီဖွဲ့စည်းရန် လျာထားအမည်စာရင်းကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်က ဥက္ကဋ္ဌ၊ ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ငါးဦးပါ ဒေသန္တရစီမံကိန်း အရအသုံး ငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီဖွဲ့စည်းရန် လျာထားအမည်စာရင်းကိုလည်းကောင်း တင်ပြကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**

**ကယားပြည်နယ်**

ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ကို ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အညီကျင်းပခဲ့ရာ မယ်စဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအယ်လ်ဖောင်းအား ကယားပြည်နယ်လွှတ်တော်သဘာပတိအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ခဲ့ရာ ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလှထွေးအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ခဲ့ပြီး လွိုင်ကော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်မြင့်အား ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ **ခရိုင်ပြန်/ဆက်**

**တနင်္သာရီတိုင်းဒေသကြီး**

ဒုတိယအကြိမ်တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့)အား တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက စတင်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၃၁ ဦးတက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကရင်တိုင်းရင်းသားမဲဆန္ဒနယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် စောလုကာအား သဘာပတိအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးကောက်တင်မြှောက်ခဲ့ရာ ထားဝယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရေဖြူမဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်စိုးအား လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခြင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျောက်တံခါး၊ ဖြူး၊ ကျောက်ကြီးမြို့နယ်များတွင် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပ

**ဖဒို ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ကျောက်တံခါး၊ ဖြူး၊ ကျောက်ကြီး မြို့နယ်များတွင် ဖေဖော်ဝါရီလအတွင်း၌ ကရင်တိုင်းရင်းသားများ၏နှစ်စဉ် ကျင်းပမြဲဖြစ်သော ရိုးရာနှစ်သစ်ကူး ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပနေတာပါ။ နှစ်စဉ် တပို့တွဲလဆန်း ၁ ရက်ရောက်တိုင်း ကျွန်တော်တို့ ဖြူးမြို့နယ် ပျဉ်းမပင် ကျေးရွာမှာ ကျင်းပတာပါ။ ကျောက် တံခါးမြို့နယ်မှာကတော့ ဖဒိုမြို့မှာ ကျင်းပပါတယ်။ ကျောက်ကြီးမြို့နယ် မှာလည်း လုပ်ပါတယ်။ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများအတိုင်း ကရင်ရိုးရာအမွေအနှစ်တွေကို မျိုးဆက် သစ်လူငယ်တွေကို လက်ဆင့်ကမ်းပေး တဲ့သဘောပါ"ဟု ကရင်အမျိုးသား စောနီချဲက ပြောသည်။

"ကျွန်တော်တို့ ဖဒိုမှာကတော့ စဉ်ဆက်မပြတ် ကျင်းပလာတာ ကြာပါပြီ။ မြို့နယ်အဆင့် တာဝန် ရှိသူတွေကို ဖိတ်ကြားပြီး ကရင်ရိုးရာ စားသောက်ဖွယ်ရာတွေ၊ ရိုးရာဓလေ့ ပြခန်းတွေ၊ ရိုးရာအဝတ်အစားတွေကို ရောင်းချပြီး ညဘက်ဆို ရန်ကုန်က အဆိုတော်တွေငှားပြီး ကျင်းပပါ တယ်။ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကလည်း ပွဲတော်ကျင်းပ နိုင်ရေး အလှူငွေများပေးအပ်လှူဒါန်း ပါတယ်"ဟု ဒေသခံတစ်ဦးက ပြော သည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**




# မောင်းသူမဲ့လေယာဉ်ဖြင့် ဓာတ်ပုံရိုက်မှု ခေတ်စားလာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**



အညာဒေသဓာတ်ပုံလောကတွင် ဒရုန်းခေါ် မောင်းသူမဲ့လေယာဉ်ပျံဖြင့် ကောင်းကင်ဓာတ်ပုံရိုက်မှုခေတ်စားလာနေရာ ကွန်ပျူတာနှင့် ထိန်းချုပ်ခြင်းဖြင့် ဓာတ်ပုံရိုက်ခြင်းဖြစ်သည်။ ဂြိုဟ်တုဆက်သွယ်ရေးဖြင့် ပေ ၂၀၊ ၃၀ အကွာမှ နေ၍ အောက်ခြေမြင်ကွင်းကို အသင့်ပါသော အားကောင်းသည့် ကင်မရာ ဖြင့် ဓာတ်ပုံရိုက်ခြင်းဖြစ်သည်။ နိုင်ငံခြားတွင် လူမပါသောယာဉ်ပျံဖြင့် သူလျှို လုပ်ခြင်းတစ်မျိုးဖြစ်သည်။

အညာဒေသတွင် ဓာတ်ပုံလုပ်ငန်းရှင်အချို့က ခေတ်နှင့်အပြိုင် သိန်း ၂၀၊ ၂၅ သိန်းဖြင့်ဝယ်ယူ၍ သူ့ထက်ငါအပြိုင် မြေပြင်၏မြင်ကွင်းကို ကောင်းကင်မှ မှတ်တမ်းတင်ခြင်းဖြစ်သည်။ ယခုအခါ ခုနစ်သိန်း၊ ၁၀ သိန်း ရှိသည်။ ဒရုန်းတစ်ကြိမ်သုံးလျှင် ငွေကျပ် ၁၀၀၀၀၀၊ ငွေကျပ် ၁၅၀၀၀၀ ပေးကြရသည်။ အညာဒေသအလှူရှင်လောင်းလှည့်ပွဲ၌ ခေတ်စားနေသည်။ ဒရုန်းသည် ဘက်ထရီဖြင့်ပျံသန်းပြီး ကွန်ပျူတာနှင့် ဂြိုဟ်တုကိုချိတ်ဆက်၍ ၁၅ မိနစ်၊ နာရီဝက်၊ တစ်နာရီအထိ ဒရုန်းအမျိုးအစားအလိုက် ပျံသန်းရသည်။ မြေပြင်မှကွန်ပျူတာနှင့် ထိန်းချုပ်ကြသည်။ ပထမဦးစွာ ဂြိုဟ်တုနှင့် ဆက်သွယ် ရရန် ဒရုန်းကိုစက်နှိုးပြီး အဝိုင်းတစ်ပတ် လှည့်၍ ကွန်ပျူတာက ထိန်းကာ ပျံသန်းခြင်းဖြစ်သည်။ ယခုအခါ ဒရုန်းသုံးစွဲမှုကို ကန့်သတ်လာပြီး လိုင်စင်ဖြင့် ထိန်းချုပ်ရန် သက်ဆိုင်ရာကစီစဉ်လျက်ရှိသည်။ အညာဒေသတွင် ဒရုန်းကို ဓာတ်ပုံရိုက်ကူးရေးတွင် ပိုမိုတွင်ကျယ်စွာ အသုံးပြုနေကြသည်။ ဒရုန်းဈေးကွက် ရှင်သန်လျက်ရှိသည်။ **(ငွေးမြင့်မောင်)**

# စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် မြေဩဇာလုပ်ငန်းလုပ်ကိုင်သူများသိရှိစေရန် အသိပေးကြေညာချက်

❖ မြေဩဇာကော်မတီသည် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်း ပြည့်မီ သော မြေဩဇာများကို စိုက်ပျိုးရေးလုပ်ကိုင်သူများ သုံးစွဲနိုင်ရန် ဓာတ်ခွဲ စမ်းသပ်စစ်ဆေးမှုများ စနစ်တကျပြုလုပ်ပြီး မြေဩဇာမှတ်ပုံတင်လက်မှတ် များ ထုတ်ပေးလျက်ရှိပါသည်။

❖ ယခုအခါတွင် ဈေးကွက်အတွင်း မြေဩဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေဩဇာများရောင်းဝယ်ခြင်းများ၊ မြေဩဇာဖြန့်ဖြူးရောင်းချခွင့် လိုင်စင် မရှိဘဲ ဖြန့်ဖြူးရောင်းချနေသူများရှိနေကြောင်း သိရှိရပါသည်။

❖ အောက်ဖော်ပြပါ မြေဩဇာများမှာ မြေဩဇာကော်မတီတွင် မှတ်ပုံတင် ထားခြင်းမရှိသဖြင့် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှု အာမခံချက် မရှိကြောင်း အသိပေးအပ်ပါသည်။

❖ ယင်းမြေဩဇာများကို ဝယ်ယူသုံးစွဲမိသူများမှာ သီးနှံအထွက်နှုန်းများ ထိခိုက်လျော့နည်းပြီး သုံးစွဲသူများအတွက် စီးပွားရေးတွက်ခြေမကိုက်ဘဲ ဆုံးရှုံးနစ်နာမှုများဖြစ်နိုင်သဖြင့် မြေဩဇာကော်မတီတွင် မှတ်ပုံတင်ထား သော မြေဩဇာများကိုသာ ဝယ်ယူသုံးစွဲရန် တိုက်တွန်းအပ်ပါသည်။

❖ မြေဩဇာထုတ်လုပ်၊ တင်သွင်းသည့် ကုမ္ပဏီ၊ လုပ်ငန်းများ၊ မြေဩဇာ ရောင်းချသည့် အရောင်းဆိုင်များသည် မြေဩဇာကော်မတီတွင် မှတ်ပုံ တင်ထားခြင်းမရှိသော မြေဩဇာများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက မြေဩဇာဥပဒေပုဒ်မ (၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅) တို့အရ အရေးယူ မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေဩဇာကော်မတီ**

## မှတ်ပုံတင်လက်မှတ်မရှိသော မြေဩဇာများစာရင်း

| စဉ် | မြေဩဇာအမည် | ဖော်ပြထားသော စံချိန်စံညွှန်း | တွေ့ရှိရဒေသ |
|---|---|---|---|
| ၁။ | ဟာမိုနီပဲမျိုးစုံ အထူးရွက်ဖျန်းဆေး A<br>ဟာမိုနီပဲမျိုးစုံ အထူးရွက်ဖျန်းဆေး B | (NPK:30%) | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၂။ | ရှင်းသန့်အမိုင်နို အသီးအပွင့် အားဆေးရည် | (စံချိန်စံညွှန်း မပါရှိပါ။) | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၃။ | ဒို့လယ်သမား(၂) ရွက်ဖျန်းအားဆေးရည် | (စံချိန်စံညွှန်း မပါရှိပါ။) | ရန်ကုန်မြို့မ၊ ရန်ကုန် တိုင်းဒေသကြီး။ |
| ၄။ | Enriched Compost Fertilizer<br>Shwe Myay Si Organic Fertilizer Factory<br>Taungoo (25)Kg | (N:9%,P:3%, K:2%+TE) | ကော့မှူးမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး။ |
| ၅။ | Foliar Fertilizer (ယိုးဒယားစာ) (aos3) | (စံချိန်စံညွှန်း မပါရှိပါ။) | ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်။ |

# ဝိနယာနုဂ္ဂဟ စာအောင်သံဃာများ အောင်လက်မှတ် ဆက်ကပ်

**သရက် ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြို့နယ်လုံးဆိုင်ရာ ကျောင်းထိုင် ဆရာတော်များ ကျင်းပအပ်သော ဝိနယာနုဂ္ဂဟစာမေးပွဲ ဖြေဆိုအောင်မြင် သည့် သံဃာများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ရွှေဘုံသာကျောင်းတိုက်အတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သံဃာ့ဝန်ဆောင် ရေဦးကျောင်းတိုက် ဦးစီးပဓာနဆရာတော်ထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး စာမေးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့လှကျောင်း ဦးစီးပဓာနဆရာတော်က ဝိနယာနုဂ္ဂဟစာမေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်အား မိန့်ကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က သာသနာရေးဆိုင်ရာ များ လျှောက်ထားပြီး ခရိုင်သာသနာ့နုဂ္ဂဟ ဥက္ကဋ္ဌ ဦးတင်ထွဋ်က အလှူရှင် များ၏ လှူဒါန်းမှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စာအောင် သံဃာတော်များအား အောင်လက်မှတ်များဆက်ကပ်ပြီး မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘာဝနာကျောင်းတိုက်ဆရာတော်က လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

**ဇော်ထက်(သရက်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုဘဝမြှင့်တင်ရေးအတွက် အသက်မွေးဝမ်း ကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းကို ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ၌ ဖေဖော်ဝါရီ ၂ ရက်က ဖွင့်လှစ်သင်ကြားခဲ့သည်။

သင်တန်းကို တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်းက ဖွင့်လှစ်ပေးပြီး သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများ အခမဲ့ပံ့ပိုးပေးခဲ့သည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၆၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၂ ရက် အထိ ၁၄ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြင်ဦးလွင်မြို့နယ် သစ်တောနယ်မြေများအတွင်း ကော်ဖီစိုက်ပျိုးလုပ်ကိုင်သည့် မြေနေရာများနှင့်ပတ်သက်၍ ရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တော ဦးစီးဌာနမှ ပြင်ဦးလွင်မြို့နယ် သစ်တောနယ်မြေများအတွင်းရှိ သစ်တောကြိုးဝိုင်း လေးခုအတွင်း လုပ်ငန်းရှင် ၆၀၅ ဦး၏ ကော်ဖီစိုက်ပျိုးထားသည့် ၁၁၅၅၂ ဧက စိုက်ပျိုးပြုစုထိန်းသိမ်းထားမှုကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းနှင့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြော ကြားခြင်းအခမ်းအနားကို နေပြည်တော် သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲသို့ ကော်ဖီစိုက်ပျိုးသည့် လုပ်ငန်းရှင် စုစုပေါင်း ၄၄၄ ဦး တက်ရောက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဖျာပုံတွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့်

**ဖျာပုံ ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးဆောင်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာ စကားပြောကြားသည်။ ဆက်လက်၍ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သတင်းထောက် သပြေထွန်းက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပပေးခြင်းအတွက် ကျေးဇူး တင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင် များပေးအပ်ခြင်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးဆုရရှိသူများ၊ အထက်တန်းအဆင့် ကျပန်းစကားပြောဆုရရှိသူများနှင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပြီး ဖျာပုံမြို့ အထက(၁)မှ ကျောင်းသား ကျောင်းသူလေးများက "ပြည်မြန်မာ" တေးသီချင်းဖြင့်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **(ဝဓဇ)**

## ပြည်တွင်းရေးရာ



ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း။

### ❍ ဇီကာဗိုင်းရပ်စ်

ဇီကာဗိုင်းရပ်စ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနခွဲနဲ့ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲတို့က အဓိကတာဝန်ယူဆောင်ရွက်နေပြီး ကုသရေးဦးစီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ဦးစီးဌာနတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး စနစ်တကျ စီမံချက်ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဇီကာဗိုင်းရပ်စ်ရောဂါ မြန်မာနိုင်ငံအတွင်းကို ကူးစက်ပြန့်ပွားမှုမရှိစေဖို့၊ ကူးစက်မှုဖြစ်ပွားလာရင်လည်း ဖြစ်ပွားသေဆုံးမှုလျော့နည်းစေဖို့နဲ့ နောက်ဆက်တွဲ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးပြဿနာတွေ လျော့နည်းစေဖို့ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုပူးပေါင်းဆောင်ရွက်ရာမှာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ ဇီကာဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အခုလ ၄ ရက်က ကျင်းပခဲ့တယ်။ အဲဒီအစည်းအဝေးမှာ ရှေ့ဆက်လက်ဆောင်ရွက်မယ့် ရောဂါကာကွယ်ရေးလုပ်ငန်းတွေကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ကျန်းမာရေးအသိပညာပေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဆရာဝန်တွေ၊ ဆေးပညာရှင်တွေကြားမှာလည်း ပညာရပ်ဆိုင်ရာ အသိပညာတိုးပွားစေဖို့အတွက် သူနာပြုတက္ကသိုလ်(ရန်ကုန်)မှာ နှီးနှောဖလှယ်ပွဲတစ်ခုကို လာမယ့် ၁၃ ရက်မှာ ဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဇီကာဗိုင်းရပ်စ်ရောဂါဟာ နိုင်ငံတစ်နိုင်ငံကတစ်နိုင်ငံ ကူးစက်ပြန့်ပွားနိုင်ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံမှာလည်း ရောဂါဖြစ်ပွားမှုတွေရှိတဲ့အတွက် နိုင်ငံဖြတ်ကျော် ဝင်ပေါက်၊ ထွက်ပေါက်တွေဖြစ်တဲ့ နယ်စပ်ဒေသတွေ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွေ၊ လေယာဉ်တွေ၊ ဆိပ်ကမ်းတွေမှာရှိတဲ့ ကုန်သေတ္တာတွေကတစ်ဆင့် ဇီကာဗိုင်းရပ်စ်ပိုးသယ်ဆောင်တဲ့ အေးဒီးစ်ခြင်ကျား ဝင်ရောက်နိုင်တဲ့အတွက် နယ်စပ်ဂိတ်တွေ၊ လေဆိပ်၊ ဆိပ်ကမ်းတွေမှာ ခြင်နဲ့ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းတွေကို အိမ်နီးချင်းနိုင်ငံတွေ အပါအဝင် ကမ္ဘာ့နိုင်ငံတွေနဲ့ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် ကမ္ဘာ့နိုင်ငံတွေနဲ့ပူးပေါင်းပြီး ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ရောဂါစတင်ဖြစ်ပွားတဲ့နေရာဒေသ၊ စတင်ဖြစ်ပွားပုံနဲ့ ကျွန်တော်တို့နိုင်ငံမှာ အရင်က ဖြစ်ပွားခဲ့ဖူးတာရှိပါသလား။**

ဖြေ။ ။ ဇီကာရောဂါဟာ ဇီကာဗိုင်းရပ်စ်ရောဂါပိုးကြောင့်ဖြစ်ပွားတဲ့ ရောဂါတစ်မျိုးဖြစ်ပြီးတော့ ဇီကာဗိုင်းရပ်စ်ရောဂါပိုး သယ်ဆောင်တဲ့ အေးဒီးစ်အမျိုးအစားခြင်ကျားကိုက်ခံရခြင်းကြောင့် ရောဂါကူးစက်ဖြစ်ပွားရခြင်းဖြစ်ပါတယ်။

ဇီကာဗိုင်းရပ်စ်ရောဂါပိုးကို ၁၉၄၇ ခုနှစ်မှာ ယူဂန်ဒါနိုင်ငံက မျောက်တွေမှာ စတင်စမ်းသပ်တွေ့ရှိခဲ့ပြီး ၁၉၅၂ ခုနှစ်မှာ ယူဂန်ဒါနဲ့ တန်ဇန်းနီးယားနိုင်ငံတွေမှာ လူတွေကို ကူးစက်မှုရှိကြောင်း တွေ့ရှိခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်ကစပြီး ပစိဖိတ်ဒေသ၊ အမေရိကဒေသနဲ့ အာဖရိကဒေသတွေမှာ ဇီကာရောဂါကပ်အသွင်ဖြစ်ပွားမှုတွေရှိခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်အထိ နိုင်ငံပေါင်း ၃၃ နိုင်ငံမှာ ဇီကာဗိုင်းရပ်စ်ရောဂါပိုးကူးစက်မှုတွေဖြစ်ပွားလျက်ရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာထားပါတယ်။

မြန်မာနိုင်ငံမှာတော့ အခုအချိန်အထိ ဇီကာဗိုင်းရပ်စ်ရောဂါဖြစ်ပွားသူလူနာ မတွေ့ရှိသေးပေမယ့် ရောဂါပိုးသယ်ဆောင်တဲ့ အေးဒီးစ်ခြင်ကျားဟာ မြန်မာနိုင်ငံမှာရှိတာကြောင့် ရောဂါဖြစ်ပွားသူတွေ့ရင် ခြင်ကတစ်ဆင့်ကူးစက်ပြန့်ပွားနိုင်ခြေ မြင့်မားလာနိုင်တာကြောင့် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားဖို့ အလွန်အရေးကြီးပါတယ်။

**မေး။ ။ ဇီကာရောဂါရဲ့ ရောဂါလက္ခဏာအခြေအနေဘယ်လိုရှိတယ်ဆိုတာ သိလိုပါတယ်။**

ဖြေ။ ။ ဇီကာဗိုင်းရပ်စ်ရောဂါပိုးကို သယ်ဆောင်တဲ့ အေးဒီးစ်ခြင်အမျိုးအစားဟာ သွေးလွန်တုပ်ကွေးနဲ့ ဆင်တုပ်ကွေး (Chikungunya) ရောဂါပိုးတွေကို သယ်ဆောင်ပေးတဲ့ ခြင်အမျိုးအစားဖြစ်ပါတယ်။

အဲဒီခြင်ကျားကိုက်ခံရပြီး ရက်အနည်းငယ်အကြာမှာ ရောဂါလက္ခဏာတွေ စတင်ဖြစ်ပွားနိုင်ပြီး အများဆုံးတွေ့ရှိရတဲ့ ရောဂါလက္ခဏာတွေက ရုတ်တရက်ဖျားတာ၊ အရေပြားမှာ အနီရောင် အကွက်/အစက်တွေထွက်တာ၊ မျက်သားနီပြီး ရောင်ရမ်းတာ၊ ကြွက်သားနဲ့ အဆစ်အမျက်တွေ နာကျင်ကိုက်ခဲတာ၊ မအီမသာဖြစ်တာနဲ့ ခေါင်းကိုက်တာတွေဖြစ်ပြီး ရောဂါလက္ခဏာတွေကို နှစ်ရက်ကနေ ခုနစ်ရက်အထိ ခံစားရနိုင်ပါတယ်။

ဇီကာရောဂါရဲ့ နောက်ဆက်တွဲဆိုးကျိုးကတော့ ကိုယ်ဝန်ဆောင်မိခင်တွေမှာ ဦးခေါင်းသေးငယ်တဲ့ ကလေးငယ်တွေ မွေးဖွားခြင်း (Microcephaly)နဲ့ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်ပါတယ်။ ဒီလိုကျန်းမာရေးပြဿနာတွေကြောင့် ကလေးငယ်တွေ ဉာဏ်ရည်ဖွံ့ဖြိုးမှု နောက်ကျစေနိုင်ပြီးတော့ မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်။ နောက်ပြီး နိုင်ငံကုန်ထုတ်လုပ်မှုစွမ်းအားကို ကျဆင်းစေတဲ့ ရောဂါဆိုးတစ်မျိုးဖြစ်ပါတယ်။

**မေး။ ။ ဇီကာဗိုင်းရပ်စ်ရောဂါ မဖြစ်ပွားအောင်တားဆီးနိုင်တဲ့ ကာကွယ်ဆေးရှိပါသလား။ ဖြစ်ပွားလာရင်ဘယ်လိုကုသရမလဲ။**

ဖြေ။ ။ ဇီကာဗိုင်းရပ်စ်ရောဂါကို ကြိုတင်ကာကွယ်နိုင်တဲ့ ကာကွယ်ဆေးမရှိသလို ကုသဖို့ ဆေးဝါးလည်း မရှိသေးပါဘူး။ ဒါကြောင့် ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို တိကျစွာ လိုက်နာဆောင်ရွက်ကြဖို့ အရေးကြီးပါတယ်။

**မေး။ ။ ဇီကာဗိုင်းရပ်စ်ရောဂါ ကူးစက်မခံရအောင် လိုက်နာဆောင်ရွက်ရမယ့် ကြိုတင်ကာကွယ်တဲ့ နည်းလမ်းတွေကို ရှင်းပြပေးပါဦး။**

ဖြေ။ ။ မြန်မာနိုင်ငံမှာတော့ အခုအချိန်အထိ ဇီကာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားသူလူနာ မတွေ့ရှိသေးပေမယ့် ရောဂါပိုးသယ်ဆောင်တဲ့ အေးဒီးစ်ခြင်ကျားဟာ မြန်မာနိုင်ငံမှာ ရှိတာကြောင့် ရောဂါဖြစ်ပွားသူ တစ်ဦးရှိခဲ့ရင် ခြင်ကတစ်ဆင့် ကူးစက်ပြန့်ပွားနိုင်ခြေ မြင့်မားတာကြောင့် ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေဖို့အတွက် အကောင်းဆုံးကာကွယ်နည်းက ခြင်ကျားပိုးလောက်လမ်းနှိမ်နင်းဖို့နဲ့ ခြင်ကိုက်ခံရခြင်းမရှိအောင် နေထိုင်ရေးဖြစ်ပါတယ်။

အေးဒီးစ်ခြင်ကျားတွေဟာ ရေလှောင်ထားတဲ့ အိုး၊ ခွက်၊ တိုင်ကီ၊ ပန်းအိုးတွေ၊ ရေတင်ကျန်တဲ့ ကားတာယာ၊ ပလတ်စတစ်ခွက်တွေမှာရှိတဲ့ ရေကြည်၊ ရေသန့်၊ ရေငြိမ်တွေမှာ ပေါက်ပွားနိုင်ပြီး အမှောင်ရိပ်ရတဲ့ နေရာတွေနဲ့ တွဲလောင်းကျနေတဲ့ အဝတ်အစားတွေမှာ ခိုနားလေ့ရှိပြီး နေထွက်မှ နေဝင်ချိန်အထိ ကိုက်တတ်ပါတယ်။

ဒါကြောင့် အိမ်တိုင်း၊ ကျောင်းတိုင်း၊ ရုံးဌာနတိုင်းမှာ ခြင်ကျားလောက်လမ်း မပေါက်ပွားစေဖို့နဲ့ ခြင်ကျားအကိုက်မခံရစေဖို့အတွက် ကာကွယ်ရေးလုပ်ငန်းတွေကို လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ခြင်ကိုက်မခံရအောင် ကာကွယ်ဖို့ အလွန်အရေးကြီးပါတယ်။ ပြီးတော့ လိင်ကတစ်ဆင့် ကူးစက်နိုင်တယ်လို့ လေ့လာတွေ့ရှိထားတဲ့အတွက် အိမ်ထောင်သည်တွေအနေနဲ့လည်း ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း သိရှိပြီး လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။




**မေး။ ။ ဇီကာရောဂါပိုးဟာ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေနဲ့ သက်ဆိုင်ပါသလား။**

ဖြေ။ ။ အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် မိုးသည်းထန်စွာရွာတာ၊ ရေကြီးတာ၊ အပူချိန်လွန်ကဲတာနဲ့ ပူပြင်းခြောက်သွေ့တာတွေကြောင့် ဇီကာဗိုင်းရပ်စ်ရောဂါနဲ့ သွေးလွန်တုပ်ကွေးရောဂါတွေ ကူးစက်ဖြစ်ပွားနိုင်ခြေရှိလို့ ရောဂါကာကွယ်ရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ညွှန်ကြားထားပါတယ်။

ဒီလိုရောဂါကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ တာဝန်ရှိတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေသာမက ပြည်သူလူထုတစ်ဦးချင်း၊ အိမ်ထောင်စုတစ်ခုချင်းက ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်သွားကြဖို့ အရေးကြီးတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းထားပါတယ်။

**မေး။ ။ ပြည်သူတွေကို ဘယ်လိုများ အသိပညာပေးပြောကြားလိုပါသေးသလဲ။**

ဖြေ။ ။ ဇီကာဗိုင်းရပ်စ်ရောဂါ ကိုယ်ဝန်ဆောင်မိခင်တွေကို ကူးစက်ခံရရင် ဦးနှောက်နဲ့ ဦးခေါင်းသေးငယ်တဲ့ ကလေးငယ်တွေ မွေးဖွားနိုင်တဲ့အတွက် ကိုယ်ဝန်ဆောင်မိခင်တွေအနေနဲ့ ခြင်ကိုက်မခံရအောင် ကာကွယ်ဖို့ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ခြင်နှိမ်နင်းရေးနဲ့ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းတွေကို ပြည်သူလူထုတစ်ဦးချင်း၊ အိမ်ထောင်စုတစ်ခုချင်းမှ လိုက်နာပါဝင်ဆောင်ရွက်ကြဖို့ အလွန်အရေးကြီးတာကို ပြောကြားလိုပါတယ်။ ခုနက ကျွန်တော်ပြောခဲ့တဲ့အတိုင်း ပိုးလောက်လမ်းနဲ့ ခြင်ပေါက်ပွားမှုတွေကို မရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ် စတဲ့လုပ်ငန်းတွေကို ကျန်းမာရေးဝန်ကြီးဌာနနဲ့အတူ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ ပြည်သူလူထုတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့နဲ့ ရောဂါလက္ခဏာတွေ တွေ့ရှိခဲ့ရင် နီးစပ်ရာကျန်းမာရေးဌာနတွေကို ချက်ချင်းသွားရောက်ပြသကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ။

**မေးမြန်းစုစည်း-မောင်ဖိုးဇော်(ကလေး)၊ ရှင်မင်း**
**ဓာတ်ပုံ-သစ္စာမေတ္တာ**

## ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ ၃၉ ခုမြောက် ဟုမ္မလင်းဘဏ်ခွဲ ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ ၃၉ ခုမြောက် ဘဏ်ခွဲဖြစ်သော ဟုမ္မလင်းဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို အမှတ်(၁၅၄) ခိုပဲ့ဝရပ် အကွက်အမှတ်(၉) ခိုင်သဇင်လမ်း ဟုမ္မလင်းမြို့ရှိ အဆောက်အအုံ၌ ယနေ့နံနက် ၉ နာရီ ၃၆ မိနစ်က ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမြသိန်း၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ဟုမ္မလင်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဟုမ္မလင်းမြို့တွင် အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲတစ်ခုဖွင့်လှစ်ခြင်းဖြင့် ဟုမ္မလင်းမြို့ပေါ်နှင့် မြို့နယ်အတွင်းနေထိုင်သူ တိုင်းရင်းသားပြည်သူများအားလုံး ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စအဝဝအား ဟုမ္မလင်းဘဏ်ကိုဗဟိုပြုကာ မြန်မာပြည်အနှံ့အပြားသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

### ❂ မြန်မာအသင်းမှ

နေလင်းထွန်းနှင့် ကိုယ်ရေးကိုယ်တာ ကိစ္စရှိနေသည့် ဟိန်းသီဟဇော်တို့နှစ်ဦးသာ လာရောက်လေ့ကျင့်ခဲ့ခြင်း မရှိပေ။ ထို့အပြင် ဒဏ်ရာပြဿနာကြောင့် ကလပ်အသင်းများတွင် ပါဝင်ကစားနိုင်ခြင်းမရှိသေးသည့် ကစားသမားများလည်း လာရောက်လေ့ကျင့်ခဲ့ပြီး ဒူးဒဏ်ရာကြောင့် ကာလရှည်ကြာစွာ အနားယူနေရသည့် ကွင်းလယ်လူ ငြိမ်းချမ်းအောင်မှာလည်း အသင်းနှင့်အတူ စတင်လေ့ကျင့်ခဲ့သည်။ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ငြိမ်းချမ်းအောင်အား ကျော်မင်းဦးနှင့်တွဲဖက်ကာ အပေါ့စားလေ့ကျင့်မှုများ ပြုလုပ်စေခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဖေဖော်ဝါရီ ၃ ရက်က စတင်လေ့ကျင့်ခဲ့ပြီး မတ် ၁၀ ရက်အထိ အပတ်စဉ် ဗုဒ္ဓဟူးနေ့များတွင် ထပ်မံလေ့ကျင့်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၉ ရက်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲအဖြစ် လက်ဘနွန်အသင်းနှင့် အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပွဲမတိုင်မီ မတ် ၂၃ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းမည်ဖြစ်သည်။

## မလှိုင်တွင် ဆင္ဃမအကြိမ် မျက်စိအခမဲ့ ခွဲစိတ်ကုသပေးမည်

**မလှိုင် ဖေဖော်ဝါရီ ၁၀**

မလှိုင်မြို့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းက မလှိုင်နှင့် ပတ်ဝန်းကျင်မြို့များရှိ မျက်စိရောဂါဝေဒနာရှင်များကို ဆဋ္ဌမအကြိမ်မြောက် ကုသိုလ်ဖြစ်မျက်စိခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ အစီအစဉ်ဖြင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဇော်ထွန်း (ထီလာဦးမျက်စိအထူးကုဆေးခန်း)နှင့် ဒေါက်တာမေသူအောင်တို့ ဦးဆောင်သော မျက်စိအထူးကုဆရာဝန်များက မလှိုင်မြို့ ရှစ်မျက်နှာစာသင်တိုက်ရှိ ဗလငါးတန်ကုသိုလ်ဖြစ်ဆေးခန်းတွင် ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ ကုသကြမည်ဖြစ်သည်။

မျက်စိရောဂါဝေဒနာရှင် ၂၀၀၀ ခန့်အား စစ်ဆေးကုသပေးမည်ဖြစ်ပြီး အတွင်းတိမ်၊ ရေတိမ် ၂၅၀ တို့အား ခွဲစိတ်ကုသပေးရန် စီစဉ်ထားသည်။ ဤကုသိုလ်ဖြစ် ခွဲစိတ်ကုသမှုလုပ်ငန်းတွင် ပါဝင်ကုသိုလ်ယူလိုပါက မလှိုင်မြို့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ကမ္ဘောဇဘဏ် မလှိုင်ဘဏ်ခွဲ ငွေစာရင်းအမှတ်-၁၄၆၁၂၂၀၀၀၀၅၁၄) သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ချီးမြှင့်ထိုက်သူကို သင်္ဂဟတရားနှင့်အညီ ချီးမြှင့်ခြင်းသည် ကောင်းမြတ်သည့် မင်္ဂလာတစ်ပါးဖြစ်

မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)

**ချီးမြှင့်ထိုက်သူကို သင်္ဂဟတရားနှင့်အညီ ချီးမြှင့်ခြင်းသည် ကောင်းမြတ်သည့် မင်္ဂလာတစ်ပါးဖြစ်သည်။ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် နိုင်ငံ့စွမ်းဆောင်ရည်ဆု ရရှိခဲ့ကြသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် ပီတိစကားသံများကို မြန်မာ့သတင်းစဉ်မှ စုစည်းမေးမြန်း ဖော်ပြအပ်ပါသည်။**


ဒေါက်တာလှမြင့်


ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်


ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း


ဦးအောင်နိုင်ဦး


ဦးကျော်မြင့်လှိုင်

**ဒေါက်တာလှမြင့်**
**ဗဟိုအဆင့်ဆေးရုံများ ကွပ်ကဲရေးမှူး (အောက်မြန်မာပြည်)**

လွန်ခဲ့တဲ့နှစ်က ကျွန်တော် ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီးတာဝန် ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်လောက်ကစပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တိုးချဲ့မွမ်းမံ ပြင်ဆင်ပြုပြင်ရေးနဲ့ အဆင့်မြှင့်တင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ပြုပြင်ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၁ ခုနှစ်လောက်ကစပြီး ကျန်းမာရေးဝန်ကြီးဌာနကို ရန်ပုံငွေတွေ တိုးမြှင့်ချထားပေးခဲ့တယ်။ ၂၀၁၃ ခုနှစ်ကလည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနဲ့ အဆင့်မြှင့်တင်ရေး ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။ ကော်မတီရဲ့ လမ်းညွှန်မှုတွေနဲ့ ဆေးရုံကြီးအဆင့်မြှင့်တင်နိုင်ဖို့ ဆောင်ရွက်ခဲ့တယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မအဆောင်ကြီးဟာ နှစ် ၁၀၀ ကျော်ရှိနေပါပြီ။ ယခင် (၂၂)နှစ် အတွင်းမှာ ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှာ အဆောက်အအုံတိုးချဲ့မှုတွေ မရှိခဲ့ဘူး။ ရန်ကုန်ဆေးရုံကြီး ပင်မဆောင်ပြင်ဖို့ဆိုရင် ပင်မဆောင်ထဲက လူနာတွေထားဖို့ လိုအပ်လာပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့ ဒါတွေကအစ စဉ်းစားသုံးသပ်ပြီး ငါးထပ်တိုးချဲ့အဆောက်အအုံကို တိုးချဲ့ဆောက်လုပ်ခဲ့တယ်။ တိုးချဲ့တဲ့ ငါးထပ်ဆောင်ကို ခေတ်မီစွာ တည်ဆောက်ခဲ့တယ်။ ဒါကြောင့် ပင်မဆောင်ကလူနာတွေကို ရွှေ့ပြောင်းနိုင်ခဲ့ပြီး ပင်မဆောင်ကြီးကို ပြုပြင်နိုင်ခဲ့တယ်။

ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်တဲ့အခါ အသွင်သဏ္ဌာန်ရော အနှစ်သာရရောပါ ပြုပြင်ပြောင်းလဲရတယ်။ အသွင်သဏ္ဌာန်အရ လူနာတွေ တိုးတက်များပြားလာတဲ့အပေါ်မှာ မူတည်ပြီး နေရာတွေပေးနိုင်အောင် ဆောင်ရွက်ရတယ်။ အနှစ်သာရအနေနဲ့ ကုသမှုအပိုင်းမှာ ခေတ်မီအောင် ဆောင်ရွက်ခဲ့ရတယ်။ ခါတ်ကင်တဲ့စက်တွေ၊ အဏုမြူရောင်ခြည်သုံးပြီး ရောဂါရှာဖွေရေးစက်တွေ၊ စီတီတွေကို နိုင်ငံတော်က ဖြည့်ဆည်းပေးခဲ့တယ်။ အဲဒါတွေကို တပ်ဆင်ပြီး ရောဂါရှာဖွေရေးလုပ်ငန်းတွေ အဆင့်မြင့်အောင် ဆောင်ရွက်ခဲ့တယ်။ ဝန်ထမ်းပိုင်းမှာဆိုရင်လည်း ကျွမ်းကျင်ဝန်ထမ်းတွေရော သက်ဆိုင်ရာ ဆရာဝန်ကြီးတွေ၊ ပါမောက္ခကြီးတွေကိုလည်း ကုသမှုစွမ်းဆောင်ရည် မြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ဒီလုပ်ငန်းတွေကို ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြတဲ့အတွက် ဒီဆုကို ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ကျန်းမာရေးအတွက် စိုက်ထုတ်ကုန်ကျငွေ တတ်နိုင်သမျှ ကျဆင်းအောင်နဲ့ အရေးပေါ် အတွင်းလူနာတွေ စရိတ်စကမကုန်အောင် CT၊ MRI ရိုက်တာကအစ အခမဲ့ဖြစ်အောင် ဆောင်ရွက်ပေးတယ်။ အတွင်းလူနာတွေကိုလည်း တော်တော်များများ အခြေခံဆေးဝါးတွေ ထောက်ပံ့ပေးနိုင်ခဲ့တယ်။ ခါတ်ခွဲစမ်းသပ်မှုတွေကိုလည်း ပြုလုပ်နိုင်ခဲ့တဲ့အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာ တစ်နိုင်ငံလုံး စံပြအဖြစ် ဆောင်ရွက်ခဲ့သလို တစ်ပြည်လုံးမှာရှိတဲ့ ဆေးရုံတွေအနေနဲ့ ဒါကို စံနမူနာယူပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြလို့ ဒီဆုကိုရရှိခြင်းဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ တာဝန်ထမ်းဆောင်သက် ကာလတစ်လျှောက်လုံးမှာ ဒီလိုချီးမြှင့်မှုမျိုးကို တစ်ခါမှ မကြုံခဲ့ဖူးပါဘူး။ ဒီလို ဂုဏ်ပြုခြင်းခံရတာ ဝမ်းသာပီတိ ဖြစ်ရပါတယ်။

**ဒေါက်တာတင်ထွတ်**
**ပါမောက္ခချုပ်**
**တောင်ငူတက္ကသိုလ်**

ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့တာနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် ၂၀၁၁ ခုနှစ်ကစပြီး နိုင်ငံတော်အစိုးရနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေတွေနဲ့ တက္ကသိုလ်ရဲ့ အသွင်သဏ္ဌာန်ရော အနှစ်သာရကိုပါ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကြီးကို ရှေးမူမပျက်အောင် ထိန်းသိမ်းပြီး အဆင့်မီအောင် ဆောင်ရွက်နိုင်ခဲ့တယ်။ ဆရာ ဆရာမတွေ စွမ်းဆောင်ရည်မြှင့်တင်ဖို့အတွက် နိုင်ငံတကာအဆင့်မီ ပူးပေါင်းဆောင်ရွက်မှုတွေ ဆောင်ရွက်နိုင်ခဲ့တယ်။ သုတေသနအပိုင်းမှာလည်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တယ်။ ကျောင်းသားကျောင်းသူတွေ အရည်အသွေးမြှင့်တင်နိုင်ဖို့အတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ကစပြီး ဘွဲ့ကြိုတန်းတွေ ဖွင့်လှစ်နိုင်ခဲ့တယ်။

ဘွဲ့ယူမယ့် ကျောင်းသားတွေအတွက် အဆောင်တွေကို ပြန်လည်နေထိုင်ခွင့် ပြုထားပြီးဖြစ်ပါတယ်။ အဆောင်တွေကို ပြန်လည်ပြုပြင်မွမ်းမံပြီး ကျောင်းသား ကျောင်းသူတွေ နေထိုင်ပညာသင်ကြားနေကြပြီဖြစ်ပါတယ်။ တက္ကသိုလ်ကျောင်းသားဆိုတဲ့ ဘဝအရသာကို ခံစားနိုင်ပြီဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

ကျွန်တော်တို့ ရခဲ့တဲ့ဆုက မြစိမ်းရောင်အကောင်အထည်ဖော်တဲ့ စွမ်းရည်ဆုဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတက ၂၀၁၁ ခုနှစ် စတင်တာဝန်ထမ်းဆောင်တဲ့အချိန်ကစပြီး ကျေးလက်ဒေသရဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အပေါ်မှာ စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ရဲ့ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သမ္မတက တာဝန်ယူဆောင်ရွက်ခဲ့ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တာဝန်ကို ဒုတိယသမ္မတတစ်ဦးက တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ဝန်ကြီးဌာနရှစ်ခုနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ကျွန်တော်တို့ရဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက Focal Ministry အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်မယ့် မဟာဗျူဟာ မူဘောင်တွေကို အကောင်အထည်ဖော်နိုင်ရေး စီမံခဲ့ပါတယ်။ အဲ့ဒီစီမံကိန်းတွေကို ဆောင်ရွက်တဲ့အခါမှာ သိသာထင်ရှားတဲ့ အကောင်အထည်ဖော်မှုကတော့ မြစိမ်းရောင်ကျေးရွာစီမံကိန်းပဲ ဖြစ်ပါတယ်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်တဲ့အခါမှာ ဦးစီးဦးဆောင်ကြတဲ့ ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေက တာဝန်ယူဆောင်ရွက်ခဲ့ရပါတယ်။

ကျွန်တော်တို့အနေနဲ့ နှစ်စဉ်စီမံကိန်းနဲ့အညီ အကောင်အထည်ဖော်မှာဖြစ်သလို လာမယ့်နှစ်မှာလည်း ကျေးရွာပေါင်း နှစ်ထောင့်တစ်ရာအတွက် မြစိမ်းရောင်စီမံကိန်းကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အသားကဏ္ဍ၊ ငါးကဏ္ဍတွေကိုလည်း ဆောင်ရွက်သွားဖို့ ရှိပါတယ်။ နိုင်ငံတော် သမ္မတရဲ့ စွမ်းဆောင်ရည်ဆု ချီးမြှင့်ခံရတဲ့အတွက် ဝမ်းသာပါတယ်။ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာကတော့ အောက်ခြေက ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ကူညီပံ့ပိုးပေးတဲ့ကုမ္ပဏီ၊ အုပ်ချုပ်မှုအဖွဲ့အစည်းတွေ၊ အထူးသဖြင့် လက်တွေ့အကောင်အထည်ပေါ်အောင် ဆောင်ရွက်ပေးတဲ့ ကျေးရွာသားတွေကြောင့် ဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း**
**သမ္မတရုံးဝန်ကြီးဌာန**

ဒီနေ့ ဆုပေးပွဲမှာ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့က ငြိမ်းချမ်းရေးကိစ္စအတွက် ရရှိတာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် အစိုးရစတက်ကတည်းက ငြိမ်းချမ်းရေး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် ငါးနှစ်ထဲ ရောက်ရှိခဲ့ပြီးတော့ ဒီကာလမှာ ကြိုးစားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အန်စီအေလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီအပေါ်မှာ မူတည်ပြီး မူဘောင်တွေ ရေးဆွဲနိုင်ခဲ့တယ်။ ပြီးတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ လုပ်ဆောင်ခဲ့တယ်။ ဒါတွေအားလုံးဟာ တောက်လျှောက် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကတော့ ဒီနေရာမှာ ရပ်ထားလို့ မရပါဘူး။ ဆက်ပြီးတော့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဘယ်အစိုးရပဲတက်တက် လူတိုင်းမှာ တာဝန်ရှိပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် ဆက်လက်ပြီးတော့ လုပ်ဆောင်သွားရမှာပါ။

**ဦးအောင်နိုင်ဦး**
**ညွှန်ကြားရေးမှူးချုပ်**
**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**
**အတွင်းရေးမှူး**

အဓိကဆုရတာတော့ ကျွန်တော်တို့တိုင်းပြည်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့လို့ ဆုရရှိခဲ့တယ်လို့ သုံးသပ်မိပါတယ်။ ဆုရဖို့ရယ်လို့ မရည်မှန်းခဲ့ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဟာ နိုင်ငံ့ဝန်ထမ်းတွေဖြစ်တဲ့အတွက် ပေးအပ်လာတဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့တာပါ။ တိုင်းပြည်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ကိုယ်ကျရာကဏ္ဍကနေ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစစအရာရာ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အားလုံးကြိုးပမ်းမှု ရလဒ်ကြောင့်လည်း ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာတယ်လို့လည်း သုံးသပ်မိပါတယ်။

**ဦးကျော်မြင့်လှိုင်**
**ညွှန်ကြားရေးမှူးချုပ်**
**ဆည်မြောင်းဦးစီးဌာန**

ကျွန်တော်တို့ ဒီနေ့ ဆုပေးပွဲမှာ ဝန်ထမ်းများကိုယ်စား ကျွန်တော်တို့အဖွဲ့ကိုယ်စားပြု ရှစ်ယောက် တက်ရောက်ပါတယ်။ ကျွန်တော်တို့ လုပ်ကိုင်ဆောင်ရွက်ခဲ့ရတဲ့ အပေါ်မှာ နိုင်ငံတော်အကြီးအကဲက အသိအမှတ်ပြုတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ ဌာနအတွက် အင်မတန်ဂုဏ်ရှိတဲ့ဆုကို ပေးအပ်ချီးမြှင့်ခြင်းခံရတယ်လို့လည်း မြင်ပါတယ်။ ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ဌာနအနေနဲ့ ကျေးလက်နေပြည်သူတွေ၊ တောင်သူလယ်သမားတွေအတွက် စိုက်ပျိုးဖို့၊ ရေကြီးနစ်မြုပ်မှုတွေကာကွယ်ဖို့၊ ဆားငန်ရေဝင်တာတွေကာကွယ်ဖို့၊ လျှပ်စစ်ဓာတ်အားတွေ ထုတ်လုပ်ပေးနိုင်ဖို့၊ ရေလိုတဲ့အချိန်မှာ ရေရှိဖို့အတွက်ကို အဓိကထားပြီး ဆောင်ရွက်သွားမှာပါ။

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၁၀-၂-၁၆)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ နှစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ တစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ သတင်းစာထုတ်ဝေခွင့် တစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် ရှစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ခုနစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၂ ဦး ပေါင်းလုပ်ငန်းအသစ် ၂၈ ဦးနှင့် သတင်းအေဂျင်စီ အသစ်တစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ထုတ်ဝေသူအမည်ပြောင်း ၁၂ ဦးတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၄၃ ဦးနှင့် အသစ်လျှောက်ထားသူ ၂၆၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၁ ဦးနှင့် အသစ်လျှောက်ထားသူ ၇၁၅ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၂၆ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ၃၀၃၇ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။


ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦးနှင့် မဂ္ဂဇင်းအသစ် လျှောက်ထားသူ သုံးဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းရေးရာ

## ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသတွင် ဘက်ထရီဆိုင်ကယ် အငှားလုပ်ငန်းရှင်များအသင်းဖွဲ့စည်းနိုင်ရေး ဆွေးနွေး


ပုဂံဒေသတွင် ဘက်ထရီဆိုင်ကယ်ဖြင့် လည်ပတ်နေကြသည့် နိုင်ငံခြားသားများအား တွေ့ရစဉ်။

**ပုဂံ ဖေဖော်ဝါရီ ၁၀**

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသရှိ E-Bike ဘက်ထရီဆိုင်ကယ် အငှားလုပ်ငန်းရှင်များ အသင်းဖွဲ့စည်းနိုင်ရေး ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက ပုဂံမြို့သစ် သမုဒ္ဒရာဇ်ရပ်ကွက်ရှိ For Green E-Bike အငှားဆိုင်တွင် ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဦးဝင်းတင်(ဇာမဏီ)က အဖွင့်စကားပြောကြားပြီး အသင်းအဖွဲ့လုပ်ငန်းဆိုင်ရာ ရည်ရွယ်ချက်များကို ပုဂံဒေသအဖွဲ့အတွင်းရေးမှူး ဦးဝင်းမောင်က ရှင်းလင်းပြောကြားသည်။ ထို့နောက် E-Bike ဘက်ထရီဆိုင်ကယ်အငှားလုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေးအတွက် ဦးမြင့်ဆွေ (ForGreen) က အကြံပြု ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသော E-Bike လုပ်ငန်းရှင်းများက ပြန်လည်ဆွေးနွေးကြသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် နိုင်ငံခြားသားဧည့်သည်များကို ခရီးသွားဝန်ဆောင်မှုပေးနေသော မြင်းလှည်း ၂၀၀ ကျော်၊ စက်ဘီး ၂၀၀၀ ကျော်၊ အငှားကား ၁၀၀ ကျော်၊ E-Bike ဆိုင်ကယ် ၁၀၀၀ ကျော်တို့ဖြင့် ဝန်ဆောင်ပေးလျက်ရှိရာ အခြားအသင်းအဖွဲ့များရှိသော်လည်း E-Bike အသင်းမှာ ယခုမှ စတင်ဖွဲ့စည်းနိုင်ရန် ဆွေးနွေးကြခြင်းဖြစ်သည်။

E-Bike ဆိုင်ကယ် အငှားဝန်ဆောင်မှုများကို ပုဂံရှေးဟောင်းယဉ်ကျေးဒေသတွင် ညောင်ဦး၊ ပုဂံမြို့ဟောင်းမြို့သစ်၊ ဝက်ကျင်းအင်းနေရာများတွင်ငှားရမ်းနိုင်ပြီး တစ်ရက်ငှားရမ်းခ ယခင်က ငွေကျပ် ၁၀၀၀၀ ကျော်မှ ယခုနှစ်တွင် ငွေကျပ် ၈၀၀၀ ခန့်ဖြင့်သာ ငှားရမ်းပြီး ပုဂံဒေသအနှံ့ စိတ်တိုင်းကျ လည်ပတ်ကြည့်ရှုလေ့လာနိုင်ကြမည်ဖြစ်သည်။

အဆိုပါ E-Bike ဆိုင်ကယ်များကို အသုံးပြုလည်ပတ်ရာတွင် လွယ်ကူစွာ မောင်းနှင်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ဆူညံခြင်းနှင့် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ခြင်း၊ ကားမဝင်ရောက်နိုင်သော နေရာများအထိ စီးနင်းနိုင်ခြင်း၊ ဈေးနှုန်းသက်သာစွာဖြင့်ငှားရမ်းနိုင်သောကြောင့် ယခုနှစ်ပိုင်းတွင် ခရီးသွားများ စီးနင်းမှုတိုးတက်များပြားလာကြောင်း သိရသည်။

(ဝဝ၂)



## သဘာဝသစ်သီးဝလံများကို အစားထိုးစားသုံးလာ

**မြင်းမူ ဖေဖော်ဝါရီ ၁၀**

ဆောင်းကုန်သည်နှင့် နွေ၏အပူချိန်က မြင့်တက်လာသည်။ လူတို့၏ခန္ဓာကိုယ်တွင် ရေဓာတ်ခန်းခြောက်လာသည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် သောက်ရေသန့်များကို အားကိုးရသည်။ အချို့သောက်သုံးရေများသည် သောက်သုံးရန်မသင့်ဟူသော သတိပေးချက်များကြောင့် သောက်သုံးရန် အဆင်မပြေဘဲ သဘာဝသစ်သီးဝလံများကိုသာ အစားထိုး၍ စားသုံးနေကြသည်။

၎င်းတို့တွင် နွေရာသီ၏ သစ်သီးဝလံဖြစ်သော ဆီးပန်းသီး၊ ဆီးကြက်ဥ၊ သင်္ဘောသီး၊ ငှက်ပျောသီးအစရှိသည်တို့အနက် သခွားမွှေးနှင့် ဖရဲသီးတို့သည် နွေရာသီ၏ သစ်သီးဝလံများအနက် လူကြိုက်အများဆုံးဖြစ်သော သီးနှံဖြစ်သည်။ မုံရွာ-မန္တလေးကားလမ်းဘေးတစ်လျှောက် မန္တလေးကန်တော်ကြီး လမ်းဘေးဝဲ/ယာနှင့် ချောင်းဦး-မုံရွာလမ်းတစ်လျှောက်တို့တွင် ကိုယ်ပိုင်အရောင်းဆိုင်များကို အများဆုံးတွေ့နိုင်ပါသည်။

သခွားမွှေးနှင့် ဖရဲသီးတို့ကို ဒေသခံများသာမက ဘုရားဖူးခရီးသည်များကပါ အများဆုံးနှစ်နှစ်ခြိုက်ခြိုက် စားသုံးကြသည်ကို တွေ့ရှိရသည်။ “ရှေ့လကစပြီး ပခန်းကိုကြီးကျော်ပွဲ၊ အလောင်းတော်ကဿပပွဲ၊ အမေရေယာဉ်ဇီးတောပွဲ၊ အလုံဘိုးဘိုးပွဲတွေက တပေါင်းလပြည့်ကျော်အထိ ဆက်တိုက်လာတော့မှာ။ ဒါ့ကြောင့် အခင်းကထွက်တဲ့ အသီးတွေမှန်သမျှ တရုတ်မပို့တော့ဘူး။ ကိုယ့်ဆိုင်ပေါ် ကိုယ်တင်ရောင်းတော့မယ်။ ဒါမှ ဓာတုဆေးဝါးကင်းလွတ်တဲ့ အသီးနှံတွေကို ပြည်သူတွေ ကျန်းမာရေးနှင့်အညီ စားသုံးနိုင်မယ်မဟုတ်လား” ဟူ၍ သခွားမွှေးရောင်းတောင်သူတစ်ဦး၏ ပြောပြချက်ကိုကြားသိခဲ့ရသည်။

ထို့ကြောင့် စားသုံးသူများအနေဖြင့် ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ရောင်းသော ဓာတုဆေးဝါးကင်းလွတ်သည့် အရောင်းဆိုင်များတွင်သာ ဝယ်ယူစားသုံးသင့်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(၆၂၄)

## ဂျပန်နိုင်ငံအစိုးရက ရှမ်းပြည်နယ်၏ အသေးစားစီမံကိန်းသုံးခုအတွက် အမေရိကန်ဒေါ်လာ ၆၁၄၆၉၄ ဒေါ်လာ ထောက်ပံ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဂျပန်နိုင်ငံအစိုးရသည် ရှမ်းပြည်နယ်ရှိ အသေးစားစီမံကိန်းများ ထောက်ပံ့ပေးရေးအစီအစဉ်အရ စီမံကိန်းသုံးခုအား လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် အမေရိကန်ဒေါ်လာ ၆၁၄၆၉၄ ဒေါ်လာ ထောက်ပံ့ပေးအပ်ခဲ့သည်။

ရှမ်းပြည်နယ်ရှိ အဆိုပါစီမံကိန်းသုံးခုမှာ မူဆယ်မြို့နယ် ကမ္ဘောဇသိင်္ဂီအမှတ်(၁)သီလရှင်ပညာရေးကျောင်း ဆောက်လုပ်ရေး (မူလတန်းလွန်ကျောင်း) စီမံကိန်း၊ ကွမ်းလုံမြို့နယ် ကွမ်းလုံအခြေခံပညာအထက်တန်းကျောင်းဆောက်လုပ်ရေးစီမံကိန်းနှင့် လားရှိုးမြို့နယ် အထွေထွေပြည်သူ့ဆေးရုံကြီးအတွင်းရှိ သီးသန့်လူနာကုသဆောင် ဆောက်လုပ်ရေးစီမံကိန်းတို့ဖြစ်ပြီး ကမ္ဘောဇသိင်္ဂီအမှတ်(၁) သီလရှင်ပညာရေးကျောင်းအတွက် အမေရိကန်ဒေါ်လာ ၁၇၄၇၅၃ ဒေါ်လာ၊ ကွမ်းလုံအခြေခံပညာအထက်တန်းကျောင်းအတွက် အမေရိကန်ဒေါ်လာ ၂၄၆၀၄၇ ဒေါ်လာနှင့် လားရှိုး အထွေထွေပြည်သူ့ဆေးရုံကြီးအတွင်းရှိ သီးသန့်လူနာကုသဆောင်အတွက် အမေရိကန်ဒေါ်လာ ၁၉၃၈၉၄ ဒေါ်လာ ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထောက်ပံ့ခြင်းအခမ်းအနားများကို ဖေဖော်ဝါရီ ၆၊ ၇၊ ၈ ရက်တို့တွင် မူဆယ်၊ ကွမ်းလုံနှင့် လားရှိုးမြို့နယ်များတွင် ကျင်းပခဲ့သည်။ ကမ္ဘောဇသိင်္ဂီသီလရှင်ပညာရေးကျောင်းတွင် လုံလောက်သောစာသင်ခန်းများရှိခဲ့သော်လည်း ဂျပန်နိုင်ငံအစိုးရမှ ပံ့ပိုးမည့်စီမံကိန်းကြောင့် ကျောင်းသား ကျောင်းသူ ၇၈၉ ဦး အကျိုးခံစားရမည်ဖြစ်ကြောင်း သိရသည်။

ကွမ်းလုံအခြေခံပညာအထက်တန်းကျောင်းအတွက် သံကူကွန်ကရစ် နှစ်ထပ်စာသင်ဆောင်တစ်ဆောင်၊ အိမ်သာများနှင့် ကျောင်းသုံးပရိဘောဂများကို ဂျပန်အစိုးရက ပံ့ပိုးပေးခဲ့ခြင်းဖြစ်သည်။ လားရှိုးအထွေထွေပြည်သူ့ဆေးရုံကြီးတွင် အိတ်ချ်အိုင်ဗွီကူးစက်လူနာများသီးသန့်ဆောင် မရှိသဖြင့် အထွေထွေလူနာဆောင်များနေရာချထားပေးခဲ့ခြင်းဖြစ်သည်။ ဂျပန်အစိုးရ၏ ထောက်ပံ့ပေးမှုကြောင့် အိတ်ချ်အိုင်ဗွီသီးသန့်လူနာဆောင်နှင့် ဆေးရုံသုံးပစ္စည်းများကြောင့် ၂၆ မြို့နယ်မှ ဒေသခံပေါင်း ၁၇၅၃၆၃၂ အကျိုးခံစားရမည်ဖြစ်သည်။

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်အဖြစ် ၁၉၉၃ ခုနှစ်မှစတင်ကာ စီမံကိန်းပေါင်း ၄၇၇ ခုကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ ပညာရေးထောက်ပံ့ရေးစီမံကိန်းပေါင်း ၃၄၅ ခု၊ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရေးစီမံကိန်းပေါင်း ၁၉၃ ခုနှင့် လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်စီမံကိန်းပေါင်း ၁၃၈ ခု၊ အခြေခံအဆောက်အအုံစီမံကိန်းပေါင်း ၁၆ ခုနှင့် အခြားအမျိုးမျိုးသောစီမံကိန်းပေါင်း ၁၅ ခုတို့ကို ထောက်ပံ့ပေးခဲ့ပြီး လက်ရှိ မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ပိုမိုတိုးတက်ခိုင်မာလာစေမည်ဖြစ်ကြောင်းလည်း သိရသည်။

(နိုင်လင်းကြည်)

## အွန်လိုင်းကြော်ငြာများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် မိုဘိုင်းဖုန်းအသုံးပြုရောင်းချခြင်းဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

အွန်လိုင်းကြော်ငြာများ၏ ၈၀ ရာခိုင်နှုန်းခန့်ကို မိုဘိုင်းဖုန်းများ အသုံးပြု၍ ရောင်းချလာကြောင်း မြန်မာ့အခမဲ့ ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် www.ads.com.mm က ထုတ်ပြန်ခဲ့သည်။

“ကျွန်တော်တို့ ကြော်ငြာအများစုကို အသုံးပြုသူတွေက မိုဘိုင်းကနေ ကြည့်ရှုတာက ၈၀ ရာခိုင်နှုန်းလောက်ရှိပြီး ကျန် ၂၀ ရာခိုင်နှုန်းကို Laptop နဲ့ Tablet ကနေ ရောင်းချလာတာကို တွေ့ရှိရပါတယ်။

လက်ရှိမှာ အိုင်တီနဲ့ ဆက်စပ်ပစ္စည်းတွေက လူကြိုက်အများဆုံး ကဏ္ဍတစ်ခုဖြစ်ပါတယ်။ မြန်မာပြည်ရဲ့ အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်မှာလည်း လူတွေပိုပြီးအသုံးပြုလာတယ်။ အွန်လိုင်းကနေ စီးပွားရေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်လာတာတွေ တွေ့ရှိတယ်။ အနောက်တိုင်းနဲ့ အာရှနိုင်ငံတချို့မှာ တွင်ကျယ်စွာ အသုံးပြုမှုက ဆယ်စုနှစ် တစ်စုကျော်နေပါပြီ” ဟု အဆိုပါ ဝက်ဘ်ဆိုက်၏ Head of Public Relation ဖြစ်သူ Mr. Elijah Htang က ဆိုသည်။

မြန်မာနိုင်ငံ၏ အွန်လိုင်းဈေးကွက်သည် ၂၀၁၅ ခုနှစ်အလွန်တွင် အသုံးပြုသူ ပိုမိုမြင့်တက်လာကြောင်းနှင့် လက်ရှိ ပြည်တွင်းစမတ်ဖုန်းအသုံးပြုသူများ၏ ၆၀ ရာခိုင်နှုန်းခန့်မှာ အွန်လိုင်းဝက်ဘ်ဆိုက်များ၊ Social Media များကို ကျယ်ပြန့်စွာ အသုံးပြုလာကြောင်း သိရသည်။

(မွန်းဦးနဒီ)

## ကွမ်းသီးအစိုများ အိန္ဒိယနယ်စပ်မှ ကလေး-တမူးဒေသအထိ စားသုံးသူများပြားလာပြီး ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ထွန်း

**ရေး ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အဓိကစီးပွားဖြစ် စိုက်ပျိုးရေးဒေသထွက်ကုန်များအနက် ရာသီပေါ်ခြံထွက်ကွမ်းသီးအစိုများမှာ အိန္ဒိယနယ်စပ်များဖြစ်သော ကလေး၊ တမူးမြို့များအပြင် မန္တလေး၊ မတ္တရာဒေသအထိပါ စားသုံးသူများပြားလာ၍ ဈေးကွက်အတွင်း ဝယ်လိုအားမြင့်တက်လာသဖြင့် တစ်ပိုင်တစ်နိုင်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်သူများမှာ အကျိုးအမြတ် များစွာရရှိပြီး လုပ်ငန်း အဆင်ပြေနေကြကြောင်း သိရသည်။

ရေးဒေသထွက် ကွမ်းသီးအစိုအရောင်းအဝယ် လုပ်ကိုင်နေသူကုန်သည်တစ်ဦးက ကွမ်းသီးအသစ်များထွက်ရှိသည့် ဇန်နဝါရီလပိုင်းမှ ဈေးကွက်အတွင်း ကွမ်းသီးအစိုများ ပိုမိုဝင်ရောက်လာကာ ဖေဖော်ဝါရီလကုန်ခန့်အထိ ကွမ်းသီးအစိုများကို တစ်လုံးလျှင် ၂၇ ကျပ်မှ ၂၉ ကျပ်အထိ တောင်သူများကနေတစ်ဆင့် ပေးဝယ်ကြရ၍ တောင်သူများကလည်း ကွမ်းသီးအစိုဈေးကွက်မှာ ယခင်နှစ်တွေထက် ဈေးပိုမိုရကြကာ တောင်သူများရော ကုန်သည်များပါ အကျိုးအမြတ်များရကြ၍ တွက်ခြေကိုက်ကြကြောင်း ၎င်းက ပြောသည်။

ရေးမြို့နယ်ဒေသမှ ထွက်ရှိသည့် ကွမ်းသီးများမှာ ကွမ်းသီးအစိုလက်လီဈေးကို ၂၉ ကျပ်အထိ ရရှိကြပြီး ကွမ်းသီးအခြောက် တစ်ပိဿာလျှင် ကျပ် ၄၁၀၀ အထိရရှိကြရာ ကွမ်းသီးရာသီပေါ်ဈေးကွက်များ ရရှိလာသည့် တစ်လျှောက်လုံးမှာ ခြံရှင်နှင့် ကုန်သည်များပါ လုပ်ငန်းအဆင်ပြေနေကြသည့်အပြင် ပြည်တွင်းစားသုံးသူများသာမက အိန္ဒိယနယ်စပ်ဒေသအထိပါ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

ထွန်းထွန်း (ရေး)



## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၁ - ၂ -၂၀၁၆ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ အနုပညာသတင်းအစီအစဉ်
၈း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၉း၃၅ လှပစုံလင်အာဆီယံတစ်ခွင်
၁၀း၃၅ အလုပ်အကိုင်အခွင့်အလမ်း အစီအစဉ်
၁၁း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၂း၃၅ ပြည်သူတို့ထံပျံ့သန်းလာသော လေလှိုင်းများ၏ နှစ်(၇၀)ပြည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနုပညာသည်တို့၏ ပီတိများ (အပိုင်း-၃) (ဒါရိုက်တာ-ဦးအောင်မြင့်မြတ်)
၁း၁၀ သုခမရင်ခွင်အငြိမ့်သဘင် "တစ်ခိုင်လုံးရွှေအငြိမ့်"
၃း၃၅ Weekly Sports Info
၄း၃၅ Football Magazine
၅း၁၅ မြန်မာ့ရုပ်မြင်ဖန်သားပြင်မှ ကြည်နူးခံစားတစ်ခါက တေးများ
၅း၃၅ ထာဝရပြည်ထောင်စုရဲ့စွမ်းအား (NRC)
၆း၁၀ MRTV အနာဂတ်လင်းလက်တောက်ပလျှက်
၆း၂၀ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်(၇၀)ပြည့် အထိမ်းအမှတ်ဆိုကြမယ်၊ ပျော်ကြမယ် ဆု(၃)ကြိမ်နှင့်အထက် ရရှိသူများ၏ ဖျော်ဖြေမှုအစီအစဉ်
၆း၄၀ တွေ့ကြုံဝေမျှ တိုင်းရင်းသားဝန်ထမ်းများရဲ့ဘဝ (NRC)
၇း၁၀ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် ဆိုကြမယ်၊ ပျော်ကြမယ် ဆု(၃)ကြိမ်နှင့် အထက်ရရှိသူများ၏ ဖျော်ဖြေမှုအစီအစဉ်
၇း၂၅ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၇၀) ပြည့်အထိမ်းအမှတ် စတီရီယိုတေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ ပြည်ထောင်စုအမွေပင်လုံမြေ
၉း၀၀ ပြည်တွင်းသတင်း -မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် မြန်မာသံစဉ်ဂန္ထဝင်သီချင်းများ (မာမာအေး) -Talented Stars of NRC Channe

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၄၀ "ဝိပဿနာ အလုပ်ပေး" တရားတော် (ဆရာတော် အရှင်ကုန္ဒာစရိယ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၉)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၈)
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၂၀ Food & D'ecor
၁၁း၄၅ MRTV-4 Stage
၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၀)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၁၇)
၃း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Cabin Crew Training Graduation Ceremony)
၄း၀၀ Cartoon Series (Welcome To Sky Ville)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၀)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၁၈)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၉)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၁)
၉း၅၀ အနုပညာမိုးကောင်းကင်
၁၀း၁၅ MRTV-4 Stage
၁၁း၃၅ World of Knowledge (Curise Ship Diaries : Inspector On Board)

### မြဝတီ

၆း၀၃ တရားတော်
၆း၂၀ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆း၄၅ မျိုးချစ်တပ်မတော်
၆း၅၀ မှတ်တမ်း
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၇း၂၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၄ အမျိုးသားရေးတေးကဗျာ
၈း၁၀ ရှေးဟောင်းသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၄၅ မြဝတီနေ့စဉ်သတင်း
၈း၅၅ လျှပ်တစ်ပြက်
၄း၀၈ မျိုးချစ်တပ်မတော်
၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ဗီစီဒီကျော်ကြားတေး
၄း၅၀ မွေးမြူသုတ
၅း၀၀ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်းခြင်း အပိုင်း(၁၁၆)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
၆း၃၅ ကိုယ်ပျောက်လူသား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်သက်တံများ အပိုင်း(၂၇)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ ဒို့တာဝန်အရေး(၃)ပါး နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရိပ်လေး အပိုင်း(၃)



# မှတ်မှတ်ရရ Miss Universe ညကိုပန်တီးခဲ့တဲ့ မေဘရကာီသော် နှင့်တွေ့ဆုံခြင်း

မင်းလုသား

**မြန်မာနိုင်ငံကိုယ်စားပြု မယ်စကြဝဠာ မေဘရကာီသော်ဆိုသည်ကို ကြားလိုက်ရလျှင် သူ၏နာမည်နှင့်တွဲဖက်၍ အမေရိကန်နိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၁၅ ခုနှစ် မယ်စကြဝဠာပြိုင်ပွဲကြီးကိုပါ သတိရမိကြပေလိမ့်မည်။ ယင်းပြိုင်ပွဲကြီးတွင် မေဘရကာီသော်သည် ညနေခင်းဝတ်စုံပြိုင်ပွဲ၌ ခြေချော်ကာလဲမလိုဖြစ်ခဲ့သော်လည်း အပြုံးမျက်နှာနှင့် ဟန်မပျက်ဆက်လှမ်းကာ စိတ်ဓာတ်ခိုင်မာမှုကို ပြသနိုင်ခဲ့၍ ယခုလို ကမ္ဘာ့အဆင့်ပြိုင်ပွဲကြီးတွင် မြန်မာရယ်လို့ မှတ်မှတ်ရရ ရှိစေခဲ့သည်။ ယင်းကဲ့သို့ စိတ်ဓာတ်ခိုင်မာသည့် အလှမယ် မေဘရကာီသော်နှင့် တွေ့ဆုံခိုက် မေးမြန်းဖြစ်ခဲ့သည်များကို ကြေးမုံပရိသတ်ကြီးထံ ပြန်လည်ဝေမျှတင်ဆက်လိုက်ရပါသည်။**

### Miss Universe ပြိုင်ပွဲပြီးနောက် အနုပညာလှုပ်ရှားမှု

ပြိုင်ပွဲကနေပြန်လာပြီးနောက်ပိုင်း ကြော်ငြာဓာတ်ပုံတွေနဲ့ မဂ္ဂဇင်းကာဗာတွေရိုက်ဖြစ်ပါတယ်။ ကြားထဲမှာတော့ ဇာတ်ကားတွေရိုက်ဖို့ ကမ်းလှမ်းတာရှိပါတယ်။ ဒါပေမယ့် မရိုက်ဖြစ်ပါဘူး။ သရုပ်ဆောင်တဲ့ဘက်တော့ မလုပ်ဖြစ်ပါဘူး။

### အခက်အခဲတွေကို ရင်ဆိုင်တဲ့စိတ်ဓာတ်

ဘဝဆိုတာ ကံကောင်းတာတွေချည်းပဲမလာသလို ကံဆိုးတာတွေချည်းပဲလည်း မလာပါဘူး။ ကံဆိုးတာတွေလာပြီဆိုရင် ကံကောင်းတာတွေပြန်ရောက်လာတော့မယ်လို့တွေးရမယ်။ ဖြစ်ပေါ်လာတဲ့ လောကဓံတွေကို ကြံ့ကြံ့ခံနိုင်အောင်ကြိုးစားမယ်ဆိုတဲ့စိတ်နဲ့နေရမယ်။ လူငယ်တွေအနေနဲ့ အခက်အခဲတွေကြုံလာတဲ့အခါ စိတ်ဓာတ်ကျနေမယ့်အစား ဘယ်လိုကျော်ဖြတ်ရမယ်ဆိုတဲ့စိတ်နဲ့ အကောင်းဆုံးလုပ်ဆောင်ရမယ်။ ဝေဖန်မှုတွေကြုံတွေ့လာတဲ့အခါ ဒေါသနဲ့ အလျင်စလိုမတုံ့ပြန်ဘဲ အလုပ်နဲ့လက်တွေ့ သက်သေပြရမယ်။

### အမြဲလုပ်ဖြစ်တဲ့ အလုပ်တစ်ခု

ငယ်ငယ်ကတည်းက မြတ်စွာဘုရားရဲ့အဆုံးအမနဲ့နေခဲ့ပါတယ်။ ဘုရားစာရွတ်တယ်။ အမြဲတရားထိုင်တယ်။ အဲဒီအတွက် တော်ရုံတန်ရုံအလုပ်မှာ အရှုံးနဲ့ ရင်ဆိုင်ရရင်တောင် စိတ်ဓာတ်ကျမသွားဘူး။ ဝေဖန်မှုတွေကြုံခဲ့ရတာတောင် ဘယ်အရာကိုမှစိတ်ဆိုးတာ၊ ဒေါသထွက်တာ မဖြစ်ခဲ့ဘူး။ ပြိုင်တယ်ဆိုတာတောင် ကိုယ့်ကိုယ်ကိုယ်ပဲ အမြဲတမ်းပြိုင်တယ်။ တခြားသူတွေနဲ့မပြိုင်ဘူး။ ဒီနေ့ ဒီလောက်လုပ်နိုင်ရင် နောက်နေ့ဘယ်လောက်လုပ်နိုင်မလဲဆိုပြီးပြိုင်တယ်။ အဲဒါကြောင့် လွယ်လွယ်နဲ့ ဒေါသမဖြစ်တတ်ဘူး။ ငယ်ငယ်ကကျန်းမာရေး မကောင်းတော့ အိမ်မှာအမြဲတရားထိုင်ဖြစ်တယ်။ ခုချိန်ထိလည်း အမြဲလုပ်ဖြစ်ပါတယ်။

### ကျန်းမာရေးနဲ့ ပညာရေးအပေါ် အမြင်

လူတစ်ယောက်မှာ ကျန်းမာရေးဟာ အရမ်းအရေးကြီးတယ်။ ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမယ်။ စိတ်ချမ်းသာမှ တခြားအလုပ်တွေအောင်မြင်အောင်ဆက်ပြီးလုပ်ဆောင်နိုင်မယ်။ ဘဝမှာ ကျန်းမာရေးဟာ အရေးကြီးဆုံး နံပါတ်တစ်လို့ထင်ပါတယ်။ ပညာရေးဆိုတာက ငယ်ငယ်ကတည်းက သင်ကြားခဲ့ရတာတွေပေါ့။ သင်ကြားခဲ့ရတဲ့ အတတ်ပညာတွေပေါ့။ ကိုယ်အသုံးချတတ်ရင် အသုံးချတတ်သလို အကျိုးရှိတယ်။ ဘဝမှာရပ်တည်နိုင်တယ်ပေါ့။ ဒါပေမယ့် အားလုံးကိုတော့ မှီခိုလို့မရဘူးထင်တယ်။ တစ်ခါတလေမှာ သင်ခဲ့ရတာတွေထက် သာလွန်တဲ့အကြောင်းအရာတွေ ကြုံတွေ့ခဲ့ရတယ်။ ဘယ်အရာမဆို စာအုပ်ကြီးအတိုင်း လုပ်လို့မရဘူး။ အတွေ့အကြုံနဲ့ယှဉ်ပြီး လုပ်ရတာတွေလည်း ရှိပါတယ်။ လောကဓံကို ဘယ်လောက်အထိ ကြံ့ကြံ့ခံနိုင်လဲဆိုတာ အတတ်ပညာနဲ့ ဉာဏ်ပညာအပေါ် မူတည်ပါတယ်။

### Miss တစ်ယောက်အတွက် အလှအပ

အလှအပဆိုတာနှစ်ခုရှိပါတယ်။ ပြင်ပရုပ်ရည်အလှအပနဲ့ အတွင်းစိတ်အလှပါ။ Miss တွေမှာတော့ အဲဒီအလှအပ နှစ်ခုစလုံးက အရေးကြီးပါတယ်။ အလှမယ်တွေအနေနဲ့ကတော့ ပြင်ပအလှအပအတွက် ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းပြုပြင်ရတယ်။ အစားဆိုလည်း စားချင်တာစားလို့မရဘူး။ အပြင်ကိုသွားပြီး လေ့ကျင့်ရတဲ့အချိန်တွေလည်းရှိတယ်။ အသားအရေအတွက်လည်း အမြဲဂရုစိုက်ရတယ်။ နေပူထဲမထွက်ရဘူး။ ကျန်းမာရေးဆိုင်ရာအလှအပအတွက် ဆရာဝန်တွေနဲ့ တိုင်ပင်ရတယ်။ တချို့တွေဆို အလှအပအတွက် ခွဲစိတ်ပြုပြင်ကြတာရှိတယ်။ အလှအပကတော့ မိန်းကလေးတွေအတွက် အရေးပါတယ်လို့ထင်ပါတယ်။ စိတ်နေစိတ်ထားလှပနေဖို့ကလည်း အရေးပါပါတယ်။ နိုင်ငံကိုယ်စားပြုအလှမယ်တစ်ယောက်အတွက် ကျင့်ဝတ်နဲ့ ဂုဏ်သိက္ခာဆိုတာ အရမ်းအရေးပါပါတယ်။ နိုင်ငံကို ကိုယ်စားပြုယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက် ပြိုင်ပွဲမှာ နေထိုင်ပုံ၊ ပြောဆိုဆက်ဆံပုံတွေဟာ ကိုယ့်နိုင်ငံက အမျိုးသမီးတွေအတွက် ကိုယ်စားပြုနေတယ်ဆိုတာ အမြဲသိထားရမယ်။ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာလှပဖို့ပါ အများကြီးအရေးပါပါတယ်။

### လာမယ့်သင်္ကြန်အတွက်အစီအစဉ်


သင်္ကြန်တွင်း အိမ်မှာနေဖြစ်ချင် နေဖြစ်မယ်။ မဏ္ဍပ်လည်း ထိုင်ဖြစ်ချင်ထိုင်ဖြစ်မယ်။ သင်္ကြန်ပြီးရင်တော့ သီလရှင်ဝတ်ဖို့ စဉ်းစားထားတယ်။ သင်္ကြန်တွင်းကျတော့ ရိပ်သာတွေမှာ လူများတော့ မဝတ်ဘဲ သင်္ကြန်ပြီးမှဝတ်မယ်လို့ စဉ်းစားထားပါတယ်။ ဘယ်မှာဝတ်မယ်ဆိုတာတော့ သေချာမဆုံးဖြတ်ရသေးပါဘူး။ ဝတ်ဖြစ်ရင်တော့ ပထမဆုံးအကြိမ်ပါ။ ကလေးဘဝကတည်းက တစ်ခါမှ မဝတ်ဖူးသေးတော့ ဝတ်ချင်တယ်။ အကြောင်းအမျိုးမျိုးကြောင့် မဝတ်ဖြစ်ခဲ့ဘူး။ ဒီနှစ်တော့ဝတ်ဖြစ်အောင် ဝတ်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တာပါ။

### ပရိသတ်တွေအတွက် စကားလက်ဆောင်

တော်တော်များများက မေးကြတယ်။ မင်းသမီးလုပ်မှာလား။ အဆိုတော်လုပ်မှာလားဆိုပြီးတော့ပေါ့နော်။ ဒါပေမယ့် သရုပ်ဆောင်ဘက်၊ အဆိုတော်ဘက်ကူးပြောင်းဖို့ တော်တော်ကြိုးစားရမယ်။ ကူးပြောင်းဖြစ်မယ်ဆိုရင်တောင် တော်တော်စဉ်းစားဆုံးဖြတ်ပြီးမှ ကူးပြောင်းဖြစ်မှာပါ။ ချစ်ခင်အားပေးကြတဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်။



## ကြေးမုံ ရုပ်ရှင်အညွှန်း



### ယခုတစ်ပတ်တွင် ပြသဆဲဇာတ်ကားများကို ဆက်လက်ကြည့်ရှုနိုင်

မြန်မာရုပ်ရှင်ချစ်ပရိသတ်ကြီးအနေနဲ့ ဖေဖော်ဝါရီ ၁၂ ရက်မှာ မြန်မာဇာတ်ကားတွေဖြစ်တဲ့ ဒါရိုက်တာမီးပွားရဲ့လက်ရာ "ဒေဝင်ရဲ့နတ်သမီး"ဇာတ်ကားနဲ့ "အီဖေကိုယ်တို့ရွေးကောက်ပွဲ"ဇာတ်ကားတွေကို သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ ရွှေ့ဆောင်၊ တော့ရှိုင်ရယ်၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ(လှိုင်သာယာ)၊ ဝင်းလိုက်၊ မြို့မနဲ့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတွေမှာ ဆက်လက်ရှုစားနိုင်ကြမှာဖြစ်ပါတယ်။

နေပြည်တော်ရုပ်ရှင်ရုံနဲ့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတွေမှာ ဟောင်ကောင်မင်းသား Donnie Yen နဲ့ အမေရိကန်လက်ဝှေ့အကျော်အမော် မိုက်တိုင်စန်တို့ ပါဝင်သရုပ်ဆောင်ထားတဲ့ တရုတ်အက်ရှင်ဇာတ်ကား "IP Man-3" ကို ဆက်လက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် "The Finest Hours" လို့အမည်ရပြီး လက်အောက်ငယ်သားတွေကို စုစည်းပြီး ခေါင်းဆောင်ကောင်းတစ်ယောက်ပီသစွာဖြင့် အခက်အခဲများကြားကနေ လွတ်မြောက်အောင် ကယ်တင်နိုင်ခဲ့ပုံကို ဖော်ကျူးထားတာကို သည်းထိတ်ရင်ဖိုသရီးဒီအက်ရှင်ဇာတ်ကားကိုတော့ မင်္ဂလာ(၂)၊ ရွှေ့ဆောင်(၂)၊ မင်္ဂလာစံပြ၊ မင်္ဂလာဒိုင်းမွန်းနဲ့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတို့မှာ ကြည့်ရှုနိုင်မှာပါ။

ဒီတစ်ပတ်ရုပ်ရှင်အညွှန်းကဏ္ဍအနေနဲ့ ဇာတ်ကားသစ်များ ထွက်ရှိခြင်းမရှိသေးဘဲ ပြသဆဲဇာတ်ကားများကိုသာ ဆက်လက်ကြည့်ရှုနိုင်မှာဖြစ်ကြောင်း တင်ဆက်လိုက်ရပါတယ်။

**(ဖြိုးစန္ဒာမြင့်)**

**အားကစား**

# မန်ယူနည်းပြသစ်အဖြစ်ဆောင်ရွက်ရန် မော်ရင်ဟို သဘောတူညီမှုပြုခဲ့ပြီးဖြစ်



ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ရလဒ်ဆိုးများကြောင့် ချယ်လ်ဆီးနည်းပြအဖြစ်မှ ထုတ်ပယ်ခံရသူ မော်ရင်ဟိုက ၎င်းမှာ လာမည့်ဘောလုံးရာသီမှစတင်၍ မန်ယူအသင်းကို ကိုင်တွယ်ရန် သဘောတူညီမှုပြုခဲ့ပြီးပြီဖြစ်ကြောင်း သူ၏မိတ်ဆွေများကို ဖွင့်ဟခဲ့သည်ဟု မက်ထရိုသတင်းဌာနက ဖော်ပြသည်။ မော်ရင်ဟိုသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း မန်ယူအသင်းနှင့် ကြိမ်ဖန်များစွာ ချိတ်ဆက်မှုများပြုလုပ်ခဲ့ပြီးနောက် ယခုကဲ့သို့ ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီချက်များ ရရှိခဲ့ခြင်းဖြစ်သည်ဟုလည်း ယင်းသတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။

မန်ယူအသင်းသည် စပါးနည်းပြပိုချက်တီနိုကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မော်ရင်ဟိုနှင့် သဘောတူညီမှုအရင် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ မော်ရင်ဟိုက လာမည့်နှစ် မန်ယူအသင်း၏နည်းပြသစ်မှာ သူပင်ဖြစ်ကြောင်း အရင်းနှီးဆုံးမိတ်ဆွေများကို ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗန်ဟားလ်နှင့် မန်ယူအသင်းတို့ချုပ်ဆိုခဲ့သော စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသော်လည်း ဗန်ဟားလ်က ယခုနှစ်နွေရာသီတွင် အသင်းနှင့် လမ်းခွဲတော့မည်ဟု မန်ယူတာဝန်ရှိသူများအား ပြောကြားထားပြီးဖြစ်ကြောင်းလည်းသိရသည်။

**ရှိုင်ယန်ဟောဒင်- စုစည်းသည်**

## အက်ဖ်အေဖလားတွင် လီဗာပူးအား အနိုင်ရရှိခဲ့ခြင်းမှာ ဝက်စ်ဟမ်းအတွက် ကြီးမားသည့် အောင်မြင်မှုအဖြစ် ဘီလစ်ရှုမြင်

အက်ဖ်အေဖလား စတုတ္ထအဆင့်တွင် ဝက်စ်ဟမ်းက လီဗာပူးအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပဥ္စမအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းမှာ ဝက်စ်ဟမ်းအသင်းအတွက် ကြီးမားသည့်အောင်မြင်မှု ဖြစ်ကြောင်း ဝက်စ်ဟမ်းနည်းပြ ဘီလစ်ကပြောကြားလိုက်သည်။ ပွဲချိန် ၄၅ မိနစ်တွင် အန်တိုနီယိုက ဝက်စ်ဟမ်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီးနောက် နောက်သုံးမိနစ်အကြာ ၄၈ မိနစ်တွင် လီဗာပူးအသင်းမှ ကော်တင်ဟိုကချက်ချင်းဆိုသလို ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ပွဲချိန်မိနစ် ၉၀ ပြည့်ပြီး အချိန်ပို မိနစ်၃၀ဆက်လက်ကစားရာ ပွဲကစားချိန်မိနစ် ၁၂၀ တွင် အော့ဂ်ဘိုနာက ဝက်စ်ဟမ်း ကွင်းလယ်လူ ပါယက်၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် အပိုင်ပိတ်သွင်းကာ ဝက်စ်ဟမ်းအတွက် အဖိုးတန်အနိုင်ဂိုးသွင်းယူခဲ့သည်။

လီဗာပူးအားကျော်ဖြတ်ခဲ့သည့် ဝက်စ်ဟမ်းအသင်းမှာ လာမည့်ဖေဖော်ဝါရီ၂၁ ရက်၌ ဘလက်ဘန်း အသင်းနှင့် ပဥ္စမအဆင့်တွင် တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်သည်။ "ဒီပွဲအနိုင်ရရှိခြင်းက နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ထက် ပိုမိုလေးနက်တယ်လို့ ထင်ပါတယ်။ ဒါဟာ ဝက်စ်ဟမ်းရဲ့ သမိုင်းထဲက အကောင်းဆုံး ပွဲစဉ်တွေထဲက



တစ်ပွဲဖြစ်ပြီး နောက်ဆုံးမိနစ်ရောက်မှ အနိုင်ဂိုးသွင်းယူနိုင်ခဲ့တာကလည်း တကယ့်ကို စိတ်လှုပ်ရှားစရာကောင်းလှပါတယ်" ဟု ဘီလစ်က ပွဲအပြီးတွင် ပြောကြားခဲ့သည်။

## မုံရွာအပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကလပ်လေ့ကျင့်လျက်ရှိ

**မုံရွာ ဖေဖော်ဝါရီ ၁၀**

၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အမျိုးသားအားကစားပွဲတော်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မုံရွာအပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကလပ်အနေဖြင့် နေ့စဉ် သေနတ်ပစ်လေ့ကျင့်နေကြောင်း မုံရွာအပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကလပ် အတွင်းရေးမှူး ဦးခင်ဇော်က ပြောသည်။

"မုံရွာ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကလပ်ကို ၂၀၀၇ ခုနှစ်က စတင်တည်ထောင်ရင်း ပျိုးထောင်လာတာ မြန်မာနိုင်ငံလက်ရွေးစင်အဖြစ် အမျိုးသားရိုင်ဖယ် တစ်ဦး၊ အမျိုးသမီးရိုင်ဖယ်တစ်ဦးနဲ့အမျိုးသား ပစ္စတိုတစ်ဦး စုစုပေါင်း သုံးဦး ထွန်းပေါက်ခဲ့ပါတယ်။ အခုအချိန်မှာ ဆရာနှစ်ဦးနဲ့ ဆရာမနှစ်ဦးတို့က ကလပ်အသင်းဝင်အမျိုးသား ၁၀ ဦးနဲ့ အမျိုးသမီး ၁၀ ဦးတို့ကို နေ့စဉ် သင်ပြပေးနေပါတယ်"ဟု ဦးခင်ဇော်က ရှင်းပြသည်။

၂၀၁၁ ခုနှစ်က ကျင်းပခဲ့သော Champian Chalange Cup (C-C-C) ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ လက်ရွေးစင် ရှစ်ဦးကို ရွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် နှစ်စဉ်ကျင်းပလျက်ရှိသော လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့များတွင်လည်း သေနတ်ပစ်ပြိုင်ပွဲများကို ကျင်းပရင်း စိတ်ဝင်စားသည့် သေနတ်ပစ်အားကစားသမားမျိုးဆက်သစ်များကို ရှာဖွေစည်းရုံးဖော်ထုတ်လျက်ရှိရာ ယခုလာမည့် (၆၉)ကြိမ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အနေဖြင့် သေနတ်ပစ်ပြိုင်ပွဲကို ကျင်းပနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မုံရွာအပြည်ပြည်ဆိုင်ရာသေနတ်ပစ်ကလပ်တို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မုံရွာပြည်သူ့အားကစားကွင်းအတွင်း အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကလပ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မုံရွာအပြည်ပြည်ဆိုင်ရာသေနတ်ပစ်ကလပ်တွင် ဆရာဦးခင်ဇော်၊ ဆရာမ ဒေါ်ဝါဝါအောင်၊ ဒေါ်မာမာခိုင်နှင့် လက်ရွေးစင်သေနတ်ပစ်အားကစားသမားဟောင်းဖြစ်သူ ဦးအာကာမင်းတို့က လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အင်္ဂလန်ပရိသတ်တွေမကျေနပ်ကြတဲ့ ပရီမီယာလိဂ်ရဲ့ လက်မှတ်ဈေးနှုန်း မြင့်မားမှု

အင်္ဂလန်မှ ပရီမီယာလိဂ်ပရိသတ်များက လာမည့်နှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်လက်မှတ် ဈေးနှုန်းမြင့်မားလာမည့်အပေါ် မကျေမနပ်ဖြစ်ကာ သပိတ်မှောက်ခဲ့ကြကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ပရိသတ်များက နောက်နှစ်ဘောလုံးရာသီတွင် လက်မှတ်တစ်စောင်လျှင် အမြင့်ဆုံးတန်ဖိုး ပေါင် ၇၇ အထိ မြင့်တက်လာမည့်အပေါ် မကျေနပ်ကြောင်း ဆိုင်းဘုတ်များထောင်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

ယခုကဲ့သို့ လက်မှတ်ဈေးနှုန်းများ မြင့်မားလာမှု၏ နောက်ဆက်တွဲအကျိုးဆက်အဖြစ် အင်္ဂလန်ဘောလုံးကွင်းများတွင် နိုင်ငံခြားဧည့်သည်များသာလျှင် အထိမ်းအမှတ်အထည်စများ၊ ပဝါများ၊ ခေါင်းပတ်များဖြင့် ဆယ်လ်ဖီဓာတ်ပုံများ ရိုက်ကူးမှုကို ပိုမိုမြင်တွေ့လာရတော့မည်ဖြစ် ကြောင်း ဘောလုံးပရိသတ်များအဖွဲ့အစည်း ဥက္ကဋ္ဌ မစ္စတာမယ်လ်ကွန်ကလာ့ဂ်က ဆိုသည်။

ဆက်လက်၍ ကလော့ဂ်က ယခုအခြေအနေကို ကျော်လွှန်နိုင်ရန် ဘောလုံးပရိသတ်များနှင့် တွေ့ဆုံမှုများ ထပ်မံပြုလုပ်သွားရန်လိုအပ်ကြောင်း၊ ထိပ်တန်းကလပ်အသင်းကြီးများ၏ တစ်ရာသီလုံး လက်မှတ်ဈေးနှုန်းများမြင့်တက်လာခြင်းမှာ နိုင်ငံတွင်းပရိသတ်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာနိုင်ကြောင်း ပြောကြားလိုက်သည်။ နောက်နှစ် ဘောလုံးရာသီတွင် စတင်မည့်ရုပ်သံ ထုတ်လွှင့်ကြေး ပေါင် ၅ ဒသမ ၁ သန်းတန် စာချုပ်ကြောင့် ပရီမီယာလိဂ်အောက် အသင်းငယ်လေးများပင် အနည်းဆုံးရုပ်သံထုတ်လွှင့်ကြေးပေါင် ၉၉ သန်းရရှိမည်ဖြစ်ရာ ကလပ်အသင်းပရိသတ်များအား အခမဲ့လက်မှတ်များပင် ပေးအပ်သင့်သည်ဟု ဝေဖန်မှုများလည်းရှိနေသည်။

# ဘာစီလိုနာတိုက်စစ်မှူး နေမာအား ခေါ်ယူရန် မန်စီးတီးနှင့်မန်ယူ အပြိုင်ကြိုးပမ်းနေ

ပရီမီယာလိဂ်၏ မန်ချက်စတာမြို့ခံပြိုင်ဘက် နှစ်သင်းဖြစ်သည့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့သည် ဘာစီလိုနာအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာအား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး နေမာသည် မန်စီးတီးအသင်း၏ နည်းပြသစ်ဖြစ်လာမည့် ဂွါဒီယိုလာ၏ နံပါတ်တစ်ဦးစားပေးခေါ်ယူမည့် ကစားသမားတစ်ဦးဖြစ်ပြီး မန်ယူအသင်းကလည်း ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန်ပစ်မှတ်ထားနေခဲ့သည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် တိုက်စစ်မှူးနေမာအား ခေါ်ယူနိုင်ရေးအတွက် ပြောင်းရွှေ့ကြေးပေါင် ၁၄၄ သန်းအထိပေး၍ ခေါ်ယူမည်ဖြစ်ကြောင်းလည်း သိရသည်။



တိုက်စစ်မှူးနေမာ၏ ဖခင်ဖြစ်သူကလည်း လက်ရှိကစားနေသည့် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းနှင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် အကြောင်းပြချက်မရှိကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် တိုက်စစ်မှူးနေမာသည် ဘာစီလိုနာအသင်းမှ အခြားကလပ်အသင်းတစ်ခုသို့ ပြောင်းရွှေ့ကစားလိမ့်မည်ဟု သတင်းများက ဖော်ပြခဲ့ကြသည်။

ယင်းမှာ ဘာစီလိုနာအသင်းတွင် တိုက်စစ်မှူးမက်ဆီရှိနေသမျှ ကာလတစ်လျှောက် တိုက်စစ်မှူးနေမာသည် ဘာစီလိုနာအသင်း၏ ထိပ်တန်းအဆင့်ရှိတိုက်စစ်မှူးတစ်ဦးအဖြစ် သတ်မှတ်ခံရမည်မဟုတ်သောကြောင့် ဖြစ်ကြောင်းလည်း သိရသည်။ ထို့ကြောင့် တိုက်စစ်မှူး နေမာသည် ဘာစီလိုနာ၏ ဒုတိယဦးစားပေးအဆင့်သာရှိသည့် တိုက်စစ်မှူးဟုလည်း သတင်းများတွင် ဖော်ပြကြသည်။

**(ငွေကြယ်)**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးအား ၉-၂-၂၀၁၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်းခံရသည့်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်**
**ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊**
**ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊**
**ဦးစီးအရာရှိများ၊ စီမံအရာရှိများ၊ ရုံးဝန်ထမ်းများ။**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင်ခေါင်းဆောင်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ၉-၂-၂၀၁၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး**
**ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊**
**ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊**
**ဦးစီးအရာရှိများ၊ စီမံအရာရှိများ၊ ရုံးဝန်ထမ်းများ။**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်တို့အား ၉-၂-၂၀၁၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်**
**ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊**
**ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊**
**ဦးစီးအရာရှိများ၊ စီမံအရာရှိများ၊ ရုံးဝန်ထမ်းများ။**


MEDIA PARTNER
LASER WORLD
MINN KYAN SITT
GROUP OF COMPANIES
တောင်ကြီး အေးသာယာပြည်သူ့အိမ်ယာ စီမံကိန်း
LOWCOST, BEST CONVENIENCE
Find us on Facebook
www.facebook.com\Minn Kyan Sitt
www.minnkyansit1st@gmail.com
NO.(66), ROOM(301), THUMINGALAR STREET, ZAWANA, THINGANGYUN, YANGON.
TEL: +95-9- 440440071, +95-9- 440440072, +95-9- 440440073
အိမ်ရာအရောင်းပွဲတော် - 14.2.2016 တောင်ကြီးမြို့ ( မြို့တော်ခန်းမ )
(Entertainment) Cherry Queen Music Band
ဝိုင်းစုခိုင်သိန်း၊မိုးရှာန် နှင့် တေးသံရှင်များ၊ Games အစီအစဉ်များ
မည်သူမဆို ( အခမဲ့ ) ဝင်ရောက် ပါဝင်ဆင်နွှဲနိုင်ပါသည်။

ဆောင်းပါး

**ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိရာ အပတ်စဉ် ကြာသပတေးနေ့တိုင်းတွင် စာရေးဆရာ "ဝင်းအောင်ကြီး"၏ ဆောင်းပါးများကို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ စာရေးဆရာဝင်းအောင်ကြီးသည် မောင်အောင်မွန် နာမည်ဖြင့် ဘာသာပြန်နှင့် ပင်ကိုရေးဝတ္ထုစာအုပ်များ ရေးသူလည်းဖြစ်သည်။**

**(စာတည်း)**



ဝင်းအောင်ကြီး

# ကမ္ဘာကိုသိရေး၊ ကမ္ဘာကသိရေး၊ ကမ္ဘာကိုလွှမ်းမိုးရေး

ပင်လယ်ရေကြောင်းသွားလာရေးတိုးတက်လာ၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်ဆံကြ၏။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာကိုလှမ်းမျှော် ကြည့်ရလေပြီ။ အခြားနိုင်ငံများ၌ ဘာတွေဖြစ်နေလဲ၊ ဘယ်လောက် အထိတိုးတက်နေပြီလဲစသဖြင့် အတုယူသင့် လေ့လာသင့်သည်များရရှိဖို့ပါ။ ထို့ကြောင့် မြန်မာများ အထူးသဖြင့် လူငယ်များ ကမ္ဘာကိုသိရေး အားပေးတိုက်တွန်းခဲ့ကြခြင်းဖြစ်သည်။

မြန်မာပြည်ကို အင်္ဂလိပ်တို့ အုပ်စိုးထားစဉ် ထိုကာလက ဖြစ်ရပ်တစ်ခုကို ကြည့်ပါ။

ရန်ကုန်မြို့ အလုံမြို့နယ် ဧရာဝတီလမ်း၌ အားကစားလေ့ကျင့်နေသူ နှစ်ယောက်ကြား ပြောစကားက သမိုင်းဝင်သွား၏။ "ဒီစံချိန်အတိုင်းဆိုရင်တော့ ကမ္ဘာကသိသွားမယ်"ဟု နည်းပြဆရာ ကာယဗလ ဦးရှိန်က အလေးမသမားကိုဇော်ဝိတ်အား ပြောကြားခြင်းဖြစ်သည်။

ထို့နောက် ၁၉၃၅ ခုနှစ် ကလ္လကတ္တားမြို့၌ ပြုလုပ်သော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အလေးမပြိုင်ပွဲ ( All India Weight Lifting Championship) သို့ ဆရာတပည့် နှစ်ယောက် ရောက်သွား၏။

မစ်ဒယ်လ်ဝိတ်တန်းတွင် ကိုဇော်ဝိတ် ပထမရသလို နောက်တစ်နေ့ဟဲဗီးဝိတ်တန်းတွင်လည်း ဗိုလ်စွဲပြန်ကြောင်း မှတ်သားဖူးသည်။ သေချာသည်ကား ၁၉၃၆ ခုနှစ် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပသော ကမ္ဘာ့အိုလံပစ်ပွဲတော်၌ မြန်မာအလေးမသမား ဇော်ဝိတ်ကြီး သွားပြိုင်နိုင်ခြင်းပါ။

❝ နိုင်ငံတစ်နိုင်ငံ၏ အားကစားအဆင့်မြင့် တိုးတက်လိုပါလျှင် အားကစားကို သိနားလည်သူများ၊ တတ်ကျွမ်းသူများ၊ ဝါသနာပါသူများ၊ ပြီးတော့ အားကစားကိုချစ်မြတ်နိုးသူများသာလျှင် ကိုင်တွယ်ကြရ၏။ ❞

အိန္ဒိယအားကစားအဖွဲ့ထဲတွင် ပေါင်းထုပ်ကြီးနှင့် ပါရခြင်းကို ငယ်စဉ်က နားမလည်၍ ဘဝင်မကျဖြစ်ခဲ့ဖူး၏။

၁၉၆၈ ခုနှစ် ဧပြီလက ထိုဘာလင် အိုလံပစ်အားကစားကွင်းကြီးသို့ ကျွန်တော်ရောက်သွားရာ စိတ်ကူးနှင့်မှန်းကြည့်ခဲ့သေးသည်။ မည်သို့ဆိုစေ၊ မြန်မာအားကစားသမား တစ်ယောက်ကို ကမ္ဘာကသိသွားပြီ။ ကျေနပ်ပီတိဖြစ်ပေတော့။

ယခုဆောင်းပါးရေးချိန်၌မူ ယခင်က ဘဝင်မကျမှု၏ အဖြေကို လေ့လာတွေ့ရှိထားပြီမို့ ဝေငှရပါမည်။

ထိုစဉ်က မြန်မာပြည်သည် IOC ခေါ် ကမ္ဘာ့အိုလံပစ် အဖွဲ့ချုပ်ဝင်မဟုတ်သေး၍ ဇော်ဝိတ်ကြီး အိန္ဒိယ အားကစားအဖွဲ့နှင့် လိုက်ပါရခြင်းဖြစ်သည်။ အိုလံပစ်စည်းမျဉ်းအရ ပါဝင်ယှဉ်ပြိုင်သော နိုင်ငံ၏အားကစားအဖွဲ့ဝင်အားလုံး တစ်မျိုးတည်း ဝတ်ဆင်ရ၏။ ထို့ကြောင့် ဇော်ဝိတ်ကြီးနှင့် ပေါင်းထုပ်ကြီးကိစ္စလည်း ရှင်းသွားပြီ။

၁၉၄၇ ခုနှစ် လွတ်လပ်လာတော့မည့် မြန်မာနိုင်ငံအတွက် အဘက်ဘက်က ပြင်ဆင်နေသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အားကစားကိစ္စကို အလေးထားကာ စီစဉ်ညွှန်ကြား၍ ဗမာနိုင်ငံ အိုလံပစ်အသင်း ( BOA, Burma Olympic Association) ဖွဲ့စည်းပြီး သူ့အား နာယကထားရာ ဘုရင်ခံ ဟူးဘတ်ရန့်စ်ကိုပါ ထားခိုင်းသည်။

ဗမာနိုင်ငံ အိုလံပစ်အသင်း (BOA) တွင် ဉက္ကဋ္ဌ ဆာမောင်ကြီးနှင့် ဦးရာဇတ်၊ ဦးသော်ဇင်၊ ကာယဗလဦးရှိန်၊ သမားတော်ကြီး ကာနယ်မင်းစိန်၊ ICS ဦးပိုင် စသူတို့ပါဝင်ကြပြီး IOC ခေါ် ကမ္ဘာ့အိုလံပစ် အဖွဲ့ချုပ်နှင့် ချိတ်ဆက်မိပြီ။ ၁၉၄၈ ခုနှစ် မြန်မာပြည်လွတ်လပ်ရေးရလာသောနှစ်တွင်ပင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပသည့် အိုလံပစ်၌ သွားပြိုင်၏။

ကမ္ဘာကို မြန်မာကသိပြီ။ ပြည်ထောင်စုအလံနှင့် မြန်မာအားကစားအဖွဲ့ကိုလည်း ကမ္ဘာကသိပြီ။

လွတ်လပ်သော နိုင်ငံနှင့်အညီ မြန်မာ့အားကစား တိုးတက်အဆင့်မြင့်မားရေး အမျိုးသားကြံ့ခိုင်ရေး ကောင်စီ(National Fitness Council) ဖွဲ့စည်းပြီး နည်းပြဆရာများ၊ အားကစားမှူးများက နယ်လှည့်ကာ လေ့ကျင့်ပေးပြီး တိုင်းနှင့်ပြည်နယ် ပြိုင်ပွဲများကျင်းပခြင်း၊ နောက်ပိုင်းအားကစားနှင့်ကာယပညာဌာန ပေါ်လာတော့လည်း သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များက ခေတ်မီ နည်းစနစ်များလေ့လာခြင်းစသဖြင့် တိုးတက်ရာတိုးတက်ကြောင်းလမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းခဲ့၏။

အခါအခွင့်သင့်တိုင်း နိုင်ငံတကာအားကစားပြိုင်ပွဲများ၌လည်း သွားပြိုင်ပါ၏။ အားကစားထုံးစံအတိုင်း နိုင်သည်လည်းရှိ၊ ရှုံးသည်လည်းကြုံရစမြဲပါ။ အားကစားပြိုင်ပွဲတိုင်း၌ စံချိန်စံညွှန်းမှတ်တမ်းမှတ်ရာများရှိထား၍ မပြိုင်မီကတည်းက သိထားကြ၍ ကိုယ့်အခြေအနေကိုယ်သိကာ ပြင်ဆင်ကြရသည်။ ခန့်မှန်းထားသည်နှင့် မဆိုစလောက်သာလွဲပါမည်။

ကမ္ဘာ့အိုလံပစ်ပွဲတော်၌ ထိပ်သီးနိုင်ငံကြီးများကြား ဝင်မတိုးနိုင်ကြ၍ အာရှအိုလံပစ်လို တိုက်အလိုက်ခွဲကာ ဒေသပြိုင်ပွဲကျင်းပကြသည်။ ထိုနည်းတူစွာ အရှေ့တောင်အာရှ ကျွန်းဆွယ်ပွဲဖြစ်လာရသည်။ အားကစားကို ခုံမင်စိတ်ဝင်စားအားပေးကြ၍လည်း မြန်မာ့အားကစားအဆင့်သည် အသင့်အတင့်၏ အထက်၌ ရှိနေခဲ့သည်။

ကျွန်းဆွယ်ပွဲတွင် ဗိုလ်စွဲ၊ အာရှအိုလံပစ်တွင်လည်း ရွှေတံဆိပ်ရ၊ ၁၉၇၂ ခုနှစ် အနောက်ဂျာမနီ မြူးနစ်မြို့ကမ္ဘာ့အိုလံပစ်ပွဲ၌ မြန်မာဘောလုံးအသင်း အသန့်ရှင်းဆုံးဆု ရခဲ့ဖူးပါ၏။ အားကစားအဆင့်မြင့်မား တိုးတက်ရန် ငွေကြေး၊ ကစားကွင်း၊ အားကစားပစ္စည်း၊ နည်းစနစ် စသဖြင့် အချက်အလက်များစွာပေါ်မူတည်သည် မဟုတ်လား။ အိုးနှင့်ဆန် တန်သလောက်သာ ရမည်လေ။

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် "မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည်" ဟူသော ကြွေးကြော်သံ ထွက်ပေါ်လာ၏။ ကံဆိုးချင်တော့ မြန်မာ့အားကစားအဆင့်ကလည်း နိမ့်ကျထိုးဆင်းနေချိန်။ ကမ္ဘာကို လွှမ်းရေး အားကစားစီမံချက်ဟူ၍လည်း ဘာမှလည်းမမြင်ရ၊ သွားပြိုင်တိုင်း နိုင်နေကျပွဲများ၌ အရှုံးများလာသောအခါ ရယ်စရာ၊ ဟားစရာ ဖြစ်လာ၏။

လွန်ခဲ့သော နှစ်(၈၀) ကျော်၊ နည်းပြဆရာ ကာယဗလဦးရှိန်က အလေးမသမား ကိုဇော်ဝိတ်အား ပြောကြားခြင်းသည် ဖြစ်နိုင်ခြေရှိသည့်အပေါ် အခြေခံရသည်။ ယုံကြည်မှုအပြည့်ရှိရသည်။ အားကစားဟူသည် စိတ်ကူးယဉ်စရာမဟုတ်၊ လက်ရှိပကတိအနေအထားအမှန်ပေါ် အခြေခံရပါသည်။

ပျက်လုံးသဖွယ် နောက်ပြောင်ခံနေရသည့် "မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည် " ဟူသော ကြွေးကြော်သံ မည်သူ၏ ဦးနှောက်မှ ထွက်လာသည်ကို ကျွန်တော်မသိ၊ စိတ်လည်းမဝင်စားပါ။ သနားသည်က လူးလိမ့်ခံနေရဆဲ မြန်မာ့အားကစားနှင့် လောင်းကစားနွံတွင်းနစ် ဘောလုံး၊ ပြီးတော့ အလားအလာကောင်းပါလျက် ခေါင်းပြူမထွက်နိုင်ရှာသော ရွက်ပုန်းသီး အားကစားသမားများ။

"မြန်မာ့လောင်းကစားကမ္ဘာကိုလွှမ်းရမည်" ဟု လှောင်ပြောင်နေကြသည့်ထဲတွင် အားကစားဝတ္ထုရေးသူ စာရေးဆရာ၊ အားကစားရေးရာ ဝေဖန်သူ သတင်းသမားမို့ ကျွန်တော်မရယ်နိုင်ပါ။ အားကစား သက်သက် ရေးလာသည်ကိုလည်း ဟိုတစ်ကွက် သည်တစ်ကွက် ပြိုးပြိုးပြက်ပြက် မြင်လာရ၍လည်း အားတက်ကာ ကျွန်တော့အမြင်သဘောထားကို ယခုလိုဆောင်းပါးသာရေးလိုက်ပါ၏။

နိုင်ငံတစ်နိုင်ငံ၏ အားကစားအဆင့်မြင့် တိုးတက်လိုပါလျှင် အားကစားကို သိနားလည်သူများ၊ တတ်ကျွမ်းသူများ၊ ဝါသနာပါသူများ၊ ပြီးတော့ အားကစားကိုချစ်မြတ်နိုးသူများသာလျှင် ကိုင်တွယ်ကြရ၏။ ဟုတ် မဟုတ် ကမ္ဘာ့အားကစားသမိုင်းကိုကြည့်၊ သင်ခန်းစာယူလို့ရ၏။ မြန်မာ့အမှားကိုမြင်ကာပြင်လို့ရ၏။

Aung Su Wai Travels & Tours Co.,Ltd.
အောင်စုဝေ ခရီးသွားကုမ္ပဏီလီမိတက်
"အလန်းခရီးစဉ် ဧတနာကောင်းကင်မှာ...ကြည်နူးဖွယ် ကြယ်စင်တွေက ...
အိပ်မက်ထဲပင် နတ်ပန်းချီ ရှု ...ပြုံးမှန်းပေးနေ အောင်စုဝေ ...."
အခန်းအမှတ်(၉)၊ တိုက်အမှတ် (၃၈၈)၊ စက်မှု(၁) လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၃၁၈၉၊ ၀၁ - ၅၅၆၁၃၄၊ ၀၉ - ၂၅၈၉၂၂၅၆၁၊ ၀၉ - ၂၅၈၉၂၂၅၆၂
E-mail : aungsuwaitravels@gmail.com, Fb : Myanmaraungsuwaitours, Wb : www.myanmaraungsuwaitours.com

ရွှေပဒုမ္မာမြေ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
• (၈) ရက်-သံဝေဇနီယလေးဌာန၊အဝိဇဟိတသုံးဌာန
•(၁၅)ရက်-(သံဝေဇနီယ+အဝိဇဟိတ)လေးဌာန၊နယူးဒေလီ၊တပ်ချ်မဟာ
(၁၀)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအား(၄၀%)၊(၁၆)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦး
အဖိုးကုသိုလ်ယူပို့ဆောင်ပေးပါမည်။ခရီးစဉ်တိုင်းဦးဆောင်ဆရာတော်တစ်ပါးပါရှိပါမည်။
ခရီးစဉ်ထွက်ခွါမည့်ရက် (Feb 6,28),(Mar 6,27),(Apr 3,10)
ဖုန်း ၀၉-၇၃၀၄၀၀၅၀၊၇၃၀၄၀၀၅၁၊၇၃၀၄၀၀၅၂၊၇၃၁၃၆၄၆၆၊၈၆၃၆၄၆၆၊
၇၃၀၃၆၆၆၆၊၇၃၁၆၇၇၇၇၊၂၅၉၂၀၇၂၇၊၂၅၉၂၀၇၂၈၊၂၅၉၂၀၇၂၉

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

မီး သတိပြု

Budget Tour (စီးစံ)အဆင့်မြင့်ခရီးသွားလုပ်ငန်း
09264450022, 09264450033/ (ရုံးချိန် 09262995100)
• အပတ်စဉ် (၃ည/၄ရက်) •ရွှေစက်တော် (၁၄၀၀၀၀ ကျပ်)
• အပတ်စဉ် (၃ည/၄ရက်) •အလောင်းတော်ကဿပ (၁၄၀၀၀၀ ကျပ်)
• အပတ်စဉ် (နေ့ချင်းပြန်) •မော်လမြိုင် •ဘားအံ •ချောင်းသာ • ကျိုက်ထီးရိုး (၅၀၀၀၀ ကျပ်)
• လစဉ် ပုဂံ (စွယ်တော်လေးဆူ) ညောင်ဦး ပုပ္ပါး (၃)ည/(၄)ရက် (၁၅၀၀၀၀ ကျပ်)
• လစဉ် တောင်ကြီး အင်းလေး (၃)ည/(၄)ရက် (၁၅၀၀၀၀ ကျပ်)
• လစဉ် မန္တလေး စစ်ကိုင်း ပြင်ဦးလွင် (၃)ည/(၄)ရက် (၁၅၀၀၀၀ ကျပ်)


CitiAvenue Travels & Tours ၏ သင်္ကြန်ပိတ်ရက် နှစ်သစ်ကူးခရီးစဉ်များ
CitiAvenue Travels & Tours
စင်ကာပူ - ဘင်တန် (6D/5N) April 12 ~ 17 (USD 1280)
ဟောင်ကောင် - ဘာလီ (8D/7N) April 9 ~ 16 (USD 1850)
ဟောင်ကောင် - ရှန်ဟိုင်း - ပေကျင်း (8D/7N) April 12 ~ 19 (USD 1880)
ဟောင်ကောင် - မကာအို - ကွမ်ကျိုး - ရှန်းကျန့် (8D/7N) April 11 ~ 18 (USD 1610)
ဒူဘိုင်း - အဘူဒါဘီ - အယ်(လ်)အိန်း (8D/7N) April 11 ~ 18 (USD 2200)
ကိုရီးယား - ဟိုချီမင်း (9D/8N) April 10 ~ 18 (USD 2150)
ဂျပန် (9D/8N) April 10 ~ 18 (USD 3150)
သြစတြေးလျ (10D/9N) April 10 ~ 19 (USD 4550)
ဥရောပ (15D/14N) April 09 ~ 23 (USD 4870)
CitiAvenue ၏ Quality ကိုယုံကြည်သော ညှော်သည်တော်များ၏ တစ်ခဲနက်အားပေးမှုကြောင့် ခရီးစဉ်များအားလုံး အချိန်တိုအတွင်းလူပြည့်တတ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များကိုယခုပဲဆက်သွယ်ပြီး စာရင်းပေးလိုက်ကြရအောင်နော်။
www.facebook.com/citiavenue
အမှတ် ၁၃၉ (က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ 09-732356 12 / 21 09-25090 1188 / 1199 09-7800770 10/20/30/40 01-211609

ပြည်တွင်းရေးရာ

ကျန်းမာရေးဆောင်းပါး

# ဇီကာဗိုင်းရပ်စ်အန္တရာယ်

ဒေါက်တာခင်မောင်လွင် (FAME)



ဗိုင်းရပ်စ်ပိုးများကို အုပ်စုများခွဲခြားထားသည့်အနက် ဇီကာဗိုင်းရပ်စ် (Zika virus) အနေနှင့် မျိုးစု (Genus)ဖလာဗီဗိုင်းရပ်စ် (Flavivirus) တွင် ပါဝင်ပြီး မျိုးရင်း (Family) အနေနှင့် ဖလာဗီဗီရိဒေး (Flaviviridae) အုပ်စုဝင် ဖြစ်ပါသည်။

ယင်းနှင့်အလားတူ အုပ်စုတူဗိုင်းရပ်စ်များမှာ မြန်မာနိုင်ငံတွင်ရင်းနှီးပြီးဖြစ်သော သွေးလွန်တုပ်ကွေးဗိုင်းရပ်စ် (Dengue virus)၊ အသားဝါဖျားနာဗိုင်းရပ်စ် (Yellow fever virus)၊ ဂျပန်ဦးနှောက်ရောင်ရောဂါဗိုင်းရပ်စ် (Japanese encephalitis virus) နှင့် အာဖရိကတွင် ဖြစ်ပွားသောနိုင်းမြစ်အနောက်ဘက်ကမ်း ဗိုင်းရပ်စ် (West Nile virus) တို့ဖြစ်သည်။

အလွယ်ဆုံးမှတ်သားထားရန်မှာ သွေးလွန်တုပ်ကွေးဖြစ်စေသောဗိုင်းရပ်စ်ပိုးဖြင့် အလားသဏ္ဍာန်တူပြီး သွေးလွန်တုပ်ကွေးကဲ့သို့ပင် ခြင်ကျား (Aedes aegypti) ကိုက်ရာမှတစ်ဆင့် ကူးစက်သည့်ရောဂါတစ်မျိုးဖြစ်သည်။

၁၉၄၇ ခုနှစ်တွင် ယူဂန်ဒါနိုင်ငံ (Uganda) တွင်ရှိသော အရှေ့အာဖရိက ဗိုင်းရပ်စ်သုတေသနဌာန (The East African Virus Research Institute) မှ သိပ္ပံပညာရှင်များသည် မျောက်များကိုလေ့လာရာမှတစ်ဆင့် ပထမဆုံး ဗိုင်းရပ်စ်အသစ်ကို စတင်တွေ့ရှိခဲ့ကြသည်။ စတင်လေ့လာစဉ်က အသားဝါဖျားနာဗိုင်းရပ်စ် (Yellow fever virus) ကို လေ့လာခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အသားဝါဗိုင်းရပ်စ်ဖြင့် အလားတူသော ဗိုင်းရပ်စ်အသစ်တစ်ခုကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုဗိုင်းရပ်စ်ကို စတင်တွေ့ရှိခဲ့သော ဇီကာသစ်တော (Zika Forest) ဒေသကိုအစွဲပြုပြီး ယင်းဗိုင်းရပ်စ်အသစ်ကိုဇီကာဗိုင်းရပ်စ် (Zika virus) ဟု စတင်ခေါ်ဝေါ်ခဲ့သည်။

**လူများကို ဇီကာဗိုင်းရပ်စ်ပိုး ကူးစက်ခြင်း**

၁၉၅၄ ခုနှစ်တွင် နိုက်ဂျီးရီးယားနိုင်ငံ (Nigeria) မှ လူနာတစ်ယောက်၏သွေးထဲတွင် ဇီကာဗိုင်းရပ်စ်ပိုးကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ မျောက်တွင်စတင်တွေ့ရှိပြီး ခုနစ်နှစ်အကြာတွင် လူ၌ပထမဆုံးစတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သို့သော် လူတွင်ဖြစ်ပွားမှုနှုန်းနည်းသည့် အလွန်ရှားပါးသော ကူးစက်ရောဂါတစ်ခုသာဖြစ်သည့်အတွက် ၂၀၀၇ ခုနှစ် မတိုင်မီအချိန်အထိ စိတ်ဝင်စားမှုနည်းပါးခဲ့ကြသည်။ ထို့နောက် ၂၀၀၇ ခုနှစ် ဧပြီလတွင် မိုက်ခရိုနီးရှားနိုင်ငံ (Micronesia) ၌ ကမ္ဘာ့ပထမဆုံးအဖြစ် ဇီကာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု (Outbreak) စတင်ဖြစ်ပွားခဲ့ပါသည်။ လူများအုပ်စုလိုက်ဖျားနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်းနှင့် မျက်စိများရောင်ရမ်းခြင်းကို ခံစားရသည့် အပြင် ခန္ဓာကိုယ်အစက်



အပြောက်များ ထွက်လာသည့်အတွက် သွေးလွန်တုပ်ကွေးလိုလို ချီကန်ဂန်းယားရောဂါ (Chikungunya) လိုလို ထင်မြင်ယူဆခဲ့ကြပြီးနောက် သွေးစစ်ကြည့်သည့်အခါ ယခင်က မထင်မရှားဖြစ်ခဲ့ဖူးသော ဇီကာဗိုင်းရပ်စ်ရောဂါဖြစ်နေသည်ကို တွေ့ရှိခဲ့ကြသည်။ လူနာပေါင်း ၁၀၈ ဦး ဖြစ်ပွားခဲ့သည့်အနက် ၄၉ ဦးတွင် ဇီကာဗိုင်းရပ်စ်ပိုးတွေ့ခဲ့ပြီး ကျန် ၅၉ ဦးမှာတော့ ဇီကာဗိုင်းရပ်စ်မတွေ့ရှိခဲ့ပါ။ လူအသေအပျောက်မရှိဘဲ လူနာအားလုံးပြန်နေကောင်းသွားကြပြီး ယင်းနောက်ပိုင်းတွင်လည်း ဇီကာဗိုင်းရပ်စ်ကို မေ့မေ့ပျောက်ပျောက် ပြန်ဖြစ်သွားပြန်ပါသည်။

ထို့နောက် ၂၀၁၅ ခုနှစ် ဧပြီလတွင် ဘရာဇီးနိုင်ငံ၌ လူအများအပြားတစ်ပြိုင်နက်တည်း ဇီကာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ပြန်လည်ဖြစ်ပွားရာမှတစ်ဆင့် လအနည်းငယ်အတွင်းမှာပင် အမေရိကအလယ်ပိုင်းဒေသ (Central America) နှင့် တောင်အမေရိက (South America) ရှိ နိုင်ငံအများအပြားသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ယခုဆိုလျှင် နိုင်ငံပေါင်း ၂၄ နိုင်ငံသို့ ပျံ့နှံ့ရောက်ရှိနေပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ လူဦးရေပေါင်း လေးသန်းခန့် ရောဂါကူးစက်ခံနေရနိုင်သည်ဟု ဆိုပါသည်။

ကူးစက်ခံရမှုအဆိုးဆုံးဖြစ်သော ဘရာဇီးနိုင်ငံ၏ ရီယိုဒီဂျနီးရို (Rio de Janeiro) မြို့တွင် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ကမ္ဘာ့အိုလံပစ်ပွဲတော်ကျင်းပတော့မည် ဖြစ်သည့်အတွက် ထိုသို့လာရောက်မည့် အားကစားသမားများနှင့် ပွဲကြည့်ပရိသတ်များအတွက် စိုးရိမ်စရာအခြေအနေဖြစ်ပါသည်။ ထို့အပြင် ယင်းတို့ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်သွားချိန်တွင် ဇီကာဗိုင်းရပ်စ်ပိုးများပါသွားနိုင်ပြီး တစ်ကမ္ဘာလုံးကူးစက်ပျံ့နှံ့သွားမည်ကို အထူးစိုးရိမ်နေကြပါသည်။ ဘရာဇီးသမ္မတ မစ္စစ်ရူးဆက်သည်လည်း ဇီကာဗိုင်းရပ်စ်ကို အနိုင်တိုက်မည်ဟု ကြုံးဝါးရင်း ယင်း၏စစ်တပ်မှ စစ်သား အယောက် ၂၂၀၀၀၀ ကို ခြင်နှိမ်နင်းရေးအတွက် အထူးတာဝန်ပေးပြီး စစ်ပွဲတစ်ရပ်အသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇီကာဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့ပုံ**

ဇီကာဗိုင်းရပ်စ်ပိုး၏ အဓိကကူးစက်ပျံ့နှံ့ပုံမှာ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ကဲ့သို့ပင် အေးဒီးစ် (Aedes) အမည်ရှိခြင်ကျားကိုက်ရာမှ ကူးစက်ခြင်းဖြစ်သည်။ ထိုခြင်များသည် နေ့ဘက်တွင်သာ ကိုက်တတ်သောခြင်များဖြစ်သည့်အတွက် နေ့ခင်းဘက်၌ ခြင်မကိုက်အောင် ဂရုပြုနေကြရန် အရေးကြီးပါသည်။ ထိုဗိုင်းရပ်စ်ပိုးများသည် ခြင်ထဲတွင် ၁၀ ရက်ခန့်နေပြီးတိုးတက်ပွားများလာပါသည်။ ယင်းဗိုင်းရပ်စ်သယ်ဆောင်သည့် ခြင်သည် လူကိုကိုက်ခဲ့လျှင် လူ၏သွေးထဲသို့ရောက်ပြီး ရောဂါလက္ခဏာများကို ခံစားရလေ့ရှိပါသည်။

ဒုတိယကူးစက်နည်းမှာ ကိုယ်ဝန်ဆောင်မိခင်များတွင် အမေမှတစ်ဆင့် ကလေးသို့ ကူးစက်ခြင်းဖြစ်သည်။

အမေဖြစ်သူ၏သွေးထဲမှ ဇီကာဗိုင်းရပ်စ်ပိုးများသည် အချင်းမှတစ်ဆင့် ကလေးဆီကိုရောက်ပြီး ကလေး၏ ဦးနှောက်နှင့် ဦးခေါင်းခွံဖွံ့ဖြိုးမှုရပ်တန့်ခြင်း (Microcephaly) ကို ဖြစ်ပေါ်စေပါသည်။

တတိယကူးစက်နည်းမှာ လိင်ဆက်ဆံရာမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ်ကပင် ထိုသို့ကူးစက်တတ်ပုံကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ်တက္ကသိုလ် (Colorado State University) မှ ဇီဝဗေဒပညာရှင် ဘရိုင်ရင်ဖွိုင် (Brian Foy) သည် ဆီနီဂေါနိုင်ငံ (Senegal) သို့ သွားရောက်ပြီး ခြင်နှင့်ပတ်သက်သည့်သုတေသနများကို ပြုလုပ်နေစဉ်တွင် ဇီကာဗိုင်းရပ်စ်ကူးစက်ခြင်းကို ခံခဲ့ရပါသည်။ ယင်းသည်အမေရိကသို့ ပြန်လာသည့်အချိန်တွင် ဇနီးသည်ကို လိင်ဆက်ဆံရာမှတစ်ဆင့် (Sexual contact) ကူးစက်သွားသောကြောင့် ကမ္ဘာပေါ်တွင် ပထမဆုံး လူမှတစ်ဆင့် ဇီကာဗိုင်းရပ်စ်ပိုး ကူးစက်ခြင်းအနေဖြင့် မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

**ဇီကာဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပေါ်လာသော ရောဂါလက္ခဏာများ**


ဇီကာဗိုင်းရပ်စ်ပိုးဝင်လာသည့် သူတိုင်း လက္ခဏာမပြသည့်အတွက် ကူးစက်ခံရခြင်းကို မသိရှိခြင်း ဖြစ်ပေါ်တတ်ပါသည်။

ကူးစက်ခံရသူ ငါးဦးတွင် လေးဦးသည် မည်သည့်လက္ခဏာမှပြလေ့မရှိဘဲ တစ်ဦးသာ ရောဂါလက္ခဏာခံစားရတတ်ပါသည်။ အဓိကရောဂါလက္ခဏာများအနေနှင့် ဇီကာဗိုင်းရပ်စ်ပိုးဝင်လာပြီး တစ်ပတ်အတွင်း အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်အဆစ်အမျစ်များကိုက်ခဲခြင်း၊ အရေပြားပေါ်တွင် အနီစက်လေးများထွက်ခြင်း (Skin rash)၊ မျက်စိနီရဲခြင်း (Conjunctivitis) နှင့် ခန္ဓာကိုယ်နုံးချည့်နေခြင်းစသည့် လက္ခဏာများ ခံစားရလေ့ရှိပါသည်။ ဖျားနာရာတွင်လည်း ရက်ရှည်ဖျားလေ့မရှိဘဲ သုံးရက်ခန့်သာဖျားပြီး ပြန်ကျသွားလေ့ရှိသည်။ အဖျားကျပြီးနောက် အရေပြားတွင်ရှိသော အစက်များလည်း ဖြည်းဖြည်းချင်းလျော့လာပြီး ရက်အတန်ကြာလျှင် ပျောက်သွားလေ့ရှိပါသည်။ ဆိုးဆိုးဝါးဝါး ခံစားရလေ့မရှိသောကြောင့် ဆေးရုံတင်ရန်လည်းမလိုအပ်ပါ။ အဖျားကျပြီး အကိုက်အခဲသက်သာရန်အတွက် ပါရာစီတမောကဲ့သို့ ဆေးမျိုးသောက်ရုံဖြင့် အဆင်ပြေသွားတတ်ပါသည်။ ဗိုင်းရပ်စ်ပိုးကိုသေစေသည့်ဆေး မပေါ်သေးသည့်အတွက် ရောဂါလက္ခဏာကို ပျောက်ကင်းရန်သာ ကုသပေးနိုင်ပါသည်။ သို့သော် အကိုက်အခဲပျောက်စေရန် NSAID ကဲ့သို့ ဆေးအပြင်းများ (ဥပမာ- ဒိုင်ကလိုဖီနက် (Diclofenac)၊ အိုင်ဗျူပရိုဖန် (Ibuprofen)၊ အက်စ်ပရင် (Aspirin)) များ မသုံးစွဲသင့်ပါ။

အဓိကပြဿနာမှာ ကိုယ်ဝန်ဆောင်များ ကူးစက်ခံရပါက သန္ဓေသား၏ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်ပြီး ခေါင်းသေးသေးလေးဖြင့် မွေးလာခြင်း (Microcephaly) ဖြစ်သည်။ အချို့လူကြီးများတွင်လည်း နောက်ဆက်တွဲဝေဒနာအနေနှင့် အာရုံကြောများထိခိုက်သည့် ရောဂါ (Guillain Barre Syndrome) ဖြစ်နိုင်ကြောင်းကို ဆေးပညာ ဂျာနယ်များတွင် ဖော်ပြထားပါသည်။

ဘရာဇီးနိုင်ငံသည် ဇီကာဗိုင်းရပ်စ်ပိုး အများဆုံး ကူးစက်ခံရသည့်နိုင်ငံဖြစ်သည့် အလျောက်နိုင်ငံ၏ အရှေ့မြောက်ဘက်ဒေသ ဇီကာဗိုင်းရပ်စ်

စာမျက်နှာ ၁၇ သို့




## ရမည်းသင်းမြို့နယ်အတွင်း နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်

**ရမည်းသင်း ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းအရည်အသွေးနှင့် လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့ (QC/WD) အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်က ရမည်းသင်းမြို့နယ်အတွင်း WELL DONE ENGINNER ING Co., Ltd မှ စက်ရေတွင်း တူးဖော်ဆောင်ရွက်ခဲ့သော ကျေးရွာများသို့ သွားရောက်ကာ ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် WELL DONE ENGINEERING Co.,Ltd မှ ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာ ၁၇ ရွာတွင် လေးလက်မ စက်ရေတွင်း ၁၇ တွင်း တူးဖော်ပေးခဲ့ပြီးဖြစ်သည်ဟု သိရသည်။

ယင်းတူးဖော်ပြီးသောစက်ရေတွင်းများ၏ လက်ရှိသုံးစွဲဆောင်ရွက်မှု အခြေအနေအား ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်းသိရသည်။

ရမည်းသင်းမြို့နယ် ကန်ဘဲ့အုပ်စု၊ ထန်းပေါက်ကုန်းကျေးရွာတွင် စက်ရေတွင်းအတွင်း သဲပိတ်ဆို့၍ တွင်းပျက်စီးသွားသဖြင့် တွင်းသစ်တူးဖော်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ တွင်းသစ်တူးဖော်ရေးဆောင်ရွက်ပေးသည့်အတွက် နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှု မရှိနိုင်တော့ပြီဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်ကြကြောင်းသိရသည်။

ဦးလှိုင်သန်းတင့်(ရမည်းသင်း)

## အမှတ်(၂) ခရိုင်ချင်းဆက် ကားလမ်းပေါ်ရှိ ထုံးဘိုချောင်းကူးသစ်သားတံတားကြီး ပြန်လည်တည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီး

**တပ်ကုန်း ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်၏အရှေ့ဘက် ၇ မိုင်ခန့်အကွာတွင် ဖြတ်သန်းဖောက်လုပ်ထားသည့် အမှတ်(၂) ခရိုင်ချင်းဆက်ကားလမ်းပေါ်ရှိ ထုံးဘိုချောင်းကူးသစ်သားတံတားကြီးသည် လက်ရှိအချိန်တွင် ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းတံတားမှာ ၂၀၁၄ ခုနှစ် ဩဂုတ်လက မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများနှင့် အတူ မျောပါပျက်စီးသွားခဲ့ကာ အဆိုပါပျက်စီးခဲ့သည့် တံတားကြီးအစား အရှည်ပေ ၃၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ သံကူကွန်ကရစ်တိုင်နှင့် သံမဏိသံပေါင်တံတားအမျိုးအစားကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ခွင့်ပြုငွေကျပ် သိန်း ၂၅၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထုံးဘိုချောင်းကူးသစ်သားတံတား ကြီးကို တင်ဒါအောင်မြင်သည့် တောကြီးမြိုင်ကြီး ကုမ္ပဏီမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် စတင်တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင် (ပြန်/ဆက်)

## ပြည်တွင်းရေးရာ

**စာမျက်နှာ ၁၆ မှ**

ဖြစ်ပွားလျက်ရှိသော နေရာတွင် ကိုယ်ဝန်ဆောင်များ မွေးလာသည့်ကလေးများ၌ ဦးနှောက်ဖွံ့ဖြိုးမှုထိခိုက်သည့်နှုန်းမှာ သိသိသာသာတိုးမြင့်လာကြောင်း တွေ့ရသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစပြီး သိသိသာသာ တိုးပွားလာသည်မှာ ယခုဆိုလျှင် လူဦးရေ ၄၀၀၀ ကျော်သွားပြီဖြစ်သည်။ ဇီကာဗိုင်းရပ်စ်ဖြစ်ပွားခဲ့သည့်မိခင်မှ မွေးလာသောကလေး၏အချင်း (Placenta) ထဲမှာသာမက ရေမွှာ (Amniotic fluid) အတွင်း၌ပါ ဇီကာဗိုင်းရပ်စ်များတွေ့ရသည့်အတွက် အမေမှကလေးဆီသို့ ဗိုင်းရပ်စ်ပိုးများကူးစက်ခြင်းမှာ ရာနှုန်းပြည့်သေချာပါသည်။ ကိုလံဘီယာနိုင်ငံရှိ ကိုယ်ဝန်ဆောင်မိခင် ၂၁၀၀ ဦးကျော်မှာ ဇီကာဗိုင်းရပ်စ် ကူးစက်ခံနေရသောကြောင့် မွေးလာမည့်ကလေးများအတွက် စိုးရိမ်စရာဖြစ်နေပါသည်။ ထို့အပြင် မွေးလာသောကလေးအများစုသည်လည်း ဦးနှောက်ဖွံ့ဖြိုးမှုထိခိုက်နေသည့်အတွက် ယင်းတို့နှစ်ခုဆက်စပ်ခြင်းကို ပညာရှင်အများစုကလက်ခံကြပါသည်။ ထို့ကြောင့် ဇီကာဗိုင်းရပ်စ်ပိုး ပြန့်ပွားနေသည့်နိုင်ငံများရှိ အမျိုးသမီးများကို လောလောဆယ် ကိုယ်ဝန်မဆောင်ကြရန် တိုက်တွန်းထားပါသည်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆောင်ရွက်ချက်များ**

အနောက်အာဖရိကဒေသများတွင် အီဘိုလာဗိုင်းရပ်စ်ပိုးဖြစ်ပွားခဲ့စဉ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနှင့် တုန့်ပြန်ဆောင်ရွက်မှု အားနည်းခဲ့သောကြောင့် လူပေါင်းတစ်သောင်းကျော် သေကြေခဲ့ရသည့်အတွက် အများစု၏ဝေဖန်ခြင်းကိုခံခဲ့ရပါသည်။ ယခုဖြစ်ပေါ်လာသော ဇီကာဗိုင်းရပ်စ်ကိစ္စတွင်မူ ယခင်လိုတုံ့နှေးခြင်းမရှိဘဲ လျင်လျင်မြန်မြန်ဆောင်ရွက်နေခြင်းကိုတွေ့ရပါသည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်၌ တစ်ရက်အစည်းအဝေးပြုလုပ်ခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်နေ့မှာပင် အရေးပေါ်ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါသည်။ အရေးပေါ်ကြေညာချက်တွင် ဖော်ပြထားသောဆုံးဖြတ်ချက်များမှာ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံတိုင်းသည်

(၁)ရောဂါကူးစက်ခံရမှုကို အမြန်ဆုံးဖော်ထုတ်ရန်

(၂)ရောဂါလက္ခဏာများပေါ်သည်နှင့် တစ်ပြိုင်နက် ဇီကာဗိုင်းရပ်စ်ဟုတ်/မဟုတ် အမြန်ဆုံးစမ်းသပ်လုပ်ဆောင်ရန်

(၃)ဇီကာဗိုင်းရပ်စ်ကာကွယ်ဆေးများ အမြန်ဆုံးထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတကာအစိုးရများက အတတ်နိုင်ဆုံး ကူညီလုပ်ဆောင်ကြရန် စသည့်အချက်များကို သဘောတူခဲ့ကြပါသည်။

ကူးစက်ပျံ့နှံ့မှုနှုန်းများနေသော နိုင်ငံများဖြစ်သည့် ဘရာဇီးနိုင်ငံ၊ ဟွန်ဒူးရပ်စ်နိုင်ငံနှင့် ကိုလံဘီယာနိုင်ငံများတွင်လည်း အရေးပေါ်ကြေညာထားပါသည်။ သို့သော် ဇီကာကြောင့် ခရီးသွားလာရေးကန့်သတ်ခြင်းနှင့် ကုန်သွယ်ရေးကန့်သတ်ခြင်းတို့ကိုလောလောဆယ်လုပ်ဆောင်ရန် မလိုသေးကြောင်းကိုလည်း အဆိုပြုထားပါသည်။

ဇီကာဗိုင်းရပ်စ်ပိုး ကာကွယ်ဆေးစမ်းသပ်မှု ယခုလောလောဆယ်အခြေအနေတွင် ကမ္ဘာပေါ်၌ ဇီကာဗိုင်းရပ်စ်ကာကွယ်ကုသနိုင်သည့်ဆေးဝါး တစ်စုံတစ်ရာမရှိသေးသည့်အပြင် ရောဂါရှာဖွေစစ်ဆေးရာတွင်လည်း ပြည့်စုံလုံလောက်မှုမရှိသေးသည်ကို တွေ့ရသည်။ ဇီကာဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်နိုင်ရန် စမ်းသပ်သုတေသနပြုလုပ်ရာတွင် အဓိကအားဖြင့် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဆေးတက္ကသိုလ်ဌာနခွဲမှ သိပ္ပံပညာရှင်များက ဦးဆောင်ပြုလုပ်လျက်ရှိပါသည်။ ယင်းတို့သည် ဘရာဇီးနိုင်ငံကိုသွားရောက်ပြီး ဗိုင်းရပ်စ်ပိုးနမူနာများယူကာ အမေရိကန်၏ တင်းကြပ်သည့် ဓာတ်ခွဲခန်းများတွင်လေ့လာ၍ ကာကွယ်ဆေးထွက်ရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကာကွယ်ဆေးစတင်ပေါ်လာရန်အတွက် အနည်းဆုံးအချိန် နှစ်နှစ်ခန့် ယူရမည်ဖြစ်ပြီး တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်ရန်အတွက် ၁၀ နှစ်ခန့် ကြာမည်ဖြစ်ကြောင်း ပြောဆိုထားပါသည်။ ပြင်သစ်ဆေးကုမ္ပဏီကြီးတစ်ခုဖြစ်သော Sanofi Pasteur က ဇီကာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ကာကွယ်ဆေးသုတေသနနှင့် ထုတ်လုပ်မှုပရောဂျက် စတင်နေကြောင်းကို ကြေညာချက်ထုတ်ပြန်ထားပါသည်။

ထိုကဲ့သို့ကြေညာပြီး နောက်တစ်ရက်မှာပင် အိန္ဒိယဆေးကုမ္ပဏီတစ်ခုဖြစ်သော Bharat Biotech က ပထမဆုံးဇီကာဗိုင်းရပ်စ် ကာကွယ်ဆေး ကို ထုတ်လုပ်နေပြီး လွန်ခဲ့သော တစ်နှစ် က မူပိုင်ခွင့်လျှောက်ထားခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့အပြင် မူပိုင်ခွင့်ရခဲ့လျှင် တိရစ္ဆာန်များတွင်စတင်စမ်းသပ်ရန် အဆင် သင့် ဖြစ်နေကြောင်းကိုလည်း သိရှိရပါသည်။ ထိုကာကွယ်ဆေးကို ဇီကာဗက် (Zikavac) ဟု အမည်ပေးထားပါသည်။

**ဇီကာဗိုင်းရပ်စ်ပိုးနှင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု အခြေအနေ**

**အယ်လ်နီညိုကြောင့် အပူချိန်မြင့်တက်လာခြင်းသည် ခြင်နှင့်ဗိုင်းရပ်စ်ပိုးများ ပိုပေါက်လာနိုင်သည့်အခြေအနေကို ဖန်တီးပေး . . . . . . . .**



ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ကူးစက်ရောဂါ၊ ကပ်ရောဂါဖြစ်ပွားမှုများ ဆက်စပ်မှုရှိသည်ဟု ကမ္ဘာ့မိုးလေဝသပညာရှင်များက ပြောကြပါသည်။ မြန်မာနိုင်ငံမိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်ကလည်း ယင်းအဆိုပြုချက်ကို ထောက်ခံပြောဆိုထားသည်အထူးသဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အားကောင်းသောနှစ်များတွင် ကူးစက်ရောဂါများ ပိုမိုဖြစ်ပွားလေ့ရှိသည်ဟုဆိုသည်။

၁၉၁၈ ခုနှစ်မှ ၁၉၂၀ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ရာသီဥတုဖောက်ပြန်မှုကြောင့် ကပ်ရောဂါများဖြစ်ပေါ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ သေဆုံးခဲ့ကြပါသည်။ ယခု ၂၀၁၅-၂၀၁၆ နှစ်သည်လည်း အယ်လ်နီညိုအားကောင်းသောနှစ် ဖြစ်သည့်အတွက် ကူးစက်ရောဂါများဖြစ်နိုင်ချေ ပိုမိုများပြားကြောင်းသိရသည်။ အယ်လ်နီညိုကြောင့် အပူချိန်မြင့်တက်လာခြင်းသည် ခြင်နှင့် ဗိုင်းရပ်စ်ပိုးများ ပိုပေါက်လာနိုင်သည့်အခြေ အနေကို ဖန်တီးပေးသောကြောင့်ဖြစ်သည်။

**အီဘိုလာဗိုင်းရပ်စ်ထက် ပိုမိုဆိုးရွားသော ဇီကာဗိုင်းရပ်စ်**

အာဖရိကတွင်ဖြစ်ပွားခဲ့သော အီဘိုလာဗိုင်းရပ်စ်ကြောင့် လူပေါင်း ၁၁၀၀၀ ကျော် သေဆုံးခဲ့ပြီးနောက် အီဘိုလာကို နှိမ်နင်းနိုင်ခဲ့ သည့်အတွက် နောက်ဆက်တွဲပြဿနာမရှိပါ။ ယခုဖြစ်ပေါ်နေသောဇီကာဗိုင်းရပ်စ်မှာ အီဘိုလာဗိုင်းရပ်စ်ကဲ့သို့ ဖြစ်ပွားသူကို ချက်ချင်းမသေ စေဘဲ ကူးစက်ခံရသူအချို့မှာ ကူးစက်ခံရမှန်းမသိဘဲပုံမှန်အတိုင်း နေလေ့ရှိပါသည်။ ထို့နောက် ရောဂါသယ်ဆောင်သူအနေနှင့် နေရာဒေသအနှံ့အပြားကို ရောက်ရှိသွားပြီး ယင်းကိုခြင်က ကိုက်ပြီး ကိုယ်ဝန်ဆောင်ကိုကိုက်လျှင် ဇီကာ ဗိုင်းရပ်စ်ပိုးကူးစက်တတ်ပါသည်။ ထိုကူးစက်ခံရသောကိုယ်ဝန်ဆောင်များသည် ဦးနှောက်သေးရောဂါ (Microcephaly) ခံစားနေရသောကလေးများ မွေးလာပါသည်။ ဤကဲ့သို့ တဖြည်းဖြည်းများလာပြီး တစ်ကမ္ဘာလုံးတွင် ထိုကဲ့သို့ရောဂါကူးစက်ခံရသောကလေးများ သန်းချီပြီး မွေးလာခဲ့လျှင် ဝန်ထုပ်ဝန်ပိုးများဖြစ်လာနိုင်ပါသည်။

ထိုထက်ပိုဆိုးလာပါက ကမ္ဘာ့လူမျိုးနွယ်စုတစ်ခုလုံးကို ခြိမ်းခြောက်နိုင်သည့် အခြေအနေတွင် ရှိပါသည်။ ဇီကာဗိုင်းရပ်စ်ပိုးအတွက် ကာကွယ်ဆေးရော ကုသဆေးပါ မရှိသေးသည့်အတွက် အီဘိုလာဗိုင်းရပ်စ်ထက်ပိုမိုဆိုး ရွားပါသည်။

**မြန်မာနိုင်ငံသို့ ဇီကာဗိုင်းရပ်စ်ပိုး ဝင်ရောက် ပျံ့နှံ့ခြင်း ရှိ၊ မရှိ**

ယနေ့အချိန်အထိ မြန်မာနိုင်ငံသို့ ဇီကာဗိုင်းရပ်စ်ပိုး ဝင်ရောက်ခြင်းမရှိသေးကြောင်း တွေ့ရသည်။ ကျန်းမာရေးဝန်ကြီးဌာန အနေနှင့်လည်း နိုင်ငံတကာမှ ဝင်ရောက်လာသူအားလုံးကို စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အဓိကလေဆိပ်များဖြစ်သော ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပုဂံညောင်ဦးနှင့် ဟဲဟိုးလေဆိပ်များတွင် စောင့်ကြည့်ရေး အဖွဲ့များထားပြီး စောင့်ကြည့်လျက်ရှိသည်။ ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အသက်(၂၂) နှစ်ရှိ ထိုင်းလူမျိုးတစ်ဦး၌ ဇီကာဗိုင်းရပ်စ်ပိုးတွေ့ရကြောင်းနှင့် လောလောဆယ် နေကောင်းသွားသောကြောင့် ဆေးရုံမှဆင်းသွား၍ပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ အိမ်နီးချင်းနိုင်ငံများတွင် ဇီကာဗိုင်းရပ်စ်ပိုး ရောက်ရှိနေပြီဖြစ်သောကြောင့် သတိပြုရန်လိုအပ်ပါသည်။ ထိုင်းနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပွားသူ စုစုပေါင်း ခုနစ်ဦးရှိခဲ့ကြောင်း သိရှိရပါသည်။

**ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းမှ ကာကွယ်တားဆီးခြင်း**

ဇီကာဗိုင်းရပ်စ်ပိုးသည် အဓိကအနေဖြင့် ခြင်ကိုက်ရာမှ ကူးစက်ခြင်းဖြစ်သည့်အတွက် ခြင်ကိုက်မခံရအောင် သတိပြုနေထိုင်ရန်လိုအပ်ပါသည်။ နေ့ခင်းဘက်တွင်ကိုက်သောခြင်ဖြစ်သည့်အတွက် ခြင်ပေါ်သည့်နေရာတွင် နေထိုင်သူများအနေနှင့် အထူးဂရုပြုရပါမည်။

ကျွန်တော်တို့လူသားများသည် ခြင်များနှင့် စစ်ဖြစ်နေခြင်းဖြစ်ပြီး ဤစစ်ပွဲတွင် ကျွန်တော်တို့ အကြိမ်ပေါင်းများစွာ ရှုံးနိမ့်ခဲ့ပြီးဖြစ်သည့်အတွက် နိုင်အောင်တိုက်ကြရပါမည်။ ထို့အပြင် ခြင်ကျားနှိမ်နင်းရေးကို အားလုံးဝိုင်းဝန်းလုပ်ဆောင်ကြရပါမည်။ ခြင်မကိုက်သည့်ဆေး (Mosquito repellent) လိမ်းခြင်း၊ အကျီလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ခြင်းတို့ ပြုလုပ်သင့်ပါသည်။ သွေးလွန်တုပ်ကွေးနှိမ်နင်းရာတွင် ပြုလုပ်သကဲ့သို့ပင်ဖြစ်သည်။ ခြင်ပေါက်နိုင်သောရေများကို လုံအောင် ဖုံးအုပ်ခြင်း၊ ပိုးလောက်လန်းများတွေ့လျှင် စနစ်တကျသွန်ခြင်း၊ ရေဝပ်နိုင်သောနေရာများတွင် ပစ္စည်းများထားသိုခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို ပြုလုပ်ထားပါက ရောဂါသယ်ဆောင်သည့် ခြင်များကို ထိရောက်စွာနှိမ်နင်းနိုင်မည်ဖြစ်သည်။

ယခုအချိန်တွင်မြန်မာနိုင်ငံသည် ဇီကာဗိုင်းရပ်စ်ပိုးအန္တရာယ်ရှိသည့် အနေထားသို့ မရောက်သေးသည့်အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော ရောဂါဖြစ်ပွားနေသည့် ၂၄ နိုင်ငံစာရင်းတွင်လည်း ပါဝင်ခြင်းမရှိသေးပါ။ ထိုရောဂါဖြစ်ပွားနေသော နိုင်ငံများသို့ ခရီးသွားလာခြင်းကို အတတ်နိုင်ဆုံးရှောင်ကြဉ်ရန် လိုအပ်ပါသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင် မိခင်များအနေနှင့် မသွားသင့်ကြောင်း အကြံပြုပြောကြားလိုပါသည်။ နိုင်ငံသားအားလုံး တက်ညီလက်ညီဖြင့် သွေးလွန်တုပ်ကွေးကာကွယ်ရေးတွင် လုပ်ဆောင်သကဲ့သို့ပင် ခြင်ကျားနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်ပြီး ဝိုင်းဝန်းလုပ်ဆောင်ကြရန် တိုက်တွန်းလိုပါသည်။

**စာဖတ်သူအားလုံးကို အစဉ်လေးစားလျက်**

## ကျောက်စိမ်းစေတီတော်မြတ်ကြီး၌ ကျောက်လက်မှုပစ္စည်းများ ဝယ်ယူမှုများလာ၍အရောင်းဆိုင်များတိုးလာ



**အမရပူရ ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာ၊ မြင်းမှူးကျေးရွာအနီးရှိ ကျောက်စိမ်းစေတီမြတ်ကြီး၏ ဈေးတန်းတွင် ရောင်းချနေသောကျောက်ဖြင့် ပြုလုပ်သောအမှတ်တရလက်မှုပစ္စည်းများ ဝယ်ယူသူများပြား၍ အရောင်းဆိုင်များလည်းများပြားလာကြောင်း သိရသည်။

"ကျောက်စိမ်းဘုရားမှာ ဘုရားဖူးတွေနေ့စဉ်များပြားတဲ့အတွက် ဒီကျောက်နဲ့ ပြုလုပ်တဲ့ပစ္စည်းတွေ ဝယ်ယူသူများပြားလာပါတယ်။ ကျောက်စိမ်းလက်ကောက်၊ ကျောက်စိမ်းပုတီး၊ ကျောက်ဆွဲကြိုးနှင့် အခြားကျောက်ဖြင့် ပြုလုပ်သော ပစ္စည်းများလည်းရောင်းချပါတယ်။ ဈေးနှုန်းကလည်း ကျပ်ငါးရာ ကနေ ကျပ်ရှစ်ထောင်အထိဆိုတော့ လူတန်းစားမရွေးဝယ်ယူနိုင်ပါတယ်။ ဈေးနှုန်းချိုသာ၍ အမှတ်တရဝယ်ယူသူ များပြားလာပါတယ်။

"ဘုရားကြီး ထီးတော်တင်ပြီးခါစက ကျောက်ဖြင့်ပြုလုပ်တဲ့ အမှတ်တရပစ္စည်း အရောင်းဆိုင် ၁၀ ဆိုင်တောင်မပြည့်ဘူး၊ အခုဆိုင် ၅၀ ကျော်သွားပြီး ဘုရားဖူးများသလို၊ ဝယ်ယူသူလည်းများပါတယ်၊ ဆိုင်တွေများလာတော့ ဝယ်ယူသူမျှသွားတာပေါ့၊ ရောင်းချသူတွေနေ့တွက်ကိုက်ရုံလောက်ပါပဲ" ဟု ကျောက်စိမ်းစေတီတော် အဝင်မုခ်ဦးရှေ့တွင် အဆိုပါအမှတ်တရ ပစ္စည်းများရောင်းချနေသော ဆိုင်ရှင်တစ်ဦးက ပြောပြသည်။

ကမ္ဘာ့ပထမဦးဆုံးကျောက်စိမ်းစေတီတော်မြတ်ကြီးအား ၂၀၁၅ ခုနှစ် ဇွန်က ထီးတော်တင်လှူခဲ့ပြီး မြန်မာမှုအရည်အသွေးမြင့်ကျောက်စိမ်းအနုပညာလက်ရာများ လေ့လာနိုင်သလို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့်စည်ကားလျက်ရှိပြီးကျောက်ဖြင့် ပြုလုပ်သော အမှတ်တရပစ္စည်းများဝယ်ယူသူများပြားနေသည်။ **သန်းဇော်မင်း( ပြန်/ဆက်)**

ကျန်းမာရေးဆောင်းပါး

# ထုံနာကျဉ်နာ သတိပြုစရာ

**ခ** ကြည်လွင်မြင့်(မုဒြာ)



နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီတွင် ထုံနာကျဉ်နာခေါ် အကြောလေမလျှောက်သော ဝေဒနာသည် မိုးဥတုနှင့် ဆောင်းဥတုတွင် ပို၍အဖြစ်များသည်။ ဥတုပျက်မိုး၊ အချိန်အခါမဟုတ်မိုး၊ လွန်ကဲစွာ နှင်းကျခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် ထုံကျဉ်ရောဂါတိုးနိုင်သည်။

ကျေးလက်ဒေသများတွင် သက်ကြီးရွယ်အိုအဘိုး၊ အဘွားများသည် အေးသောရာသီတွင် မီးလှုံလေ့ရှိကြသည်။ မီးလှုံနေမှ ခြေသလုံး၊ ညို့သကျည်း ကိုက်ခဲသောရောဂါ ဒူလာရောဂါနှင့် ထုံနာကျဉ်နာများ သက်သာသည်ဟုဆိုကြသည်။ အပူရှိန်ဟပ်သဖြင့် ခေတ္တသက်သာသွားခြင်းဖြစ်သည်။

ဆောင်းဥတု၌ ရိပ်သာတရားစခန်းများတွင် ယောဂီနည်းလေ့ရှိသည်။ အထူးသဖြင့် သမံတလင်းကြမ်းပြင်ပေါ်တွင် အခင်းဖြင့် ထိုင်ရလျှင် အဆင်မပြေနိုင်ပေ။ ခြေလက်များ အအေးလွန်ကဲသဖြင့် အောက်ပိုင်းသေသလိုဖြစ်ရသော တရားထိုင်သူများကို တွေ့ရဖူးသည်။

ဆီးချိုရောဂါရှိသူများမှာ ရာသီမရွေး ထုံကျဉ်ဝေဒနာခံစားရနိုင်သည်။ ဆီးချိုထိန်းနိုင်လျှင် သက်သာပြီး ဆီးချိုတက်လျှင် ထုံကျဉ်ဝေဒနာသည် ခြေဖျားလက်ဖျားလေးများမှ စတင်လာတတ်သည်။ ဆီးချိုသွေးချိုရောဂါကို စနစ်တကျ ပုံမှန်ဆေးမစားသောကြောင့် လေဖြတ်ဝေဒနာခံစားရသူ အလွန်များသည်ကို သတိပြုမိသည်။ မျိုးရိုးကြောင့်ဖြစ်သော ဆီးချို၊ သွေးချိုဝေဒနာရှင်များ ပို၍ သတိထားသင့်သည်။

ထုံနာ ကျဉ်နာကို ဒူလာရောဂါ၊ ဂေါက်ရောဂါများနှင့် မှားယွင်းနေသူများရှိသည်။ ဆေးကု၊ ဆေးစား မမှားရန်လိုသည်။ ထုံနာကျဉ်နာသည် အာရုံကြောများ ကိုက်ခဲသော ရောဂါမဟုတ်၊ အဆစ်အမြက်များကိုက်ခဲသော ရောဂါမဟုတ်။ မသိသောရောဂါ၊ ထုံသောရောဂါဖြစ်သည်။

"လေငန်းအစ ထုံကျဉ်က" ဟုဆိုသည်။ ပစ္စည်းကိုင်လျှင် မကြာခဏလွတ်ကျသူ၊ လမ်းသွားလျှင် ခြေများလေးတွဲလာပြီး ဖိနပ်ကျွတ်ကျန်ခဲ့သူများသည် လေဖြတ်မည့်ရှေ့ပြေး လက္ခဏာရှိသူများဖြစ်သည်။

**ထုံနာကျဉ်နာရှိသူများအတွက်**
**သင့်လျော်သောဆေးနည်းတို့မှာ**

(၁) ငုရွက် (အရွက်ရင့်များခူး၊ နေပူတွင် အခြောက်လှန်းပါ)
(၂) ဥနဲ့ရွက် (အစိုအတိုင်း အသုံးပြုရန်)
(၃) သဘော်၊ မဲဇလီရွက် (အချို့အရပ်ဒေသများတွင် ပွေးကိုင်းမဲဇလီဟုခေါ်ကြသည်။ အစိုအတိုင်းအသုံးပြုရန်)
(၄) ဝါးရွက် (အစို၊ ကြခတ်ဝါးရွက်ရလျှင် ပိုကောင်းသည်။)

အထက်ပါအရွက်လေးမျိုးကို ပြုတ်၍ဖြစ်စေ၊ လက်ဖက်ခြောက်ကဲ့သို့ခတ်သောက်ခြင်းဖြင့်ဖြစ်စေ နေ့စဉ် မတ်ခွက်တစ်ခွက်စာ၊ အကြမ်းပန်းကန်လုံး သုံးလုံးစာမျှသောက်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။

ဤအရွက်များသည် အသည်းအဆီဖုံးသူ၊ ဆီးချို၊ သွေးချိုရောဂါရှိသူများနှင့်လည်း သင့်လျော်သော အရွက်များဖြစ်သည်။ ငုရွက်သည် ဝမ်းသက်စေသဖြင့် ဝမ်းမသွားစေလိုလျှင် ငုရွက်ကို အခြား အရွက်များထက်လျှော့ထည့်ပြီး သောက်သုံးနိုင်သည်။

ဆောင်းဥတုတွင် အသားပပ်ရာမှ အနာများကဲ့သို့ အရေပြားကွာကျနေသူတစ်ဦးသည် ဤအရွက်ပြုတ်ရည်သောက်ပြီး သက်သာသည်ကိုတွေ့ရသည်။ ပွေးကိုင်း၊ မဲဇလီရွက်သည် ပွေးရောဂါစွဲနေသူများနှင့် အရေပြားတွင် မှိုကွက်ရှိသူများ စွဲသောက်လျှင် ပျောက်ကင်းစေနိုင်သည်။

ထုံနာကျဉ်နာရှိသူများသည် အသားနှင့် အသီးအရွက်ကို မျှတအောင်စားရန်လိုသည်။ ဝမ်းတွင်းသားများ ကြာရှည်ခံအောင် ပြုပြင်ထားသော အသားများကို လုံးဝရှောင်ကြဉ်သင့်သည်။

ငါးတစ်မျိုးနှင့် ဆီးဖြူသီး ရောချက်စားခြင်း၊ ကင်ပွန်းချဉ်ရွက်၊ ရှောက်ရွက်၊ ဥသျှစ်ရွက်၊ ငရုံ့ပတူရွက်များ စားသုံးပေးခြင်းဖြင့်လည်း သက်သာစေနိုင်သည်။ လမ်းများများလျှောက်ပေးခြင်းဖြင့်လည်း ထုံကျဉ်ဝေဒနာ သက်သာစေနိုင်သည်။



လေဖြတ်ဝေဒနာခံစားရသူ လူကြီးများကို လေ့လာမေးမြန်း သုတေသနပြုကြည့်သောအခါ လေမဖြတ်မီ နှစ်နှစ်ခန့်ကပင် ကြိုတင်၍ ထုံကျဉ်ဝေဒနာခံစားနေကြရသည်ကို တွေ့ရသည်။ ပစ္စည်းများ ကိုင်လျှင် မမြဲခြင်း၊ မကြာခဏလွတ်ကျခြင်း၊ ဖိနပ်ကျွတ်ထွက်ခြင်း၊ ခြေချော်လဲခြင်း၊ ခလုတ်တိုက်ခြင်းတို့ ဖြစ်နေသည်ကို သတိမထားမိခြင်းကြောင့်သာဖြစ်သည်။

မိတ်ဆွေအရာရှိတစ်ဦးသည် ပင်စင်ယူမည့် အသက်မရောက်မီ လေဖြတ်ဝေဒနာ ခံစားရသည့်အတွက် စော၍ပင်စင်ယူလိုက်ရသည်။ သူ၏ပြောပြချက်အရ လေမဖြတ်မီ တစ်နှစ်အတွင်းမှာပင် သူ၏ထိုးနေကျလက်မှတ်မှာ မတူညီတော့။ လက်မှတ်ထိုးလျှင် ယခင်က မိမိထိုးမြဲလက်မှတ်နှင့် မတူသဖြင့် ဘဏ်တွင် ငွေထုတ်သည့်အခါတိုင်း သက်ာမကင်းဖြစ်ခံရသည်ဟုဆိုသည်။ မိမိထိုးနေကျ လက်မှတ်မတူခြင်း၊ လက်ရေးလက်သားများ ပျက်ယွင်းလာခြင်းသည်လည်း ထုံကျဉ်လက္ခဏာများပင် ဖြစ်သဖြင့် သတိထားကြစေချင်သည်။

လမ်းလျှောက်နည်းခြင်းသည်လည်း ထုံကျဉ်ဝေဒနာကို ပို၍ဆိုးစေသည်။ နံနက် စောစောထ၍ လမ်းလျှောက်သူများသည် အိပ်နေသူများထက် ပို၍ကျန်းမာရေးကောင်းကြသည်။ ဆီးချိုရောဂါ၊ သွေးတိုးရောဂါရှိသူများ လမ်းမှန်မှန်လျှောက်ပေးခြင်းဖြင့် ဝေဒနာမှ သက်သာစေသည်မှာ အမှန်ပင်ဖြစ်သည်။ နံနက်စောစောအေး၍ ချမ်း၍ မလျှောက်နိုင်လျှင် ညနေစောင်းချိန်တွင် လမ်းလျှောက်ခြင်းဖြင့်လည်း ထုံကျဉ်ရောဂါ၊ လေဖြတ်ရောဂါများမှကာကွယ်နိုင်ပေသည်။

**ထုံနာကျဉ်နာရောဂါ ကာကွယ်ရန်အတွက်**

၁။ အသက် ၅၀ ကျော်လာလျှင် အသားလျှော့စားပြီး အသီးအရွက်များစားပါ။
၂။ ဆေးလိပ်နှင့်အရက်ကို လုံးဝဖြတ်လျှင် အကောင်းဆုံးဖြစ်ပါသည်။ (လျှော့သောက်ခြင်းဖြင့် အကျိုးမရှိပါ၊ လုံးဝဖြတ်ပါ။)
၃။ ထမင်းနှင့်ဟင်းကို ပူပူနွေးနွေးစားသုံးပါ။
၄။ အစာစားလျှင် အစာကြေအောင် ဖြည်းဖြည်းဖြင့် ကျေညက်အောင်စားသုံးသင့်ပါသည်။
၅။ အိပ်ချိန်မှန်အောင် အိပ်ပါ။ စောစောအိပ်ပြီး စောစောထခြင်းဖြင့် ကျန်းမာရေးကောင်းစေနိုင်ပါသည်။
၆။ အငန်ကြိုက်လျှင် လျှော့စားပါ။ သွေးတိုးစေမည့် အပုပ်အငန်များကို ရှောင်ကြဉ်ပါ။
၇။ လမ်းများများလျှောက်ပါ။ ထိုင်နေခြင်း၊ ကားစီးခြင်းများကို တတ်နိုင်သမျှရှောင်ပြီး လမ်းလျှောက်ပါ။ ခြေကျင်သွားပါ။
၈။ ပစ္စည်းများကိုင်လျှင် မကြာခဏလွတ်ကျလျှင်၊ လမ်းသွားရင်း ဖိနပ်ကျွတ်ထွက်လျှင် ထုံကျဉ်ရောဂါစနေပြီဟု သတိရှိပါ။
၉။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ ရှိ၊ မရှိ မစစ်ဆေးရသေးလျှင် ဆရာဝန်သမားတော်နှင့် ပြပြီးစစ်ဆေးပါ။
၁၀။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါရှိနေလျှင် ဆေးမြီးတိုများ ရောင်းတန်းဆေးများနှင့် မကုသဘဲတတ်ကျွမ်းသည့် သမားတော်၏ညွှန်ကြားသည့် ဆေးဝါးကိုသာ သုံးစွဲပါ။

အထက်ပါ အချက်များအတိုင်း လိုက်နာကျင့်သုံးလျှင် ထုံကျဉ်ရောဂါဝေဒနာမှ လေဖြတ်ရောဂါအဆင့်အထိ မရောက်ရှိနိုင်ပါ။

## စိန်ပန်းလမ်းသွယ်(ကွက်သစ်လမ်း) ဂဝံလမ်းသစ်ဖွင့်

**ကျောက်ကြီး ဖေဖော်ဝါရီ ၁၀**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လောင်ကုတ်ရပ်ကွက်တွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကယ်ဆယ်ရေးနှင့်စောင့်ရှောက်ရေး ရန်ပုံငွေဖြင့် စိန်ပန်းလမ်းသွယ်(ကွက်သစ်လမ်း)ဂဝံလမ်းသစ်ကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ဖွင့်လှစ်သည်။

အဆိုပါ လမ်းသစ်သည် အရှည်ပေ ၂၄၀၀ အကျယ် ၁၀ပေ၊ ဒုကိုးလက်မရှိကာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ကယ်ဆယ်ရေးနှင့်စောင့်ရှောက်ရေးရန်ပုံငွေ ၉၄ သိန်းခြောက်သောင်းဖြင့်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း လမ်းနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံအင်ဂျင်နီယာဦးဝဏ္ဏမောင်မှ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ လမ်းကြောင့် အိမ်မြေ ၁၇၉ အိမ် လူဦးရေ ၉၀၅ ဦး အသုံးပြုနိုင်ပြီး ရပ်ကွက်နေပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**



## မြစိမ်းရောင်ရန်ပုံငွေများထုတ်ပေးလျက်ရှိ

**ဘော်လခဲ ဖေဖော်ဝါရီ ၁၀**

ဘော်လခဲမြို့နယ်၌ မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဦးမျိုးမင်းခိုင်၊ ဘော်လခဲမြို့နယ်ဦးစီးမှူး ဦးလှခေးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၄ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဘော်လခဲမြို့နယ်ရှိ ကျေးရွာပေါင်း ၁၆ ရွာတွင် မြစိမ်းရောင်စီမံကိန်းမတည်ငွေကျပ် သန်း ၂၇၀ ဖြင့် အိမ်ထောင်စု ၈၁၉ စုကို အရင်းမပျောက် ရန်ပုံငွေများ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြည်တွင်းရေးရာ

# ပြည်ခရိုင်အတွင်းရှိ F1 စပ်မျိုးနေကြာ စိုက်ခင်းများဦးစီးမှူး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပြည် ဖေဖော်ဝါရီ ၁၀**

စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရှိ မြို့နယ်များ၌ ရေဆင်းစပ်မျိုးနေကြာ(၁) F1 မျိုးစေ့ထုတ် စိုက်ခင်းများ စိုက်ပျိုးထားရှိပြီးဖြစ်ရာ သဲကုန်းမြို့နယ် ဆင်မြီးဆွဲစခန်းနယ်မြေနှင့် ပြည်မြို့နယ် လက်ခုပ်ပင်စခန်းနယ်မြေရှိ နေကြာမျိုးစေ့ထုတ် စိုက်ခင်းများသို့ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်၊ ခရိုင်ဦးစီးမှူး ဦးကျော်ဝင်းနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းကဲ့သို့ စစ်ဆေးရာတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအား အောင်မြင်သည့် နေကြာမျိုးစေ့များ ရရှိရေးအတွက် လိုအပ်သည့်ရေနှင့် သွင်းအားစုများ ထည့်သွင်းရေးနှင့် ဖျက်ဆီးနိုင်သည့် ကြွက်နှင့် ကြက်တူရွေး အန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **(ဝ၄၃)**

# ချောင်းဆုံမြို့နယ် ရွှေမြင့်မိုရ်ကျောင်း၌ အရေးပေါ်ကယ်ဆယ်ရေးနှင့် အသက်ကယ်သင်တန်းဆင်းပွဲပြုလုပ်

**ချောင်းဆုံ ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ် ရွှေမြင့်မိုရ်တောင်ကျောင်း၌ ရွှေမြင့်မိုရ်နာရေးကူညီမှုအသင်းနှင့် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မြဝတီ)တို့ပူးပေါင်းပြီး အရေးပေါ်ကယ်ဆယ်ရေးနှင့် အသက်ကယ်သင်တန်းဆင်းပွဲ၊ ဆုပေးပွဲကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ရွှေမြင့်မိုရ်တောင်ဆရာတော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

သင်တန်းတွင် သဘာဝဘေးန္တရာယ်နှင့် ယာဉ်တိုက်မှုဖြစ်ပွားလာပါက အချိန်မီအသက်ကယ်ဆယ်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်ဆယ်ရေးနည်းဖြင့် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ (RESUCE)မှ သင်တန်းနည်းပြ ၂၅ ဦးတို့က ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ရာ သင်တန်းသား၊ သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ထူးအိမ်** (IPRD)



ရန်ကုန်မြို့ ဒေါပုံမြို့နယ် သာသနာ့ဝံသစာသင်တိုက်အတွင်း ဆွမ်းစားဆောင် အသစ်ဆောက်လုပ်ရန်အတွက် (ဦးမောင်မောင်ဝင်း)နှင့် ဇနီး ဒေါ်စန်းစန်းအေး မိသားစုကငွေကျပ် သိန်း ၁၀၀ လှူဒါန်းရာ တာဝန်ရှိသူမှ လက်ခံယူစဉ်။ **(ကြေးမုံ)**

# သူကောင်းတည်မြစ်ရေတင်မှ တောင်သူများ စိုက်ပျိုးရေရရှိရေး ငွေလုံးငွေရင်းဖြင့် ကုန်ကျစရိတ် များပြားနေ

**ညောင်ဦး ဖေဖော်ဝါရီ ၁၀**

ညောင်ဦးမြို့နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ အသက်မွေးဝမ်းကျောင်းပြုသူများပြားကြပြီး မြစ်ရေတင် စိုက်ပျိုးသူများအနက် သူကောင်း တည်မြစ်ရေတင်အနီး ဝဲယာရှိ တောင်သူများသည် နွေပဲတီစိမ်းစိုက်ရန် အသင့်ပြင်လျက်ရှိရာ ယာခင်းထဲအထိ ရေရောက်အောင်ရေသွယ်ယူရသည့် ကုန်ကျစရိတ်မှာများနေကြောင်း ဒေသခံများကပြောသည်။

ယင်းဒေသရှိ စိုက်ပျိုးရေးလုပ်ကိုင်သူများမှာ မိုးကောင်းကြိုက် တောင်သူက ပိုမိုများပြားလျက်ရှိပြီး ယခုအခါတွင် ညောင်ဦးမြို့နယ်အတွင်း၌ မြစ်ရေတင်ကြီး ငါးခုတည်ဆောက်ပေးလျက်ရှိရာ မြစ်ရေတင်နှင့် နီးစပ်ရာတောင်သူများမှာ စပါးစိုက်ပျိုးမှုများလည်းရှိလာခဲ့သည်။

“လယ်လုပ်မခက် လယ်တည်ခက်တယ် ဆိုတာဟုတ်တယ်ဗျာ။ မြစ်ရေတင်မြောင်းနဲ့ ယာခင်းကပေရှစ်ရာလောက်ဝေးတယ်။ ရေပိုက် တစ်လုံးကို ပေနှစ်ဆယ်ရှည်တယ်။ ပိုက်တစ်လုံးဝယ်ရင် ငါးထောင်ကျော် ပေးရတယ်။ အားလုံးပေါင်း အလုံး ၄၀ ဝယ်ရတယ်။ ဝယ်ပြီးရင် အောက်မြေကျင်းတူးရတယ်။ အားလုံးတူးပြီးရင် မြေကြီးထဲကို ပိုက်လုံးတွေမြုပ်ရပါတယ်။ မြေကျင်းတူးခနဲ့ ပိုက်လုံးဖိုးကုန်ကျငွေ ငါးသိန်းလောက် ကုန်ပါတယ်” ဟု ရေယူရန်အသင့်ပြင်နေသည့် သူကောင်းတည်ရွာသား တောင်သူဦးဝင်းမောင်က ပြောသည်။

“ကျွန်မက ငါးသရောက်မြစ်ရေတင်နား ကန်တောရွာကပါ ကျွန်မတို့မြစ်ရေတင် စပြီးစိုက်တုန်းကဆိုရင် နိုင်ငံတော်အစိုးရက လယ်ထွန်စက်ကြီးတွေစက်ယန္တရားကြီးတွေနဲ့ လယ်တည်ပေးသွားတယ်။ မြေတွေကိုလည်း ညီအောင်ညှိပေးသွားသေးတယ်။ ယာခင်းရှင်က ဘာမှမကုန်ဘူး။ ယာခင်းလိုက်ပြပေးယုံပါပဲ။ ၂၀၀၅-၂၀၀၆ လောက်ကဖြစ်မယ်။

“အခုဆိုရင် တောင်သူအချို့အဆင်ပြေနေပြီလေ။ ကျွန်မတို့အခု သူကောင်းတည်မြစ်ရေတင်ကိုလည်း အဲဒီလိုလုပ်ပေးရင် ကောင်းမှာပဲ။ အခုတော့ကျွန်မတို့တောင်သူတွေ အကုန်အကျများနေပါပြီ” ဟု သူကောင်းတည် မြစ်ရေတင်ကန်လေးအထက် နွေပဲတီစိမ်းစိုက်ရန် ရေပိုက်လုံးများဖြင့် အသင့်ပြင်နေသူ မသူဇာဝေက ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**

# အောင်လံမြို့မြို့မဈေးကြီး မီးဘေးကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး အတွက် ဇာတ်တိုက်လေ့ကျင့်

**အောင်လံ ဖေဖော်ဝါရီ ၁၀**



မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ ကန်ကြီးရပ်ကွက် လမ်းမတော်လမ်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီက မီးဘေးကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအစမ်းဇာတ်တိုက်လေ့ကျင့်မှုအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမင်းသိမ်းထွန်းနှင့် သန္တေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူး ဒုရဲမှူးဌေးမောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမင်းထက်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်ကော်မတီနှင့် ဈေးကော်မတီဝင်များ တက်ရောက်ကြသည်။

ဇာတ်တိုက်လေ့ကျင့်မှု အစီအစဉ်အရ မြို့မဈေးကြီးတွင် မီးလောင်မှုသတင်းရလျှင်ရချင်း သတ်မှတ်ထားသည့် အချိန် ၂ နာရီအတွင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးစောဝင်းနှင့် ဦးမြင့်ဝင်းတို့ ကြီးကြပ်လိုက်ပါလာသော မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီးနှင့် မြို့ပေါ်ကိုးရပ်ကွက်မှ မီးသတ်ယာဉ်ရှစ်စီး စုစုပေါင်း ၁၀ စီးတို့သည် ဈေးကြီး၏ပတ်လည်တွင် သတ်မှတ်နေရာ အသီးသီးသို့ ရောက်ရှိနေရာယူကြပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းအား တစ်ပြိုင်နက်တည်း စုပေါင်းဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

**သိန်းလွင်(ပြန်/ဆက်)**

# ဆေးဖက်ဝင်ခွေးလေးယားပင်များအား မိုးရာသီတွင် အများအပြားစိုက်ပျိုးရန် ဒေသခံများပြင်ဆင်

**ကောလင်း ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြေနီအုပ်စု ညောင်ကိုင်းကျေးရွာတွင် ဆေးဖက်ဝင်ပြီး ဈေးကောင်းရသော ခွေးလေးယားပင်(ခ) မဟူရာပဲနက်စေ့အား စမ်းသပ်စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်သဖြင့် ဒေသခံတောင်သူအချို့ စိတ်ဝင်စားမှု များပြားကာ ယခုနှစ်မိုးဥတု၌ စိုက်ပျိုးကြမည်ဖြစ်ကြောင်း ယင်းဒေသခံများကပြောသည်။

“ခွေးလေးယားသီးအစေ့က ဆေးဖက်ဝင်ပြီး ဈေးကွက်ကောင်းရှိတယ်လို့ ပြောဆိုနေကြတာတော်တော်များပါတယ်။ ဒါကြောင့် ခွေးလေးယားသီးကိုစိတ်ဝင်စားပြီး မနှစ်ကဇွန်လမှာ အစေ့နို့ဆီတစ်ဘူး စိုက်ပျိုးခဲ့တာ အခုနှစ်ဖေဖော်ဝါရီလမှာအသီးတွေကိုဆွတ်ခူးတာ အစေ့ခုနှစ်တင်းရပါတယ်။ အစေ့တွေကိုလည်း အခုစိုက်ချင်တဲ့သူတွေက တစ်ပြည်ကိုငွေကျပ် ၈၀၀၀ နဲ့ လာဝယ်နေပါတယ်” ဟု ညောင်ကိုင်းကျေးရွာမှ ခွေးလေးယားသီး(အယဉ်) စိုက်ပျိုးသူ ဦးမြင့်ထွန်းက ပြောပြသည်။

ခွေးလေ့ယားသီး(အယဉ်)ပင်သည် ခွေးလေးယားသီးအရိုင်းကဲ့သို့ အလေ့ကျပေါက်သည့်အပင်ဖြစ်ပြီး ခွေးလေးယားသီးအရိုင်းကဲ့သို့ အသီး၌ အမွေးဆူးများပါရှိသော်လည်းထိမိပါက ယားယံခြင်းမရှိကြောင်း အမွေးဆူးလေးများမှာလည်း အသီးရင့်မှည့်ပါက ပျောက်သွားပြီး အသီးထဲမှအစေ့မှာလည်း ခွေးလေးယားအရိုင်းထက် ကြီးကြောင်း၊ လယ်ယာအနီးရှိ သစ်ပင်၊ ချုံပုတ်များနှင့် နေအိမ်ဝင်းရှိသစ်ပစ်ကြီးများ၏ ခြေရင်းများ၌ စိုက်ပျိုးပါက အသီးအထွက်နှုန်းများပြားကြောင်း နေအိမ်ခြံဝင်းနှင့် လယ်ယာမြေများအနီး သစ်ပင်ခြုံပုတ်များ၌ စိုက်ပျိုးအောင်မြင်သူတစ်ဦးက ပြောပြသည်။

ခွေးလေးယားသီး (အယဉ်) အစေ့သည် ဆီးချို၊ သွေးချိုရောဂါများကို ထိန်းညှိပေးခြင်း၊ နှလုံးအဆို့ရှင်ကျယ်ပြီး ကြို့ထိုးရောဂါများကိုပျောက်ကင်းနိုင်ခြင်း၊ ဟော်မုန်းအားကို တိုးပွားစေခြင်း၊ အဆိပ်ဖြေလျှော့ပေးနိုင်ခြင်း၊ ဇက်ကြောတက်ခြင်း၊ အာရုံကြောအားနည်းခြင်းကြောင့် မူးဝေခြင်း၊ ကိုယ်လက် အဆစ်အမျက်ကိုက်ခဲခြင်းများ ပျောက်ကင်းသက်သာကြောင်းသိရသည်။

ထို့ကြောင့်ယခုအခါ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့တို့ရှိနေအိမ်ခြံဝင်းများ၌ စိုက်ပျိုးကြသူများသည် အစေ့ကိုလှော်၍ အစေ့နို့ဆီဘူးတစ်ဘူးလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချနေရသောကြောင့် ဝယ်ယူစားသုံးမှုများပြားလာသော ခွေးလေးယား(အယဉ်)ကို စိတ်ဝင်စားမှုများပြားလာကြောင့် သိရသည်။

**စိုင်းလူမင်း (မီဒီယာဂရု)**



# မလှိုင်မြို့နယ်အတွင်းရှိတောင်သူများ၏ စိုက်ပျိုးသီးနှံအများစုဈေးကောင်းရရှိ

**မလှိုင် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးသီးနှံအများစု ဈေးကောင်းကောင်း ရောင်းချရသဖြင့် ကျေးရွာများတွင် အလှူအတန်းများပေါများလျက်ရှိကြောင်းသိရသည်။

မြန်မာလူမျိုးများသည် စေတနာ သဒ္ဓါတရား ထက်သန်သူ၊ အလှူအတန်းရက်ရောသူများ ဖြစ်ကြသဖြင့် မိမိတို့လက်တွင် ကိုယ်ပိုင်ငွေစများ စုမိသည်နှင့် တစ်ပြိုင်နက် ရှေးဦးစွာအလှူအတန်းပြုလုပ်လာကြသည်။

“ဒီနှစ်ကတောင်သူတွေ အဆင်ပြေတယ်ပြောရမှာပေါ့။ ပဲစင်းငုံတစ်တင်းကို ပေါ်ပေါ်ချင်း ကျပ် ၅၀၀၀၀၊ ၅၂၀၀၀ ဈေးရောင်းရတယ်။ မိုးဦးကာလကလည်း ပဲတီစိမ်း၊ ပဲနောက်တစ်တင်းကို လေးသောင်းကျော် ငါးသောင်းနီးပါးရောင်းချခဲ့ရတယ်။ ကျွန်တော်တို့ဒေသက ပဲစင်းငုံသီးနှံနှင့် ပဲတီစိမ်း၊ ပဲနောက်ကို အားထားတယ်။

“တောင်သူတိုင်း အနည်းနှင့် အများစိုက်ပျိုးတယ်။ မပါမပီးသီးနှံတစ်ခုပါ။ မိုးလယ်သီးနှံဖြစ်တဲ့ မြေပဲကလည်း ဒီနှစ်မှာဈေးကောင်းရတယ်။ မနှစ်ကဆို ကြက်သွန်ကို နောက်ပိုင်းအထိ ထားနိုင်တဲ့တောင်သူတွေ ဈေးကောင်းရလို့ တော်တော်လေးအဆင်ပြေကြတယ်။ နှမ်းတစ်မျိုးပဲ ဒီနှစ်ဈေးမတက်တာ ဒါကြောင့် ရွာတွေမှာ အလှူပွဲတွေထပ်နေတာပါ”ဟု ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

**အောင်ဌေး(မလှိုင်)**

# အင်းသားကြီးများကိုယ်တိုင် ငါးခြောက်လုပ်ငန်းများ ထုတ်လုပ်ရောင်းချလာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အင်းသားကြီးများ မှာ ဈေးကွက်ကောင်းများ ရရှိအောင် ၎င်းတို့အနေဖြင့် ငါးအစိုကို ငါးခြောက်ခွဲကာ ကိုယ်တိုင်ထုတ်လုပ်ရောင်းချခြင်းများရှိလာကြောင်း သိရသည်။

ထိုကဲ့သို့ ကိုယ်တိုင်လုပ်ကိုင်ခြင်းကြောင့် ကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိခြင်း၊ ဒေသခံများ ငါးရံ့ခေါင်း၊ ငါးရံ့အူများအား ဈေးသက်သာစွာရရှိခြင်း၊ အသုံးမဝင်သော ငါးအစိတ်အပိုင်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ခြင်း၊ အင်းသားကြီးများ မိသားစုဝင်ငွေတိုးတက်လာခြင်းဖြင့် အခွင့်အလမ်းကောင်းများ ရရှိလာကြောင်း ၎င်းတို့က ပြောသည်။

နေပြည်တော်မြို့နယ် ပုကွန်ကျေးရွာနေ အင်းသားကြီး ဦးမောင်မောင်မြင့် က "ကျွန်တော့်အဖေ လက်ထက်ထဲက အင်းလုပ်ငန်း လုပ်ကိုင်လာခဲ့တာ ၂၆ နှစ်ရှိပါပြီ။ အရင်က အင်းမှထွက်ရှိတဲ့ ငါး၊ ပုစွန်တွေကို ဒေသခံပြည်သူတွေနဲ့ တစ်ဆင့်ရောင်းဈေးသည်တွေဆီကို ကြွေးစနစ်နဲ့ ရောင်းချရပါတယ်။ အခုအချိန်မှာ ရရှိတဲ့ ငါးတွေကို ငါးရံ့ခြောက်၊ ငါးရံ့လုံးခြောက်၊ ဘီလားခြောက်၊ ငါးကျည်းခြောက်၊ ငါးခုံးမခြောက်၊ ငါးမြွေထိုးခြောက်များ ကိုယ်တိုင်အခြောက်လှမ်းပါတယ်။

"ပုကွန်ကျေးရွာကနေ တိုက်ကြီး၊ ထန်းတပင်မြို့နယ်မှတစ်ဆင့် ရန်ကုန်မြို့ကို ရေလမ်း၊ ကုန်းလမ်းနဲ့ တင်ပို့ရောင်းချပါတယ်။ ငါးကို ကုန်ချောထုတ်ရောင်းချတော့ ဒေသခံအမျိုးသား၊ အမျိုးသမီးတွေ အလုပ်ရကြပါတယ်။ ကျွန်တော်တို့ အင်းသားကြီးတွေလည်း ဝင်ငွေပိုမိုရရှိပါတယ်"ဟု ပြောသည်။

ပန်းတနော်မြို့နယ် အကွီကျေးရွာနေ အင်းသားကြီး ဦးဝင်းခိုင်က "အဖိုးလက်ထက်ထဲက အင်းတွေလုပ်ခဲ့ပါတယ်။ အခုနှစ်မှာလည်း အင်းသုံးအင်း လုပ်ကိုင်နေပါတယ်။ အင်းလုပ်ကိုင်ခါစနှစ်တွေက ငါးတွေကို ဒေသခံဖောက်သည်တွေထံ ရောင်းချပါတယ်။ အခုတော့ ထွက်ရှိလာတဲ့ ငါးတွေကို ငါးခြောက်၊ ငါးဆားနယ် ထုတ်လုပ်ပါတယ်။ ငါးခြောက်ကို အဓိကထုတ်လုပ်ပါတယ်။

"ရရှိလာသော ငါးခြောက်များကို ဖိုးလမင်း၊ အောင်ကျိုးဆောင်၊ ဆန်းဆစ်၊ ပြည့်စုံ၊ မျိုးသိမ်း၊ ပြည်ကျော်ပွဲရုံများသို့ သွားရောက်ရောင်းချပါတယ်၊ အင်းတွေကနေ မြို့များကို ကုန်းလမ်းခရီး ပေါက်တော့အင်းမှ တိုက်ရိုက်ရန်ကုန်သို့ သွားရောက်ရောင်းချပါတယ်။ ဒေသမှာ ရောင်းချလျှင် ကျပ် ၆၀ ကနေ ၇၅ ကျပ် သာရရှိပါတယ်။ ရန်ကုန်ပွဲရုံတွေမှာ ကျပ် ၁၀၀ ရရှိပါတယ်။ ဈေးနှုန်းကကောင်းတော့ အမြတ်ငွေများများရရှိပါတယ်" ဟု ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ အင်းသားကြီးများသည် ယခင်က အင်းထဲမှရရှိသော ငါး၊ ပုစွန်များကို အင်းအနီးအနားပတ်ဝန်းကျင်မှ ပြည်သူများနှင့် ဒေသခံအဝယ်ဒိုင်များသို့ ရောင်းချလေ့ရှိပြီး လက်ရှိအချိန်တွင် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်း ဆက်သွယ်ရေး ကောင်းမွန်လာသောကြောင့် ငါးများကို ငါးခြောက်၊ ငါးဆားနယ်ပြုလုပ်၍ ဘုရင့်နောင်ပွဲရုံသို့လည်းကောင်း၊ ငါး၊ ပုစွန်အစိုများကို ရန်ကုန်မြို့ စံပြငါးဈေးကြီးသို့လည်းကောင်း တိုက်ရိုက်သွားရောက်ရောင်းချကြသည်။

ငါးခြောက်ပြုလုပ်ပုံအဆင့်ဆင့်နှင့်ပတ်သတ်ပြီး ၎င်းက အင်းအိုင်ထဲမှ ရရှိလာသော ငါးရံ့အစိုများကို ခေါင်းခုတ် အကြေးခွံထိုး၊ အူထုတ် သန့်စင်ရကြောင်း၊ ငါးခြောက်ပြုလုပ်ရာတွင် အကောင်လိုက်၊ ထက်ခြမ်းခွဲ၊ အမြောင်းလိုက်၊ အသားတုံးကလေးများပုံစံအမျိုးမျိုးဖြင့် ပြုလုပ်လေ့ရှိကြောင်း၊ သန့်စင်ပြီး ငါးရံ့များကို ရေဖြင့် စင်ကြယ်အောင် ဆေးကြောရကြောင်းကို ပြောပြသည်။

"၁၅ မိနစ်၊ နာရီဝက်ခန့် ရေစစ်ရပါတယ်။ ငါးအကောင်ကြီးပါကအချိန်ကြာကြာ ရေစစ်ရတယ်။ ရေစစ်ပြီးငါးတွေကို ဆား ငါးရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအထိ အခြောက်နယ်ခြင်း(သို့) ဆားရည်ပျစ်ပျစ်ဖြင့် စိမ်ရပါတယ်။ ငါးခြောက် အရောင်လှစေရန် အရောင်တင်ဆေး မပုပ်ဆေး (ယမ်းစိမ်း) သုည ဒသမ ဝ၁ ရာခိုင်နှုန်း ထည့်ရပါတယ်။ ပို၍ မထည့်ရပါ။ နယ်ပြီးသားငါးတွေကို ပလတ်စတစ်ခြင်း(သို့)သစ်သားစည်များတွင်ထည့်ပြီး အပေါ်မှအလေးဖိပြီး တစ်ရက်(သို့) တစ်ရက်ခွဲခန့် ထားရပါတယ်။

"အခြောက်လှန်းစင်ပေါ်တွင် ငါးတစ်ကောင်ချင်း စီစီရီရီပြုလုပ်ကာ နှစ်ရက်မှ သုံးရက်ခန့် နေလှန်းရပါတယ်။ ငါးအခြောက်ညီစေရန် ၂ နာရီ (သို့မဟုတ်) ၃ နာရီ ခြားတစ်ကြိမ် လှန်ပေးရပါတယ်။ ခြောက်သွားပြီဖြစ်သော ငါးအခြောက် အရွယ်အစားတူများကို ရွေးပြီး ပီနံအိတ် (သို့မဟုတ်) မြွေရေခွံအိတ်အတွင်းသို့ပလတ်စတစ်အိတ်ခံပြီး ထုပ်ပိုးရပါတယ်။ အေးပြီးခြောက်သွေ့သောနေရာမှာ သိမ်းထားဖို့ လိုအပ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ငါးခြောက်အများဆုံးလုပ်ချိန်မှာ သီတင်းကျွတ်လမှ တန်ခူးလကုန်အထိ လုပ်ကိုင်ကြပြီး ငါးရံ့အစို ၁၀ ပိဿာလျှင် အခြောက်သုံးပိဿာ သုံးပိဿာခွဲရရှိကာ ငါးခြောက်သည် မြန်မာလူမျိုးများသာမက ပြည်ပနိုင်ငံများကပါ လူကြိုက်များသော အစားအစာဖြစ်ကြောင်း ၎င်းတို့ကပြောသည်။

ကျိုက်လတ်မြို့နှင့် ပန်းတနော်မြို့များတွင် အသင့်စား ငါးခြောက်များ ထုတ်လုပ်ရောင်းချလျက်ရှိပြီး ငါးခြောက်၏ အရသာမှာ တမူထူးခြားကာငါးခြောက်ကို မီးကင်၊ မီးဖုတ်ပြီး ဆီဆမ်း၍သော်လည်းကောင်း၊ ဟင်းချက်၍သော်လည်းကောင်း၊ ဆီဖြင့် ကြော်၍သော်လည်းကောင်း အမျိုးမျိုးစားသုံးကြကြောင်း သိရသည်။

အလှူပွဲများတွင်လည်း ငါးခြောက်ထောင်းသည် မပါမဖြစ်သောဟင်းလျာ တစ်မျိုးဖြစ်ပြီး ငါးရံ့ခြောက်ကို အလယ်ရိုးဖယ်ပြုတ်၍ ညက်အောင်ထောင်းပြီး ကြက်သွန်နီများများဖြင့် ပြန်ကြော်လိုက်ပါက အရသာထူးကဲသော ငါးခြောက်ထောင်းရရှိမည်ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသတစ်ခုဖြစ်ပြီး ရေချို၊ ရေငန်၊ ရေချိုရေငန်စပ်ဟူ၍ သုံးမျိုးစလုံးဖွဲ့စည်းတည်ရှိသော တိုင်းဒေသကြီးဖြစ်ပြီး ဧရာဝတီတိုင်းဒေသတွင် ဂရန်အင်းပေါင်း ၁၇၇၇ အင်း၊ တင်ဒါ ချက်ပေါင်း ၂၀၄၁ချက်၊ ပင်လယ်ကမ်းရိုးတန်း မိုင် ၂၇၁ မိုင်တည်ရှိပြီး ချောင်း၊ အင်း၊ အိုင်၊ ရေဝပ်ဧရိယာပေါ်များသဖြင့် ငါး၊ ပုစွန် အဓိကထွက်ရှိသော တိုင်းဒေသကြီးဖြစ်သည်။

**ကိုရွှေငါး (နေပြည်တော်)**

## ဝက်လက်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းဖွင့်

**ဝက်လက် ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဘူးဘကန်ကျေးရွာအုပ်စု ကံဘဲ့ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းဖွင့်ပွဲနှင့် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီက အဆိုပါ အဆောက်အအုံရှေ့တွင် ကျင်းပခဲ့ရာ ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့်အလှူရှင်တို့က ဖဲကြိုးဖြတ်ပြီး တိုင်းဒေသကြီးလူမှုရေးဝန်ကြီးက ဖွင့်လှစ်ပေးခဲ့ကြကြောင်းသိရသည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးက အမှာစကားပြောကြားကာ အလှူရှင်က ကျေးလက်ဆေးပေးခန်း အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို ကျန်းမာရေးဝနကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျန်းမာရေးဆေးပေးခန်းမှာ အလျားပေ ၃၀၊ အနံပေ ၃၀၊ အမြင့် ၁၁ ပေရှိ သွပ်မိုး၊ အုတ်ကာ တစ်ထပ်အဆောက်အအုံဖြစ်ပြီး အလှူရှင် သီတဂူကြယ်တစ်ပွင့်ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ ငွေကျပ်သိန်း ၃၇၀ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

## သမဝါယမအသင်းများ လုပ်ငန်းခွင်မပျက်ပညာပေး (On JobTraining) သင်တန်းဖွင့်လှစ်

**ချမ်းမြသာစည် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအတွက် သမဝါယမအသင်းများ လုပ်ငန်းခွင်မပျက်ပညာပေး ( On Job Training ) သင်တန်း ဖွင့်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ သမဝါယမဦးစီးဌာန ရုံးခန်းမတွင် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ချမ်းမြသာစည်မြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်မြသက်မာက အဖွင့်အမှာစကားပြောကြားပြီးနောက် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးချစ်ခင်က သမဝါယမအသင်းများဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု၊ ချေးငွေပေးမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သမဝါယမအသင်းများ လုပ်ငန်းခွင်မပျက် ပညာပေးသင်တန်းဖွင့်ပွဲသို့ မြို့နယ်သမဝါယမဦးစီးအရာရှိနှင့်နည်းပြများ၊ ဝန်ထမ်းများ၊ မြို့နယ် သမဝါယမအသင်းစုမှ တာဝန်ရှိသူများ၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်များရှိ သမဝါယမအသင်းများ၊ ဌာနဆိုင်ရာ ငွေစုငွေချေး သမဝါယမအသင်းများမှ အမှုဆောင်များနှင့် သင်တန်းသား ၆၀ တက်ရောက်ခဲ့ပြီး ယင်းသင် တန်းကို ငါးရက်ကြာ ဖွင့်လှစ်သင် ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်၌ ကြံစိုက်ပျိုးသူအရေအတွက် လျော့ကျကာ လမိုင်းချန်သူများသာရှိနေ

**ရေတာရှည် ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် တစ်နှစ်ထက်တစ်နှစ် ကြံစိုက်ပျိုးသူ လျော့ကျလာသည့်အလျောက် ယခုနှစ်၌ ကြံစိုက်ခင်း သစ်စိုက်ပျိုးသည့် တောင်သူအရေအတွက်များ နည်းပါးသွားခဲ့ပြီး ခုတ်သိမ်းရောင်းချပြီးသား ကြံစိုက်ခင်းများကိုသာ လမိုင်းခင်းအဖြစ်ချန်သူရှိတော့ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

"ကြံက အမှန်တကယ်စိုက်မယ်ဆိုရင် တွက်ခြေကိုက်ပါတယ်၊ ဒါမေမယ့် တစ်ခုရှိတာက တစ်နှစ်လုံးမှ တစ်သီးပဲရတယ် စပါးနဲ့ ပဲအမျိုးမျိုးစိုက်ရင် ကြံစိုက်တာထက် ပိုပြီးအဆင်ပြေကြတော့ ကြံကိုမစိုက်ချင်ကြတော့တာ"ဟု ၎င်းကပင် ဆက်၍ပြောသည်။

ကြံတစ်တန်လျှင် ကျပ်သုံးသောင်း ဝန်းကျင်ဖြင့် သကြားစက်ရုံများကဝယ်ယူကာ တောင်သူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သည့် စက်ရုံများသို့ လွတ်လပ်စွာ ရောင်းဝယ်နိုင်သည့်အတွက် အဆင်ပြေကြသည်။ တစ်ဆင့်ခံ ပြန်လည်ဝယ်ယူသူများက ကားတစ်စီးလျှင် ကျပ်ရှစ်သောင်းခန့် အကျိုးအမြတ် ရရှိနေကြောင်း သိရသည်။

ယခုနှစ်တွင် စပါးဈေးနှုန်းမြင့်တက်ခြင်း၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ၊ စားဖိုချောင်သုံးသီးနှံများကအစ ဈေးနှုန်းကောင်းမွန်နေခြင်းကြောင့် ကြံစိုက်ပျိုးခြင်းကို စိတ်ဝင်စားမှု လျော့နည်းကာ သကြားစက်ရုံများအတွက်အဓိကကုန်ကြမ်းရရှိနိုင်မှုကျဆင်း၍ ကြံရာသီသတ်မှတ်ကာလထက်စောပြီး စက်ရုံများ ရပ်နားခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## မြစ်မိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကွင်းဆင်းကြည့်ရှု

**ငပုတော ဖေဖော်ဝါရီ ၁၀**

မြစ်မိမ်းရောင်ကျေးရွာစီမံကိန်းမှ အရင်းမပျောက်မတည်ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်တွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သည့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့အတွင်းရှိ ကြွေချိုင်သဲကုန်း(ရွာမ)၊ စပါးကြီး၊ မိချောင်းဂေါင်းကျေးရွာများအား ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဖေဖော်ဝါရီ ၇ ရက်ကကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းနေ့က စီမံကိန်းဆိုင်ရာစာရင်းဇယားများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်တစ်ပိုင်တစ်နိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **မျိုးကျော်သူ(ပြန်/ဆက်)**



## လိပ်သိုမြို့တွင် (၂၄) နာရီမီးအလင်းရောင်ရရှိတော့မည်

**လိပ်သို ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့မှကြီးကြပ်၍ (JICK) အစီအစဉ်ဖြင့် ၂၄ နာရီ မီးလင်းရောင်ရရှိတော့မည်ဖြစ်ရာ ၃၃/၁၁KV ၅ MVA ဓာတ်အားခွဲရုံအား တည်ဆောက်လျက်ရှိသည်။

ယခုအခါ Control Building ပြီးစီးပြီဖြစ်ပြီး ခွဲရုံသုံးပစ္စည်းများရောက်ရှိပြီးဖြစ်၍ လပိုင်းအတွင်း ခွဲရုံတည်ဆောက်ရေး လုပ်ငန်းများပြီးဆုံးမည်ဖြစ်သည်။

လိပ်သိုမြို့တွင် ၂၄ နာရီမီးလင်းရေးအတွက် တောင်ငူ-သံတောင်ကြီး ၃၃ KV ဓာတ်အားလိုင်းမှ မိုင် ၃၀ ဆွဲထားရယူ၍ ၃၃/၁၁KV ၅ MVA ဓာတ်အားခွဲရုံတစ်ရုံနှင့် ၁၁/၀ ဒသမ၄ KV၊ ၂၀၀ KVA ခွဲရုံငါးရုံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကရင်ပြည်နယ်အစိုးရ၏ ရန်ပုံငွေဖြင့် မြို့တွင်းရှိ ယခင် မီးစက်မီးဖြင့်ပေးစဉ် သစ်သားဓာတ်မီးတိုင်များအား ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် စံချိန်မီဓာတ်ကြိုးလိုင်းများ လဲလှယ်သွယ်တန်းမှုအား ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

၃၃/၁၁ KV ၅ MVA ဓာတ်အားခွဲရုံ ပြီးစီးသွားပါက မကြာမီလိပ်သိုမြို့တွင် ၂၄ နာရီ မီးအလင်းရောင်ရရှိတော့မည်ဖြစ်ပြီး လိပ်သိုမြို့တွင်သာမက NEP စီမံချက်ဖြင့် လိပ်သိုမြို့၏ ပတ်ဝန်းကျင်ကျေးရွာများအနက် နှစ်မိုင်အတွင်း ကျေးရွာများသို့ ဦးစားပေးဖြန့်ဖြူးသွားမည်ဖြစ်ပြီး ဓာတ်အားစနစ်မှဝေးကွာသော ကျေးရွာများအား ဆိုလာစနစ်ဖြင့် ဖြန့်ဖြူးသွားနိုင်ရန် စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မှူးဦးချစ်ကိုကိုက ပြောသည်။

လိပ်သိုမြို့သည် ၁၉၆၉ ခုနှစ်မှ စတင်ကာ ဒီဇယ်သုံးမီးစက်ဖြင့် မီးအလင်းရောင်ကိုသာ ပေးနိုင်ခဲ့ရာ လက်ရှိ၁၀၀ KVA မီးစက်သည် ဓာတ်အား စိစစ်သုံးစွဲနေရပေသည်။

ယခုလို ဓာတ်အားလိုင်းစနစ်မှ ၂၄ နာရီ မီးသုံးစွဲခွင့်ရပါက အသေးစား စက်မှုလက်မှုလုပ်ငန်းများကိုပါ ဒေသခံပြည်သူများဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ **လိပ်သို(ပြန်/ဆက်)**

ကြော်ငြာ


ဆရာအာသာ **SUCCESS** (မြို့လယ်ကျောင်း)
Language Academy
အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း။
ဖိုလ်တထောင်။ 202046, 392048

သူငယ်တန်းဖြေမှ (၉)တန်းဖြေကလေးများအတွက်
**4-Skill English** (Level 1 to 5)
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March 14 စပါမည်။
သင်တန်းကြေး-၆၀၀၀၀/
ကျောင်းကားစုံစမ်းနိုင်ပါသည်။

၈ တန်းအထောက်အကူပြု
(၆+၇)တန်း
ဖြေဆိုထားသူများအတွက်
**Grammar** သင်တန်းများ ၄၀၀၀၀/

| | | |
|---|---|---|
| 7:30 - 9 | (Mon to Thurs) | Mar 14 |
| 1 - 2:30 | (Mon to Thurs) | Mar 14 |

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု
(၆+၇) တန်းဖြေ - Level 1
(၈+၉) တန်းဖြေ - Level 2
**Letter Writing + Essay**

| | | |
|---|---|---|
| 7:30 - 10:30 | (Sat + Sun) | Mar 12 |
| 12 - 3:00 | (Sat + Sun) | Mar 12 |

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူနှင့်အလုပ်ကောင်းရလိုသူများအတွက်

BASIC ENGLISH SPEAKING

| | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 8 Feb |
| 7:30 - 9 | (Mon ~ Thurs) | 29 Feb |

BASIC FOUR SKILLS ENGLISH

| | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 8 Feb |
| 1 - 2:30 | (Mon ~ Thurs) | 8 Feb |
| 9 - 12:00 | (Sat + Sun) | 13 Feb |
| 10-11:30 | (Mon ~ Thurs) | 15 Feb |
| 6 - 7:30 | (Mon ~ Thurs) | 15 Feb |
| 1:00- 4:00 | (Sat + Sun) | 21 Feb |
| 3:30 - 5 | (Mon ~ Thurs) | 29 Feb |

PRE-INTERMEDIATE (4-SKILL ENGLISH)

| | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 9 Feb |
| 9 - 12:00 | (Sat + Sun) | 13 Feb |
| 7:30 - 9 | (Mon ~ Thurs) | 22 Feb |
| 6 - 7:30 | (Mon ~ Thurs) | 14 Mar |

INTERMEDIATE (ACADEMIC ENGLISH)

| | | |
|---|---|---|
| 1:00 - 4:00 | (Sat + Sun) | 6 Feb |
| 3:30-5:30 | (Mon ~ Thurs) | 22 Feb |

VOCAB ENRICHMENT

| | | |
|---|---|---|
| 9 - 12:00 | (Sat + Sun) | 20 Feb |

BASIC WRITING

| | | |
|---|---|---|
| 10-12:00 | (Mon ~ Thurs) | 23 Feb |

BASIC GRAMMAR

| | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 22 Feb |

*IELTS (Four Skills)*

| | | |
|---|---|---|
| 7:30-9:30 | (Mon ~ Thurs) | 15 Feb |

*IELTS (Speaking)*

| | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 15 Feb |

*IELTS (Reading)*

| | | |
|---|---|---|
| 1 - 3:00 | (Mon ~ Thurs) | 15 Feb |

*IELTS (Writing)*

| | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 15 Feb |

*IELTS (Grammar)*

| | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 8 Feb |

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း။ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING

| | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 15 Feb |
| 1 - 2:30 | (Mon ~ Thurs) | 22 Feb |
| 10-11:30 | (Mon ~ Thurs) | 29 Feb |

PRE-INTERMEDIATE (4-SKILL ENGLISH)

| | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 15 Feb |

INTERMEDIATE (ACADEMIC ENGLISH)

| | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 29 Feb |
| 6 - 7:30 | (Mon ~ Thurs) | 28 Mar |

BASIC FOUR SKILLS ENGLISH

| | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 15,29 Feb |
| 3:30 - 5 | (Mon ~ Thurs) | 15 Feb |
| 2 - 5:00 | (Sat + Sun) | 20 Feb |
| 10-11:30 | (Mon ~ Thurs) | 22 Feb |
| 6 - 7:30 | (Mon ~ Thurs) | 22 Feb |
| 9 - 12:00 | (Sat + Sun) | 27 Feb |

*IELTS (Preparation)*

| | | |
|---|---|---|
| 12:30 - 3:30 | (Sat + Sun) | 6 Feb |

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု
(၈+၉)တန်းဖြေထားသူများအတွက်
**Letter Writing + Essay** သင်တန်းများ ၄၀၀၀၀/

| | | |
|---|---|---|
| 7:30-10:30 | (Sat + Sun) | 12 Mar |
| 7:30-9:00 | (Mon to Thurs) | 14 Mar |

၈ တန်းအထောက်အကူပြု
(၆+၇)တန်း
ဖြေဆိုထားသူများအတွက်
**Grammar** သင်တန်း
12 - 3:00 (Sat + Sun)
March 12 စပါမည်။ ၄၀၀၀၀/



Shwe La Min
ရွှေလမင်း ဆေးရုံ
အလင်းဒါန စက္ခုဒါန အဓိအခဉ်

ရွှေလမင်း မျက်စိအထူးကုဆေးရုံ ( လမ်းမတော် ) တွင်
မျက်စိအထူးကုဆရာဝန်ကြီးများမှ ပထမဦးဆုံးရောက်ရှိသူ
(၃) ဦး ကို အခမဲ့ မျက်စိစမ်းသပ်ပေးပါမည်။

နေ့ရက် ။ ။ ဖေဖော်ဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၂၈ ရက်အထိ
အချိန် ။ ။ တနင်္လာနေ့မှ သောကြာနေ့အထိ (ညနေ ၄:၀၀ နာရီ မှ ၆:၀၀ နာရီ)



လိပ်စာ။ ။ အမှတ် ၁၅ /၁၉(A)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၂၃၀၁၉၄၈ ၊၂၃၀၁၉၄၉
မျက်စိဆေးရုံ
အထွေထွေရောဂါကုဆေးရုံ
သားဖွားမီးယပ်ဆေးရုံ



PUMA®
AIR CENTER

Distributed by
VSK INTERNATIONAL CO.,LTD.

"သင့်ရဲ့စက်ရုံ၊အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းရည်ကိုအမြင့်မားဆုံးဖြစ်စေမည့်
Taiwan မှ တိုက်ရိုက်တင်သွင်းရောင်းချသောအရည်အသွေးအကောင်းဆုံး
PUMA Brand Air Compressor & Air Tools များ"




REFRIGERATED AIR DRYER
Direct Drive Oil-Lube Series
Single & Two Stage Belt Drive Series
Screw Air Compressor & Air Tank

အမှတ် (၄၇ / ၄၉)၊ ဘုန်းကြီးလမ်း အလယ်ဘလောက်၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၃၀၃၀၁၃၊ ၀၁-၂၃၀၃၀၁၄၊ ၀၁-၂၂၅၆၄၈၊ လိုင်းခွဲ- ၂
အမှတ် (A-8G)၊ ၃၀ လမ်းနှင့် ၃၂ လမ်းကြား၊ ၇၇ လမ်း၊ မန္တလေးမြို့။ ဖုန်း - ၀၂-၂၀၂၇၉၊ ၀၂-၃၀၇၉၀-၅ ။

ဆရာဦးမြင့်ဦး (အောင်ပွဲဝင်ရှပဒေဒ) ဦးစီးတည်ထောင်၍ ဆရာမ ဒေါ်မြတ်သီတာဦး နှင့် ဆရာငြိမ်းချမ်းစီစဉ်သည်။ (ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်အမှတ် - ကက - ၁၃/၀၇/၁၇၂)



# ပညာအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း (ဇာတန်းမှ ၁၀တန်းအထိ)
အဆင့်မြင့်ဘော်ဒါနှင့် နေ့တက်ဘော်ဒါ

- ကျောင်းသား/သူများ စိတ်ချမ်းမြေ့စွာ ပညာသင်ယူနိုင်ရန်အတွက် ကျယ်ဝန်းသော မြို့နယ်အတွင်း အဆင့်မြင့်လုံးချင်းတိုက်တွင် (အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်၍) သန့်ရှင်းသပ်ရပ်သော စာသင်ခန်းများ။
- ကျန်းမာပျော်ရွှင်ရေးအတွက် ကျယ်ဝန်းသောကျောင်းဧရိယာအတွင်း ဘက်စုံကစားကွင်း။
- သင်ကြားလေ့ကျင့်ရေးအတွက် ဝါရင့်ကျွမ်းကျင်သော ဆရာကြီးများ၊ ကထိက(ငြိမ်း)များ၊ အထက်တန်းပြ/အလယ်တန်းပြ(ငြိမ်း) ဆရာ/ဆရာမကြီးများ။
- ဘော်ဒါဆောင်နေမည့်ကျောင်းသား/သူများအတွက် အဆင့်မြင့်ပြင်ဆင်ထားသည့် တိုက်သစ်များတွင် လေအေးပေးစက်တပ်ဆင်ထားသော အိပ်ခန်းများ။
- မိဘနှင့် ခွဲမအိပ်နိုင်သော ကျောင်းသား/သူများအတွက် နေ့တက်ဘော်ဒါ။
- အငြမ်းတန်း (Grade-9) နှင့် တက္ကသိုလ်ဝင်တန်း (Grade-11) တန်းခွဲများအားလုံး အောင်ချက်မြင့်မားရေးနှင့် ထူးချွန်ကျောင်းသားများ ထွက်ပေါ်ရေးအတွက် အထူးစနစ်တကျကြပ်မတ်သင်ကြားလေ့ကျင့်မှုများ။ ၅ မှ ၇ နှင့် ၉ တန်း တန်းခွဲများအား အခြေခံခိုင်မာရေးနှင့် ဘက်စုံဖွံ့ဖြိုးရေး (English 4 Skills, Computer, Music, Sports) အတွက် စီစဉ်သင်ကြားမှုများ•••• စသည့် စသည့် စီစဉ်ဆောင်ရွက်မှုများနှင့်အတူ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းသား/ကျောင်းသူများကို စတင်လက်ခံနေပါပြီ။
- လူငယ်ရေးအကန့်အသတ်ဖြင့်သာ (ပညာအောင်မြေ၏ စည်းကမ်းကို လိုက်နာနိုင်သော ကျောင်းသား/သူများ) လက်ခံသောကျောင်းဖြစ်ကြောင်း မိဘအုပ်ထိန်းသူများ သိရှိပြီးဖြစ်ပါသည်။
- ကိုယ်ပိုင်ကျောင်းနှင့် ဘော်ဒါဆောင်သို့ မိဘ/အုပ်ထိန်းသူနှင့် ကျောင်းသား/သူကိုယ်တိုင် လာရောက်စုံစမ်း၍ စည်းကမ်းလိုက်နာနိုင်ပြီး ယုံကြည်စိတ်ချ စိတ်တိုင်းကျမှ အပ်နှံပါ။
- အစိုးရအထက်တန်းကျောင်းနှင့် စာသင်ဝိုင်း တွဲဖက်တက်ရောက်လိုသော ကျောင်းသား/သူများအနေဖြင့် ပညာအောင်မြေ၏ မိခင်ကျောင်းဖြစ်သော "အောင်မြေ" ပညာသင်ကျောင်းသို့ စုံစမ်းအပ်နှံနိုင်ပါသည်။

"ပညာအောင်မြေ"၏ မျှော်မှန်းချက်
စိတ်ဓာတ်-စည်းကမ်း-ပညာ ဖွံ့ဖြိုးသော
နိုင်ငံသားကောင်းလူငယ်များ
ပြုစုပျိုးထောင်ပေးနိုင်ရမည်

ကျောင်းကား ရှိသည်

အုပ်ချုပ်ရေး လယ်ပြ/ထက်ပြ သင်ကြားရေး ဆရာ/ဆရာမများ (Study Guide) နှင့် အဆောင်မှူး (ကျား/မ) ရာထူးများအတွက် အလုပ်လျှောက်ထားနိုင်သည်။

ကျောင်းတည်နေရာ | အမှတ်(၄၇၆-A) မြလေးရှုလမ်းနှင့် ဒဂုံလွင်လမ်းထောင့်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-25 222 9991, 09-25 222 9992, 09-25 222 9993, 09 730 33212


**ပြင်ဆင် ဖတ်ရှုပါရန်**

၄-၂-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၈ ပါ ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)၏ အများသိစေရန် ကြေညာချက် အပိုဒ်-၂၊ စာကြောင်းရေ -၃ ပါ (ကျွန်ုပ်မိတ်ဆွေများ၏မိခင်)နေရာတွင် (ကျွန်ုပ်မိတ်ဆွေများ၏အဘွား)ဟု ပြောင်းလဲပြင်ဆင် ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။


RIVER SAMON INSTITUTE OF MANAGEMENT
RSIM

# MBA

**RIVER SAMON INSTITUTE OF MANAGEMENT နှင့် ပြင်သစ်နိုင်ငံတွင် Ranking (4)ရှိ IPE Management School, Paris တို့ပူးပေါင်းဖွင့်လှစ်သည်။**

## ဘာကြောင့် IPE MBA ကိုတက်ရောက်သင့်သလဲ

* IPE Management School Paris သည်ပြင်သစ်အစိုးရ၊ အဆင့်မြင့်ပညာရေး (Level 1) အဖွဲ့အစည်း၏ အသိအမှတ်ပြုကျောင်းဖြစ်ခြင်း၊
* French National Commission for Professional Certification -Commission Nationale de la Certification Professionnelle (CNCP) အသိအမှတ်ပြုခြင်း၊
* Commission Nationale Européenne de Certification (CEC) အသိအမှတ်ပြုခြင်း၊
* National Academic Recognition Information Centre (NARIC) UK အသိအမှတ်ပြုခြင်း၊
* ပြင်သစ်နိုင်ငံတွင် အဆင့် (၄) ရှိခြင်း၊
* မိမိကြိုက်နှစ်သက်ရာ အထူးပြုဘာသာရပ်ကိုရွေးချယ်တက်ရောက်နိုင်ခြင်း
* ဥရောပနှင့် အမေရိကနိုင်ငံများက မြန်မာပြည်သို့ စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လာပါက ဥရောပနှင့် အမေရိကအသိအမှတ်ပြု ကျောင်းဖြစ်ခြင်းတို့ကြောင့် ရွေးချယ်တက်ရောက်သင့်ပါသည်။



မြန်မာကျောင်းသားများအတွက်
အထူးဈေးနှုန်းဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။
USD 6,000
Enroll Now! for Feb Intake
09-777793614
09-777793615
@Myanmar Campus

No.(8), 5th Floor, Room(#506), Pan Chan Tower, Bargayar Road, Myaynigone, Sanchaung Tsp, Yangon, Myanmar.
Email: info@riversamon.com, Website: http://www.ipe-paris.fr



# MIC
# Myanmar Imperial College

edexcel
Approved Centre No. 93679



| တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက် | | မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက် | |
|---|---|---|---|
| HND | Business<br>Advertising & Branding<br>Hospitality & Tourism | MBA | Master of Business Administration |
| BA | Business & Management<br>Marketing Management<br>Tourism Management | DBA | Doctor of Business Administration |

+ ဗြိတိန်နိုင်ငံ University of Northampton မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာအသိအမှတ်ပြု Diploma, Bachelor နှင့် Master Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေးပညာရှင်များ
+ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းဝင်း
+ အဆင့်မြင့် Library နှင့် Facilities များ

THE UNIVERSITY OF NORTHAMPTON

March Intake!
09 732 10001 / 09 4211 00222
အမှတ် (၁) ဈေးပြောက်လမ်း၊ (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။



သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်
YOUR INDUSTRY, YOUR DIRECTORY

MYANMAR Automobile EQUIPMENT DIRECTORY
www.myanmarautomobiledirectory.com



ကား Show Room များ၊ ကားပစ္စည်းအရောင်းဆိုင်များ၊ ကားအငှားဝန်ဆောင်မှုလုပ်ငန်းများ၊ Service center များ၊ ဝပ်ရှော့များ၊ ကားနှင့်ပတ်သက်သောလုပ်ငန်းမျိုးစုံကို တစ်နေရာထဲတွင်ရှာဖွေနိုင်သော မြန်မာ့ကားနှင့် အပိုပစ္စည်းလမ်းညွှန်

၂၀၁၆ အတွက် ကြော်ငြာထည့်သွင်းလိုပါက

■ YANGON
Sale: 09 44800 1662
Tel: 373254, 245358 Ext: 810-819
Email: ydg.adv@gmail.com

■ MANDALAY
Sale: 02 4000611
Tel: 02 4000612, 614, 615, 616
Email: mdg.adv@gmail.com




ယနေ့ခေတ်တွင် Flavour ဟုခေါ်သော
အရသာတုများကို အစားအသောက်များတွင် ထည့်သွင်းလာကြပါတယ်။
ဒီတော့ ကျန်းမာရေး အတွက် မကောင်းဘူးပေါ့...။
သောက်သုံးသူ မိဘပြည်သူများ ယုံကြည်စိတ်ချစွာသောက်သုံးနိုင်ရန်
ဓါတုပစ္စည်း အရောအနှော လုံးဝမပါဝင်တဲ့...

ရင်တုန်ကင်းဝေး ... ဆိမ့်သက်လေးမို့ လူတိုင်းရင်မှာ
**Gold Roast** ပါ။

www.facebook.com/GoldRoastMyanmar



မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ ထောက်ခံချက်လက်မှတ်ရ
ယုံကြည်အားကိုး
RAINBOW
မီးသတ်ဆေးဗူး




အပေါ့စားမီးသတ်စက်များ
ဂိုဒေါင်များ၊ စက်ရုံအလုပ်ရုံများ၊ ဈေးများ၊ ဆီဆိုင်များ၊
ရပ်ကွက်ကျေးရွာများအတွက် အထူးသင့်လျော်သည်။




ရန်ကုန် - တိုက်(D)၊ မြေညီထပ်၊ ဗန္ဓုလတိမ်ရာ၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၈၆၁၀၄၃၃၊ ၀၉-၄၄၀၄၄၀၅၅၁၊ ၀၉-၄၄၀၄၄၀၅၅၂၊ ၀၉-၂၅၀၂၁၆၁၃၄
မန္တလေး - (၂၂)လမ်းနှင့် (၉၀)လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၄၀၆၆၆၆၇၉၊ ၀၉-၄၄၀၆၆၆၆၉၇



**ဆင်းရဲခြင်းလွတ်ကင်းအောင်လမ်းပြဆောင်ပါမည်**

**နဂါးနီအလုပ်အကိုင်အခွင့်အလမ်းရရှိရေးအစီအစဉ်**

**မော်တာအထည်ချုပ် အခမဲ့ သင်တန်း**

(၁၉-ကြိမ်မြောက်သင်တန်း)

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်အတူ မြန်မာအထည်ချုပ်လုပ်ငန်းများတွင် စက်ချုပ်ဝန်ထမ်းများမြောက်များစွာလိုအပ်လျက်ရှိပါသည်။
လူတိုင်းအလုပ်အကိုင်ရှိပါမှတိုင်းပြည်ဓါစီးပွားရေးဖွံ့ဖြိုးမှုကိုအထောက်အကူပြုစေပါမည်။ အသက်(၁၅)နှစ်မှ(၃၅)နှစ်အတွင်း၊ ကျန်းမာရေးကောင်းသူ၊ မူလတန်းပညာအဆင့်မှ တက္ကသိုလ်တွဲ့ရပြီးအထိ၊ စက်ချုပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူ၊ အလုပ်လုပ်လိုသူ မြန်မာအမျိုးသမီးများအတွက် ရည်ရွယ်၍ဖွင့်လှစ်ပါသည်။

မီဒီယာ နှင့် Fcebook မှလည်းလူတိုင်းသိရှိရန်ကူညီဆောင်ရွက်ပေးကြပါရန်

သင်တန်းကာလမှာ(၁၅)ရက်ဖြစ်ပြီးတက်ရောက်လိုသူများသည်လိုင်စင်ကာလာဓါတ်ပုံ(၂)ပုံနှင့်ကြော်ငြာသည့်နေ့မှစ၍ (၂)ပတ်အတွင်းအောက်ပါနေရာတွင် လျှောက်ထားနိုင်ပါသည်။

**ဖေဖော်ဝါရီလ(၁၅)ရက်နေ့စတင်မည်**

**သင်တန်းချိန် - တစ်နေ့(၂)နာရီ၊ နေ့ခင်း - တန်းခွဲ(၃)ကြိမ်**

မည်သည့်အကြောင်းပြချက်နှင့်မျှ အခကြေးငွေတစ်စုံတစ်ရာကောက်ခံခြင်းမရှိပါ။

...မှတ်(၃၇)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၅၃၃၄၈၆၄၆၊ ၀၉-၂၅၄၂၉၅၀၄၃၊ ၀၁-၃၈၀၅၈၁၀၁-၃၈၀၅၇၈

နဂါးနီသင်တန်းအောင်မြင်သူများအား အလုပ်ရရှိစေရန်ကိုလည်း အခမဲ့ စီစဉ်ဆောင်ရွက်ပေးပါသည်။


**ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်**

ဒေါ်ယုဇာဝေ(ဘ)ဦးဝေ[၁၂/မရက(နိုင်)၀၈၁၅၅၉]မှ ဒေါ်ဖြူလှဝင်း(ဘ) ဦးဝင်းဖေ[၁၂/မရက(နိုင်)၀၈၁၉၀၂]နှင့် ဒေါ်သီဂီဝင်း(ဘ)ဦးဝင်းဖေ[၁၂/မရက(နိုင်)၀၈၁၉၂၃]တို့အား ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၅-၅-၂၀၁၅ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၅၂၂၅ ဖြင့် လွှဲအပ်ထားသောကိုယ်စားလှယ်လွှဲစာကို ၈-၂-၂၀၁၆ရက်မှစ၍ ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယုဇာဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ **(LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၅၁၈၁၈၂၀


**ဒေါ်နန္ဒာလှဲ့ရည် B.A(Eng)**

အင်္ဂလိပ်စာ အထူးသင်တန်းများ (၈ တန်း၊ ၉ တန်း၊ ၁၀ တန်း)
မတ်လ (၃) ရက်နေ့စမည်။
အမှတ် (၃၂)၊ သင်္ဂဟာလမ်း၊ ဂုဏ္ဍာ(A)၊ ကျောက်မြောင်း၊ တာမွေ။
Ph : 09 - 32027985



100% သံချေးမတက်သည့် Stainless Steelဘလိတ်ဓားသွားဆူးကြိုးများကို
**စော်ဘွားလေးမိုလ်မိုလ်မောင်ကုမ္ပဏီလီမိတက်မှ** ဈေးနှုန်းချိုသာစွာ
ဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph : 01-545531,01-8603141,09-5008161

အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ ပြည်လမ်းမ၊ (၉)မိုင်၊ မရမ်းကုန်း။
Ph : 01-656521, 09-421024731, 09-421024741

အရောင်းခန်းမ(၃) - အဆောင်(၁၁၇)၊ အခန်း(၅)၊ ကျောက်စိမ်း(၆)လမ်း၊ ကမ္ဘာ့ရတနာဘဏ်ဘေးစော်ဘွားကြီးကုန်းကားဝင်း၊ အင်းစိန်မြို့နယ်။
Ph:01-642748, 09-421024711,09-421024811


**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၄၃၄)၊ အကျယ်အဝန်း(၄၀'×၆၀')ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရိပ်သာ(၂)လမ်း၊ အမှတ်(၁၆)ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ချိုချို(၁၂/လမတ(နိုင်)၀၁၂၈၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်မာဆွေ (LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၉၈)
အခန်းအမှတ် (၁၀၃/အေ+ဘီ)၊ တိုက်အမှတ် (၉/၁၁) ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၃၈၉၇၄၊ ၀၉-၃၀၂၀၇၀၅၈

ကြော်ငြာ


စိတ်အချရဆုံး ... QUALITY & PRICE GUARANTEED!
ဝင်းစတား
နေကာ-ပါဝါ-မျက်မှန်
မျက်ကပ်မှန်
ORIGINAL BRANDED များကို ပစ္စည်းမှန် ဈေးနှုန်းမှန် အာမခံ ရောင်းချပေးသည်
No. 186/188၊ ရွှေဘုံသာ (အလယ်လမ်း)၊ ရန်ကုန်မြို့။ ☏- 01.246258 Ext ; 103, 105. www.facebook/winstar.com

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)**

**စစ်ရေးချုပ်(ငြိမ်း)**

**အသက်(၈၀)**

ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)

သီတင်းကျွတ်အခါသမယ နှစ်စဉ်ကန်တော့နေကျ ဆရာသမားတိမ်းပါးခဲ့ရပြီ။ "မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်" ဆိုစကား ဘယ်သောအခါမျှ မပြောဆိုလိုသော်လည်း ပြောဆိုခဲ့ရပြီ။

ပြောဆိုရင်းက ဓမ္မသံဝေဂရယူ သတိဉာဏ်ကူကာ နှလုံးသွင်းနေကျ မရဏာနုဿတိဘာဝနာ ပိုမိုပွားများဖြစ်ခဲ့ပြီ။ ကျေးဇူးရှင်အာစရိယ၏ ဘဝသံသရာခရီးလမ်း ဖြောင့်တန်းချောမွေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း –

ပြုခဲ့သမျှ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အစုစုကို ဆရာသမားသွားရာလမ်းကြောင်းအတွက် အထောက်အပံ့ကောင်းတစ်ခုအဖြစ် အမျှပေးဝေလိုက်ရပါသည်။

မြသန်းစံ(အပ္ပမာဒဓမ္မရသမဏ္ဍဇင်း)

## မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း

Asian Fame Media Group ၏ CEO ဒေါ်နန်းကလျာဝင်း၏ ကျေးဇူးရှင်မွေးသဖခင် ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) အသက်(၈၀) စစ်ရေးချုပ်(ငြိမ်း)၊ ကြည်း ၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)သည် ၆-၂-၂၀၁၆ရက် ထိုင်းစံတော်ချိန် ညနေ ၄း၅၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Asian Fame Media Group မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာဦးသစ်လွင်**

**ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

**ပါမောက္ခ/ဌာနမှူး၊ အရိုးရောဂါပညာဌာန(ငြိမ်း)**

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

**အသက် (၆၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ (၇)ရပ်ကွက်၊ သလ္လာဝတီလမ်း၊ အမှတ်-၉(ဇ)၂နေ ဒေါ်မြတ်အေးချမ်း(ခ)ဒေါ်မြင့်မြင့်အေး၏ချစ်လှစွာသောခင်ပွန်း ပါမောက္ခဒေါက်တာဦးသစ်လွင် အသက် (၆၂) နှစ်သည် ၉-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်**

**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာဦးသစ်လွင်**

**ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

**ပါမောက္ခ/ဌာနမှူး၊ အရိုးရောဂါပညာဌာန(ငြိမ်း)**

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

**အသက် (၆၂) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ (၇)ရပ်ကွက်၊ သလ္လာဝတီလမ်း၊ အမှတ်-၉(ဇ)၂နေ ဒေါ်မြတ်အေးချမ်း(ခ)ဒေါ်မြင့်မြင့်အေး၏ချစ်လှစွာသောခင်ပွန်း ပါမောက္ခဒေါက်တာဦးသစ်လွင် အသက် (၆၂) နှစ်သည် ၉-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာဇော်ဝေစိုးနှင့် ဒေါက်တာနွယ်နီအောင်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်းကြည် (၁၀၁)နှစ်၊ လွတ်လပ်ရေးကြိုးပမ်းဆု**

**(မြင်းခြံမြို့နယ်အသင်း (ရန်ကုန်)၏ အသက်အရှည်ဆုံး ပူဇော်ကန်တော့ခံအဖွား)**

ဒေါက်တာဦးတင်ဟိန်း၊ ဒေါ်တင်တင်သန်းတို့၏မိခင် မြင်းခြံမြို့နယ်အသင်း (ရန်ကုန်)၏ အသက်အရှည်ဆုံး ပူဇော်ကန်တော့ခံအဖွား ဒေါ်သန်းကြည် (၁၀၁)နှစ်သည် ၆-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

**မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးအုံးမောင် (B.Sc.,BL)**

**အသက်(၈၃)နှစ်**

**တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်(တောင်သာ)**

ဦးစိုးညွန့် (Royal Princes Transportation Group Co., Ltd, Managing Directro)-ဒေါ်မိုးမိုးညွန့်၊ ဦးတင်မောင်ခိုင်(Director)-ဒေါ်စန္ဒာအုံး၊ ဒေါ်ကေသီအုံးတို့၏ဖခင်သည် ၉-၂-၂၀၁၆ရက် နံနက် ၄း၃၅နာရီတွင် ဝိတိုရိယ ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Royal Princes Transportation Group Co., Ltd**

**Loyal Friends Co., Ltd**

**The Luckylink Construction Co.Ltd မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဦးထွန်းမြင့်၊ ဦးတင်မြင့်၊ ဒေါ်ခင်စိန်၊ မထိုက်၊ မသိမ့်၊ ကိုဦး၊ ကိုနိုင်တို့၏ အစ်မကြီး၊ ကိုမြင့်ထွန်း၊ မခိုင်တို့၏မိခင်ကြီး ဒေါ်ခင်မြင့် အသက် (၇၂)နှစ်သည် ၉-၂-၂၀၁၆ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်တင်တင်လှိုင်**

**(CEO Managing Director)**

**HIGH TECH Princess Co., Ltd.**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ထိုက်ရှိုး[၁၂/ဒလန(နိုင်) ဝ၆၈၈၁၄]၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-963800)မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၃၄၃၅၈၆၇**

## အထူးကျေးဇူးတင်ရှိခြင်း

**ဒေါ်တင်မြင့် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)**

**အထက(၁) ဒဂုံ**

**အသက်(၉၆)နှစ်**

၂၂-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားသော မိခင်ကြီးဒေါ်တင်မြင့်ကို အထူးဂရုစိုက်ကုသပေးခဲ့ကြသော ဝိတိုရိယဆေးရုံ၊ နှလုံးရောဂါအထူး ကြပ်မတ်ကုသဆောင် (ရန်ကုန်ဆေးရုံကြီး)မှ ပါမောက္ခများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ နာရေးကိစ္စတွင် ကူညီဆောင်ရွက်ပေးခဲ့သော EON ကုမ္ပဏီ မှ ဒါရိုက်တာများ၊ ရုံးသူရုံးသားများ၊ ဝန်ထမ်းများ၊ ဆေးတက္ကသိုလ်(၁)နှင့် (၂) သားဖွားမီးယပ် ပညာဌာနမှ ပါမောက္ခများ၊ ဆရာဝန်များ၊ ဝန်ထမ်းများ၊ အမှုထမ်းများ ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ စာလွှာဖြင့်သော်လည်းကောင်း ဝမ်းနည်းကြောင်း ပြောကြားပေးသော မိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ညွန့် (တွံတေး) (၈၉)နှစ်**

ဦးမင်းအောင်သန်း (ညွှန်ကြားရေးမှူး၊ ဒီဇိုင်းပုံထုတ်၊ ငြိမ်း)-ဒေါ်အေးအေးမြင့် (ညွှန်ကြားရေးမှူး၊ ငွေစာရင်း၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကြည်ညွန့် (တွံတေး) အသက် (၈၉) နှစ်သည် ၉-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၆း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူး(ငွေစာရင်း)နှင့် ငွေစာရင်းဝန်ထမ်းများ**

**ဆည်မြောင်းဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ဝင်း (မော်လမြိုင်)**

**အသက် (၆၈)နှစ်**

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မေခဆောင်ကျောင်းသားဟောင်း ဦးကျော်ဇင်ဦး (၉၄-၉၅)၏မိခင် ဒေါ်ခင်ဝင်း (၆၈)နှစ်သည် ၇-၂-၂၀၁၆ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မေခဆောင်ဖောင်ဒေးရှင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်ကျော်စိန် (AGTI -EC)**

**အငယ်တန်းအင်ဂျင်နီယာ (၂)၊ ပေါင်/အော်တိုအိတ်ချိန်း**

**အသက် (၄၉) နှစ်**

ဒေါ်စန်းစန်းအေး (အငယ်တန်းအင်ဂျင်နီယာ-၂၊ တာဝန်ခံ၊ ဇင်းကျိုက် အိတ်ချိန်း)၏ ခင်ပွန်း ဦးအောင်ကျော်စိန်သည် ၉-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**94 (EC) Mdy သူငယ်ချင်းများ**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂-မြောက်ရပ်ကွက်၊ အနော်မာလမ်း (၂၀)အနောက်၊ အမှတ်(၂၅)နေ (အဖ)ဦးမြင့်လွင်၏သားဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးလင်းထိန် [၁၂/သကတ(နိုင်)၁၁၉၉၀၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေ ဦးလင်းထိန်နှင့် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂-မြောက်ရပ်ကွက်၊ သဒ္ဒါရုံ(၅)လမ်း၊ အမှတ်(၆၁၂/က)နေ (အဖ)ဦးတင်ကြည်၏ သမီးဖြစ်သူ မဌေးဌေးမြင့်(ခ) ဗေဒါတို့သည် ၁၆-၅-၂၀၁၅ရက်တွင် လင်မယားအဖြစ် မင်္ဂလာဆွမ်းကျွေး ညှော်ခံပွဲပြုလုပ်၍ လက်ထပ်ထိမ်းမြားခဲ့ကြပြီး မဌေးဌေးမြင့်(ခ) မဗေဒါသည် (၁၁-၁၀-၂၀၁၅) ရက်တွင် မိမိသဘောအလျှောက် နေအိမ်မှ ဆင်းသွားပါသဖြင့် မဌေးဌေးမြင့် (ခ) မဗေဒါအား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ နောက်နောင် မဌေးဌေးမြင့်(ခ)မဗေဒါနှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**


**(ဒေါ်တင်သိန်းဝေ) (အယ်လ်အယ်လ်ဘီ)** (စဉ်-၄၀၉၆၃)
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၄၈၀၃၉၀၅၈**

**(ဒေါ်မြမြဝင်း) (အယ်လ်အယ်လ်ဘီ)** (စဉ်-၂၀၃၂၃)
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၂၁၀၃၇၈၂၆**
**အမှတ်(၁၀၈၀/က)၊ ဇေယျာမြိုင်လမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

မိတ်ဆွေတို့ရဲ့အားလပ်ရက်တွေကို ငွေဆောင်ကမ်းခြေမှာ
ဈေးနှုန်းသက်သာစွာနဲ့အပန်းဖြေကြရအောင် . . .

ငွေဆောင်ရဲ့ လှပတဲ့ဓါတ်ပုံလေးတွေကို ကြည့်ရှုခံစားဖြီးဟိုတယ်များရဲ့
အထူးဈေးနှုန်းတွေနဲ့ ရောင်းချတဲ့
ဈေးရောင်းပွဲတော်နှင့် ဓါတ်ပုံပြပွဲကို ကြွရောက်ခဲ့ဖို့ ဖိတ်ခေါ်ပါရစေ . . .

နေ့ရက် ✳ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃) နှင့် (၁၄)ရက်၊
အချိန် ✳ နံနက် (၉:၀၀)နာရီ မှ ညနေ (၅:၀၀)နာရီထိ
နေရာ ✳ ၄ လွှာ၊ ဒဂုံစင်တာ (၂)


ထွန်းတေဇာ
ထွက်ပြီ
သိုက်နန်းရှင်မိန်းကလေး
နှင့်
အချစ်စစ်၏အနှတ်ထောင့်ငါးရာ
အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
ဖုန်း – ၀၉ ၇၃၁ ၇၁၃ ၈၃၊ ၀၉ ၄၂ ၁၀၅၆၃၅၄

ဦးစန်းလွင်(တရားလွှတ်တော်ရှေ့နေ)ပြုစုသော
(၁) "နိုင်ငံခြားရှေ့နေရုံး (Foreign Law Firm)"စာအုပ်နှင့်
(၂) "မြန်မာနိုင်ငံပြန်တမ်းပေါင်းချုပ် (ဥပဒေရေးရာ) (၁၉၆၂-၁၉၇၃)"
စာအုပ်ထွက်ပြီ။
ရန်ကုန်မြို့တွင် စာပေဗိမာန်၊ အင်း၀၊ ပန်းဆိုးတန်းလမ်း၊ ခရေဖူး၊ ရှုတိုင်းယဉ်၊ စာနယ်ဇင်းစာအုပ်ဆိုင် ၊ နေပြည်တော်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးစာအုပ်ဆိုင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စာအုပ်ဆိုင်၊ မြို့မဈေးရွှေမင်းသား၊ ရွှေရည်ဝင်းစာအုပ်ဆိုင်များ၊ မန္တလေးမြို့တွင် နဂါးစာပေ၊ ညိုစာပေတို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၇၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph : 09-5425251, 09-73225484

သူရိယ
ထွက်ပြီ
မဂ္ဂဇင်း
မြန်ရိုးရာ ပညာရှင်အောင် ၁၁၁-၂၅၁၆၉ စာဦးစာပေ မန္တလေး ထွန်းဦးစာပေ
၂၀၁၆၊ မတ်လ
အတွဲ(၁၆)အမှတ်(၃)
မဟာဗောဓိမြိုင်ဆရာတော်ကြီးရေးသားတော်မူသည့် သုစိမ်း အသစ်တစ်ဖန်ပြန်လည်ပြုပြင်မွမ်းမံရာမှ ရေးဟောင်းဌာနတော်များပြောက်ပြားစွာ တွေ့ရသောညောင်ရမ်းရွှေစည်းခုံစေတီတော်၊ ဆရာတော်အရှင်ဇနကာဘိဝံသနှင့်ရှုရှားပါရဂူနှစ်ဦး ကျပင်းမြို့ကြောင်းမျက်မှာဘုရားနဲ့မောင်တင့်တယ်ရဲ့မျိုးဆက်များ။ ရွှေဘိုမြို့ကိုစောင့်ရှောက်နေကြသောနတ်မင်းကြီးကိုးပါး ရွှေကံကူလေပြည်စံတော်ရပ်ရင်တော်မြတ်၏ မော်လမြိုင်-ဘားအံ-သာမညဒေသစာရီ ခရီးစဉ်၊ မဟိဒ္ဓိထိပ်ခေါင်အဘအောင်မင်းခေါင်အောင်ဓာတ်ကိန်းရာစဉ့်မြင့်ရွာ၊ တွံတေး ဖောင်းတော်ချုပ်ဆရာတော်ကြီးအမှတ်တရ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှထူးခြားမှုမြေပ်ကျိုက္ကလော့စေတီတော်၊ ကလေးငယ်များအပယ်မိခဲ့သော ရဟန္တာပြောက်ဘက်မှကန်၊ ရှေးမြန်မာမင်းတို့၏အတုယူဖွယ်ရာသာသနာပြုနည်းတစ်မျိုး၊ လယ်တီဘာတိမာန်နိမိတ်ထူးများ၊ ဂုဏ်ဆိုနှင့်ရတနာသုံးပါးအကျိုး၊ ထီကရုံးသုပ်နှင့်လိပ်ခေါင်း၊ လေဖြန်း၍လျှာခိုင်နေခဲ့သော၊ ငန်းမြွေနှင့်ပင်ကူထိပ်ပိတ်၊ ခွေးရူးသားခွေးကောင်းလား၊ ဝရဲပြည်မှတမန်တော်များလောနဂါးငွေတန်းကျွန်းပျောက်ကြီး၊ ဗုဒ္ဓဘုရားနှင့်မှန်တိုင်းကြားကာသဘောသားများ၊ သေမင်းနှင့်စစ်ခင်းခြင်း၊ သို့မဟုတ် သေရှာမှပြန်လာသူ၊ ထူးဆန်းသောအဓိဋ္ဌာန်ကျောက်တုံးလေး၊ ဝမ်းတွင်းစုန်း၊ ဘီလူးစီးတဲ့လက်၊ တားရှော့ဖြန့်ခင်းပုံနည်းစနစ်၊ ချမ်းသာတန်ခိုးအာဏာလိုရာရစေနိုင်သောအဆောင်နှင့်ကျင့်စဉ်၊ စာမေးပွဲဖြေဆိုကြမယ့်ကလေးများအတွက်အောင်ပွဲဝင်အစီအရင်၊ ဆုံစည်းခြင်းသုရဋ္ဌလက်ဆောင် စသည်တို့ဖြင့်ဆိုင်တိုင်းတွင်ရပါပြီ။



